# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၉ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၁၉)

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

နေပြည်တော် မေ ၈

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင် ၃၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းက COVID–19 ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Coronavirus ပိုးတွေ့လူနာများ လက်ခံကုသပေးရန် နေရာပြင်ဆင်ထားရှိမှုနှင့် ကုသရေးအဖွဲ့ငယ်များ ဖွဲ့စည်းထားရှိမှု၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးသင်တန်းများပေးနေမှု၊

*စာမျက်နှာ ၃ ကော်လံ ၁* ❋





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

**"တစ်ဦးချင်းတစ်ဦးချင်း မိမိတာဝန် မိမိ ကျေပွန်မည်ဆိုလျှင် မည်သည့်ပြဿနာမှ ရှိမည်မဟုတ်ပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်းက တာဝန်ကျေမည်ဆိုလျှင် COVID-19 သည် မည်မျှကြီးမားသည့် စိန်ခေါ်မှုဖြစ်ဖြစ်၊ မည်မျှ ရှုန်းကန်ရ၊ ရှုန်းကန်ရ ကျော်လွှားနိုင်မည်ဖြစ်"**

**ကိုဗစ် - ၁၉ ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသော်လည်း ဥရောပတွင် ဒုတိယကမ္ဘာစစ်အောင်မြင်သည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ** (စာ ❖ ၁၃)

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** (၈-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀)နာရီ (စာ ❖ ၁၆)



မြန်မာ့အလင်း

# ဗိုင်းရပ်စ်ကာကွယ်မည့် နှာခေါင်းစည်း ရေရှည်သုံးစွဲနိုင်ရန် ကိုယ်တိုင်ထုတ်လုပ်

ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူများတွင် ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲတွေ့ရှိမှုတို့ များပြားလာသည်။ ပြည်တွင်းကူးစက်မှု များပြားလာရခြင်း၏ အကြောင်းရင်းက ရောဂါကာကွယ်ရေး ဆိုင်ရာ အကြံပြုလမ်းညွှန်ချက်များကို အလေးမထား၊ မလိုက်နာ ခြင်း၊ ရောဂါအပေါ် ပေါ့ဆစွာ သဘောထားကြခြင်းကြောင့်ပင် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်စွဲကပ်နေသော်လည်း ရောဂါ လက္ခဏာမပြသူများမှာ လူကောင်းပကတိအတိုင်း အများပြည်သူ ကြားတွင် လှုပ်ရှားသွားလာမှု အရေအတွက် မည်မျှရှိနေမည်လဲကို မည်သူမျှ မသိနိုင်။ လောလောဆယ်တွင် ဓာတ်ခွဲခန်း အတည်ပြု လူနာများကိုအခြေခံ၍ ဆက်စပ်သူများကို ခြေရာကောက် ဖော်ထုတ်ကာ အသွားအလာကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ် ခြင်းမှ ရောဂါပိုးတွေ့ရှိလူနာများကို ဖော်ထုတ်နေခြင်းဖြစ်ပြီး ကန့်သတ်စောင့်ကြည့်မှုမှ လွတ်နေသူက လွတ်နေနိုင်သေးသည်။

မည်သို့ပင်ဖြစ်စေ ကိုဗစ်-၁၉ ကူးစက်မခံရရေးအတွက် နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေရန်၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေထက်မနည်း အကွာအဝေးမှသာ ပြောဆိုဆက်ဆံရန်၊ ဝိုင်းဖွဲ့စကားပြောဆိုခြင်းနှင့် လူစုလူဝေးတို့ကိုရှောင်ကြဉ်ရန်၊ မကြာခဏ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောရန်နှင့် ပြင်ပသို့သွားသည့်အခါတိုင်း နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မီဒီယာ နည်းလမ်းမျိုးစုံဖြင့် အသိပညာပေးလျက်ရှိရာ လိုက်နာကျင့်သုံးကြ သည်နှင့်အမျှ မိမိအတွက်ရော အခြားသူများအတွက်ပါ အကျိုး ဖြစ်စေမည် ဖြစ်သည်။

ကိုဗစ်-၁၉ သည် ကူးစက်မှုလျင်မြန်သည့် ကပ်ရောဂါဖြစ်ပြီး မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်ဟူသော မျက်နှာပေါ်တွင်ရှိသည့် ဒွါရတို့မှ ဝင်ရောက်ကူးစက်ကြခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကို ရောဂါပိုးဟူ၍ အများနားလည်အောင် အလွယ်ပြောရသော် လည်း စင်စစ်အားဖြင့် သက်ရှိပိုးမွှားမျိုးမဟုတ်။ မိမိဘာသာ ကြာကြာမရပ်တည်နိုင်။ မျိုးမပွားနိုင်။ ရောဂါပိုးရှိနေသူ စကား ပြောဆိုသည့်အခါ၊ အသက်ရှူထုတ်သည့်အခါ၊ နှာချေ ချောင်းဆိုး သည့်အခါ ရေငွေ့ကဲ့သို့သော အခိုးအငွေ့၊ အမှုန်အမွှားများနှင့် အတူ ဗိုင်းရပ်စ်ပိုးက ပြင်ပသို့ထွက်လာသည်။ အဲကွန်းခန်း၊ လေလုံခန်းများတွင် လေထဲ၌ မိနစ်တော်တော်ကြာ လွင့်မျောနေ သည်။ အချို့ ဗိုင်းရပ်စ်များက အောက်သို့ကျသည်။ အချို့ဗိုင်းရပ်စ် များကလည်း လူတို့အထိအကိုင်များသည့် အရာဝတ္ထုများနှင့် နေရာများတွင် အချိန်တော်တော်ကြာအောင် ကပ်ငြိတည်ရှိနေ သည်။ အရွယ် အစားအားဖြင့် ၁၂၅ နာနိုမီတာမျှသာရှိသည်ဆိုသည့် ကိုရိုနာ ဗိုင်းရပ်စ်ပိုးကို သာမန်မျက်စိဖြင့် မည်သူမျှ မမြင်နိုင်။ ၁ နာနိုမီတာသည် တစ်မီတာ၏ သန်း ၁၀၀၀ ပုံလျှင် ၁ ပုံသာ ရှိသည့် အလျားတိုင်း ယူနစ်ဖြစ်ရာ ဗိုင်းရပ်စ်၏ အရွယ်အစားကို ခန့်မှန်းနိုင်သည်။ ထိုမျှအရွယ်အစားသေးငယ်သည့် လေထုထဲမှ ရောဂါပိုးကို ရှောင်နိုင်ရန်မှာ တစ်ယောက်နှင့်တစ်ယောက် ဝေးဝေးနေခြင်းနှင့် နှာခေါင်းစည်း Mask တပ်ဆင်ခြင်းကသာ အလုပ်အဖြစ်ဆုံး ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာချိန်မှ စ၍ နှာခေါင်းစည်းများက ဈေးကွက်တွင် လိုချင်တိုင်းမရနိုင်တော့။ ဈေးနှုန်းတွေကလည်း ခုန်တက်သွားသည်။ အရည်အသွေးနိမ့်ကျ လွန်းသည့် နှာခေါင်းစည်းများ ရောင်းချလာကြသည်ကိုလည်း တွေ့ရသည်။ ရောဂါကူးစက်မှုကို ကာကွယ်ပေးနိုင်ပါမည်လား ဆိုသည့် အာမခံချက်လည်းမရှိ။ မဖြစ်မနေ နေ့စဉ် တပ်ဆင်ရမည့် အခြေအနေတွင် တစ်ခါသုံး နှာခေါင်းစည်းများကို နေ့စဉ်ဝယ်သုံး ရန်မှာလည်း ရေရှည်တွင် မဖြစ်နိုင်တော့။ သို့ဖြစ်ရာ ကမ္ဘာတွင်ရော မိမိတို့နိုင်ငံတွင်ပါ ကိုယ်တိုင်ချုပ် အိမ်တွင်းဖြစ် ကျန်းမာရေးနှင့် ညီညွတ်ပြီး ပြန်လည်လျှော်ဖွပ်သုံးစွဲနိုင်သည့် အဝတ်နှာခေါင်းစည်း များ ထုတ်လုပ်သုံးစွဲကြရန် အားပေးလာရသည်။ ပိတ်စရွေးချယ် နည်း၊ ချုပ်လုပ်နည်းများကို လူမှုကွန်ရက်နှင့် အင်တာနက်တို့တွင် အများအပြား တွေ့လာရသည်။ ကိုဗစ်-၁၉ ရောဂါ ဆုတ်ခွာမသွား သေးသရွေ့ ကြိုက်သော်ရှိ၊ မကြိုက်သော်ရှိ ပြင်ပသွားတိုင်း နှာခေါင်းစည်း တပ်ဆင်ကြရမည်။

ကိုဗစ်-၁၉ ရောဂါက လူသားတို့ကို သင်ခန်းစာများစွာ ပေးနေသည်ဟုပင် တွေးထင်စရာဖြစ်သည်။ စိတ်အလိုကိုလိုက်၍ မရ။ လူတိုင်း မိမိတို့ကိုယ်ကို ထိန်းချုပ်နိုင်ကြဖို့လိုသည်။ အတ္တဟိတ ပရဟိတ မျှတဖို့လည်း လိုသည်။ သတိသမ္ပဇဉ် ဉာဏ်အမြင်ရှိဖို့လည်း လိုသည်ဟု ရှုမြင်မိပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၈**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ် အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကယ်ဆယ်ရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးခရီးစဉ်များ ဆက်လက်ပျံသန်းပြေးဆွဲနေ

**ရန်ကုန် မေ ၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာခရီးစဉ်များ ပျံသန်း ပြေးဆွဲမှုကို ရပ်နားထားသော်လည်း ကယ်ဆယ်ရေးနှင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေးခရီးစဉ်များမှာမူ ဆက်လက် ပျံသန်း ပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကို စီမံခန့်ခွဲလျက်ရှိသော ရန်ကုန် အေရိုဒရန်းကုမ္ပဏီ၏ ထုတ်ပြန်ချက် များအရ သိရသည်။



**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရပ်နားထားသော All Nippon Airways လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း။**

နိုင်ငံတကာခရီးစဉ်များ ပျံသန်း ပြေးဆွဲမှုကို ဧပြီ ၂၄ ရက်မှစတင်ကာ ခေတ္တရပ်နားထားခဲ့ပြီး အဆိုပါရပ်နား မှုကို မေ ၁၅ ရက်အထိ ထပ်မံတိုးမြှင့် ထားပြီး ပြည်တွင်းပျံသန်းလျက်ရှိသော လေကြောင်းလိုင်းများမှာမူ ခရီးစဉ် များ ရပ်ဆိုင်းမှုမရှိဘဲ ပျံသန်းမှု အကြိမ်ရေ လျှော့ချပြေးဆွဲလျက်ရှိ ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကလေကြောင်း ဝင်ထွက်ပေါက်ဖြစ်သော ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နိုင်ငံတကာ လေကြောင်းပျံသန်း ပြေးဆွဲမှု ဆိုင်းငံ့ထားချိန်မှစ၍ ယနေ့ အထိ မြန်မာအမျိုးသားလေကြောင်း လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့ လေကြောင်းလိုင်းတို့အပါအဝင် ပြည်ပ လေကြောင်းလိုင်းအသီးသီးမှ ကယ် ဆယ်ရေးနှင့်ကုန်စည်သယ်ယူပို့ဆောင် ရေး အထူးခရီးစဉ်စုစုပေါင်း ၈၁ ခု ပျံသန်းပြေးဆွဲပေးခဲ့ကြောင်း သိရ သည်။

အဆိုပါခရီးစဉ်များသည် နိုင်ငံ တစ်ဝန်း လိုအပ်နေသော ဆေးဝါး ဆိုင်ရာ ထောက်ပံ့မှုများကို ပြုလုပ် ပေးနိုင်ခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ကာကွယ်ရာတွင် လိုအပ် သည့် ထောက်ပံ့ပစ္စည်းများကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေး လေယာဉ်များ စေလွှတ်ရာတွင် နိုင်ငံ အလိုက် ပြည်ဝင်ခွင့် ကန့်သတ်ချက် များကြောင့် သက်ဆိုင်ရာနိုင်ငံနှင့် မြန်မာအစိုးရတို့ ပူးပေါင်းချိတ်ဆက်ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ရကြောင်း သိရ သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - YACL**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

*✻ ရွှေဖုံးမှ*

ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ အမူအကျင့်ကောင်းများရရှိအောင် လေ့ကျင့်ပေးနေမှု၊ လူနာသယ်ယူပို့ဆောင်ရေး၊ ဆေးနှင့် ဆေးပစ္စည်း ကြိုတင်စုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကလေးမြို့ ပြည်သူလူထု၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၏ အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ Coronavirus ပိုးတွေ့ရှိသည့် လူနာများနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေ၊ ကုသရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများ၊ မြေနေရာနှင့် အဆောက်အဦ လိုအပ်ချက်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခွဲ(မုံရွာ)ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သိန်းက COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်ပူပန်မှု၊ အလုပ်အကိုင်နှင့် စားသောက်ရေး အခက်အခဲ၊ အခြားကူးစက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များ၊ ပရဟိတအဖွဲ့များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေး သင်တန်းများပေးရန် ကိစ္စရပ်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက COVID-19 ရောဂါကြောင့် စီးပွားရေးထိခိုက်မှုအပေါ် သက်ရောက်မှုနည်းစေရန် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေချေးမှု၊ ပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများအား စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပြန်လည်ဖွင့်လှစ်ခြင်း၊ စက်ရုံအလုပ်ရုံများအား ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ကြပ်မတ်စောင့်ကြည့်နေမှု၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံခြင်း၊ ကျန်းမာရေး စနစ်တကျ စိစစ်ခြင်း၊ Quarantine Center တွင် စနစ်တကျထားရှိနိုင်ရန် ပြင်ဆင်ထားမှုနှင့် သက်ဆိုင်ရာမြို့နယ်သို့ ပြန်လည်ပို့ဆောင်ပေးနေမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မုတ်သုံကာလအတွင်း ရာသီနှင့် ဆိုင်သည့် ရောဂါများ ဖြစ်ပွားတတ်သည့်အတွက် ယင်းအတွက်ပါ စီစဉ်ထားရန် မှာကြားထားပြီးဖြစ်ပါကြောင်း၊ ကလေးများအား ကာကွယ်ဆေးထိုးသည့် လုပ်ငန်းစဉ်ကိုလည်း တစ်တိုင်းပြည်လုံးအတွက် စဉ်းစားမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါ မည်မျှကြာမည်ကို မသိရသည့်အတွက် ပြည်သူများ ရေရှည်ခံနိုင်ရည်ရှိအောင် မိမိတို့ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ တစ်ဦးနှင့် တစ်ဦး အားပေးပြီး ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ပြဿနာများ၊ လိုအပ်ချက်များ ရှိပါက မြန်မြန်ဆန်ဆန် တင်ပြပေးကြစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ကူညီပံ့ပိုးညှိနှိုင်း ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ကျော်လွှားနိုင်မည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ စေတနာဖြင့် ဝိုင်းဝန်းကူညီပေးကြသည့် Volunteer များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အတွက် များစွာအင်အားဖြစ်စေပါကြောင်း၊ COVID-19 ရောဂါသည် အားလုံး ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း ပြည်သူသာလျှင် အဓိကဟု ပြောကြားခဲ့ပါကြောင်း၊ အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ရိုးရိုးသာမန် ပံ့ပိုးနေကြသူများအားလုံးသည် ပြည်သူများပင်ဖြစ်ပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်း မိမိတာဝန်၊ မိမိ ကျေပွန်မည်ဆိုလျှင် မည်သည့် ပြဿနာမှရှိမည်မဟုတ်ပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်းက တာဝန်ကျေမည်ဆိုလျှင် COVID-19 သည် မည်မျှကြီးမားသည့် စိန်ခေါ်မှုဖြစ်ဖြစ်၊ မည်မျှ ရှန်းကန်ရ၊ ရုန်းကန်ရ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

**အားလုံးအတွက်လုပ်ဆောင်**

မိမိအနေဖြင့် တာဝန်ကျေမှုကို အင်မတန် အလေးထားပါကြောင်း၊ လူ့ဘဝတွင် တာဝန်နှင့် မည်သို့မျှ လွတ်ကင်းနိုင်မည်မဟုတ်ပါကြောင်း၊ တစ်သက်လုံး နောက်ဆုံးအချိန်ထိ တာဝန်ဖြင့် နေသွားရမည်ဖြစ်ပါကြောင်း၊ ပရဟိတ၊ အတ္တဟိတ နှစ်မျိုးလုံးကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်ပြီး တခြားသူများကို ရောဂါမရအောင် ဆောင်ရွက်ခြင်းသည် မိမိကိုယ်ကို ကာကွယ်ရာလည်း ရောက်ပါကြောင်း၊ ဘေးပတ်ဝန်းကျင်က ရောဂါရနေလျှင် မိမိအတွက်လည်း အန္တရာယ်များစွာရှိပါကြောင်း၊ ထို့ကြောင့် မိမိအတွက် လုပ်ဆောင်ခြင်း၊ သူများအတွက် လုပ်ဆောင်ခြင်းဟူ၍ ခွဲခြားပြီးမြင်ရန် မဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးသည် အားလုံးအတွက် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါမျိုးသည် တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်၊ အားလုံးကောင်းမှ တစ်ယောက်ကောင်းမည် ဖြစ်ပါကြောင်း။

**အထူးသတိထားရန်လို**

အားလုံးကို သတိပေးလိုသည်မှာ COVID-19 ရောဂါတွင် ရောဂါပိုးရှိနေသူတချို့သည် ရောဂါလက္ခဏာလုံးဝမပြပါကြောင်း၊ ရောဂါလက္ခဏာလုံးဝမပြသည့်အတွက် ၎င်းကိုယ်တိုင်လည်း နေကောင်းသည်ဟု ထင်ပါကြောင်း၊ ပတ်ဝန်းကျင်ကလည်း နေကောင်းသည်ဟု ထင်ပါကြောင်း၊ ထို့ကြောင့် အားလုံးက စိတ်ချရသည်ဆိုပြီး မျက်နှာဖုံးတပ်ရန်၊ ဝေးဝေးကွာကွာနေရန်လည်း ခပ်ပေါ့ပေါ့ဖြစ်နေကြပါကြောင်း၊ လူတစ်ယောက်ကိုကြည့်၍ မည်သို့မျှ ပြော၍မရပါကြောင်း၊ ရောဂါလက္ခဏာမပြဘဲ ရောဂါပျောက်သွားသည့် သူများလည်း ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အထူးသတိထားရန် လိုအပ်ပါကြောင်း၊ ထပ်တလဲလဲ ပညာပေးရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် မျက်နှာဖုံး ကိစ္စဖြစ်ပါကြောင်း၊ အလေ့အထ၊ အလေ့အကျင့်ဖြစ်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အိမ်မှထွက်မည်ဆိုလျှင် ဖိနပ်စီးပြီးထွက်သကဲ့သို့ မျက်နှာဖုံးတပ်၍ ထွက်သည့် အလေ့အကျင့်တစ်ခုဖြစ်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း။

**တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှား**

တချို့ပြည်သူများသည် တစ်ခါသုံးမျက်နှာဖုံးများ မတတ်နိုင်ကြပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအပေါ်တွင် အခြေခံ၍ မိမိကိုယ်တိုင် မျက်နှာဖုံးချုပ်ခြင်းကို အားပေးလိုပါကြောင်း၊ ယင်းသည် တစ်ခါသုံး မျက်နှာဖုံးများကို မတတ်နိုင်ကြသည့် ပြည်သူများအတွက် လက်တွေ့ကျပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စကိုလည်း တတ်နိုင်သမျှ အားပေးရမည်ဖြစ်ပါကြောင်း၊ နည်းအမျိုးမျိုးဖြင့် မျက်နှာဖုံးတပ်ချင်အောင် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး ခွာပြီးနေရန်မှာ ရေရှည်တွင် ခက်ပါကြောင်း၊ မိမိတို့နိုင်ငံသည် နည်းပညာအရ တိုးတက်မှုရှိသည့် နိုင်ငံမဟုတ်သည့်အတွက် အခြားဖွံ့ဖြိုးသည့် နိုင်ငံများကဲ့သို့ Video Conferencing စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ Internet အသုံးပြုခြင်းတို့ဖြင့် ကိစ္စအဝဝကို လုပ်ဆောင်နိုင်သည့်အခြေအနေ မရောက်သေးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ပြီး ရုပ်ပိုင်းဆိုင်ရာ နီးနီးကပ်ကပ် လုပ်ဆောင်ရသည့်အခြေအနေ များစွာ ရှိနေသေးပါကြောင်း၊ ယင်းကိစ္စများကို တစ်ဆင့်ပြီး တစ်ဆင့် ကျော်လွှားရမည်ဖြစ်ပါကြောင်း။

**ဝါယမ စိုက်ထုတ်**

မိမိကိုယ်ကို ကာကွယ်ခြင်းသည် ကိုယ့်အတွက်သာမက တခြား ဘေးပတ်ဝန်းကျင်အတွက်လည်း ကာကွယ်ရာရောက်ပါကြောင်း၊ တခြားသူများကို ကာကွယ်ပေးခြင်းသည်လည်း မိမိကိုယ်ကို ကာကွယ်ရာရောက်ပါကြောင်း၊ ယင်းအသိဖြင့် ဆက်သွားမည်ဆိုလျှင် COVID-19 စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ သို့သော် ခံနိုင်ရည်ရှိရမည်၊ စိတ်တည်ငြိမ်ရမည်၊ ဝါယမ စိုက်ထုတ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများအားလုံး ကျမ်းမာချမ်းသာကြပါစေ၊ စုပေါင်းအင်အားဖြင့် COVID-19 စိန်ခေါ်မှုကြီးကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ကြပါစေဟု ဆုတောင်း မေတ္တာပို့သလိုက်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

- COVID-19 ရောဂါ မည်မျှကြာမည်ကို မသိရသည့်အတွက် ပြည်သူများ ရေရှည်ခံနိုင်ရည်ရှိအောင် မိမိတို့ဆောင်ရွက်ပေးရမည်ဖြစ်
- တစ်ဦးနှင့်တစ်ဦး အားပေးပြီး ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီး
- ပြဿနာများ၊ လိုအပ်ချက်များရှိပါက မြန်မြန်ဆန်ဆန် တင်ပြပေးကြစေလို

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကိုဗစ်-၁၉ ကာလ ပညာရေးဆိုင်ရာ GPE ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၈**

ကိုဗစ်-၁၉ ကာလ ကမ္ဘာအဝန်း ရင်ဆိုင်ကြုံတွေ့နေရသော ပညာသင်ယူမှု အခက်အခဲများ လျော့နည်းစေရေးအတွက် Global Partnership for Education (GPE) ဝန်ကြီးများအဆင့် ပညာရေးဆိုင်ရာ အွန်လိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ဆွေးနွေးသည်။







ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကိုဗစ်-၁၉ ကာလ ပညာရေးဆိုင်ရာ Global Partnership for Education (GPE) ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်စဉ်။ သတင်းစဉ်

### ထိရောက်စွာအသုံးချ

စဉ်ဆက်မပြတ်သင်ကြားသင်ယူမှုအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို GPE အဖွဲ့ဝင်ဝန်ကြီးများက ဆွေးနွေးကြရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကို GPE အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၈ ခုနှစ်တွင် လက်ခံခဲ့ခြင်းနှင့် အမေရိကန်ဒေါ်လာ ၇၃ သန်းကို GPE အထောက်အပံ့အဖြစ် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး ပေးအပ်ခဲ့ခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ နွေရာသီကျောင်းပိတ်ရက်ကာလဖြစ်ပါကြောင်း၊ နွေရာသီတွင် ဆရာ၊ ဆရာမ အရည်အသွေးမြှင့် သင်တန်းများကို ဆောင်ရွက်ပါကြောင်း၊ သူငယ်တန်း + ၁၂ တန်း အခြေခံပညာစနစ်သစ်ကို ဖော်ဆောင်လျက်ရှိရာ စတုတ္ထတန်း၊ သတ္တမတန်း၊ ဒသမတန်း သင်ရိုးညွှန်းတမ်းအသစ်များအတွက် သင်ကြားသင်ယူမှု နည်းစနစ်သင်တန်းများနှင့် သင်ထောက်ကူပစ္စည်းများ ထိရောက်စွာအသုံးချမှု သင်တန်းများကို ယခုနွေရာသီတွင် ဖွင့်လှစ်ရန်စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် အခက်အခဲကြုံတွေ့ရပါကြောင်း။

### ဖြည့်ဆည်းပေးရန် လိုအပ်

ထို့ကြောင့် မြန်မာဒစ်ဂျစ်တယ်ပညာရေးစနစ် (Myanmar Digital Education Platform – MDEP) ကို တည်ဆောက်လျက်ရှိရာ အစိုးရကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတော်အသိအမှတ်ပြုကျောင်းများမှ ဆရာ ဆရာမများအားလုံးအပြင် တိုင်းရင်းသား သင်ကြားရေးအထောက်အကူပြုဆရာများ၊ လုပ်အားပေးဆရာများ၊ IDP စခန်းများမှ ဆရာများအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ MDEP အစီအစဉ်ဖြင့် e-Learning အခွင့်အလမ်းများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဝေးလံဒေသများအတွက် DBE Boxes များအပြင် စမ်းသပ်ထုတ်လွှင့်လျက်ရှိသော ပညာရေးရုပ်မြင်သံကြားလိုင်းများလည်း စီစဉ်လျက်ရှိပါကြောင်း၊ ကျွမ်းကျင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာများ ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိပါကြောင်း။

### ချိတ်ဆက်ဆောင်ရွက်

MDEP ၏ ကာလတိုစီမံကိန်းမှာ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ဆရာများအတွက် သင်တန်းများ၊ သင်ရိုးသစ်ဘာသာရပ်များအတွက် သင်ကြားသင်ယူမှုနည်းစနစ်သင်တန်းများနှင့် စိတ်ပါဝင်စားသူ မိဘ၊ ဆရာများအတွက် အွန်လိုင်းစာကြည့်တိုက်များ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ MDEP ၏ ကာလရှည်စီမံကိန်းရည်ရွယ်ချက်အဖြစ် ဆရာတပည့် တွေ့ဆုံသင်ယူမှုအပြင် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများအဖြစ် Online, Offline e-Learning ကို အထောက်အကူပြုရန်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများအတွက် အခက်အခဲရှိသောကျောင်းများကို ပညာသင်စရိတ် ပိုမိုထောက်ပံ့ပေးသွားရန် ကမ္ဘာ့ဘဏ်နှင့် GPE တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာ ကျောင်းများတွင် ကျား၊ မ အချိုးမှာ ညီမျှမှုနီးပါးရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်နှင့်အညီ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာအပြင် မူးယစ်ဆေးဝါး၊ အရက်နှင့် စီးကရက် အန္တရာယ်တားဆီးရေးတို့နှင့်ပတ်သက်သော အသိပညာပေးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ကျန်းမာသောနေထိုင်မှုပုံစံ၊ မျိုးဆက်ပွားပညာရေး၊ ဂိမ်းစွဲလမ်းမှု ပပျောက်ရေးစသော ဦးစားပေး (၇)ရပ်ကို ကျောင်းသား လူငယ်အချင်းချင်း အသိပညာဖလှယ်ခြင်းနှင့် စာသင်ခန်းအတွင်း ရှင်းလင်းဆွေးနွေးခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် အမျိုးသမီးပညာရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအချိန်သည် ကျောင်းသား၊ ဆရာ၊ မိဘများအတွက် အလေးပေးထောက်ပံ့မည့်အစီအစဉ်များဖြင့် COVID-19 ကပ်ရောဂါ၏ ပညာရေးအပေါ် သက်ရောက်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစီအစဉ်အတိုင်း ကျား၊ မ အချိုးညီမျှရေးနှင့် မိန်းကလေးများ ထိခိုက်မှု လျှော့ချနိုင်ရေးကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ကာလ ပညာရေးဆိုင်ရာ ထိခိုက်မှုကျော်လွှားနိုင်ရေးနည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Macroeconomic Management for COVID-19 Impacts နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရန်ကုန်မြို့ရှိ ကမ္ဘာ့ဘဏ်ရုံးခွဲမှ Ms. Mariam J. Sherman ဦးဆောင်သော အဖွဲ့နှင့် Teleconference ပြုလုပ်

**နေပြည်တော် မေ ၈**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် Macroeconomic Management for COVID-19 Impacts နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ ကမ္ဘာ့ဘဏ်ရုံးခွဲမှ Country Director Ms. Mariam J. Sherman ဦးဆောင်သောအဖွဲ့နှင့် ပြုလုပ်သည့် Teleconference သို့ တက်ရောက်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို လည်းကောင်း ဖွဲ့စည်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း Macroeconomic Management for COVID-19 Impacts နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ ကမ္ဘာ့ဘဏ်ရုံးခွဲမှ Country Director Ms. Mariam J. Sherman ဦးဆောင်သောအဖွဲ့နှင့် Teleconference ပြုလုပ်စဉ်။ သတင်းစဉ်

ဆက်လက်၍ ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် အများဆုံး ထိခိုက်ခံခဲ့ရသည့် CMP, Tourism နှင့် SMEs များသို့ ကိုဗစ်-၁၉ ရန်ပုံငွေ ထူထောင်၍ လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် အများဆုံးထိခိုက်ခံခဲ့ရသည့် လုပ်ငန်းများသို့ အတိုးနှုန်း သက်သာသော ချေးငွေများ ထုတ်ချေးပေးမှု၊ ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ယခုနှစ်၊ ဘဏ္ဍာရေးနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပြုမှု၊ (၃)လတစ်ကြိမ် ပေးဆောင်ရသည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်တို့အတွက် ပေးဆောင်ရမည့် ကာလကို ယခုနှစ်၊ စက်တင်ဘာလကုန်အထိ တိုးမြှင့်ပေးခဲ့မှု၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ်တွင် သွင်းကုန်လိုင်စင်ကင်းလွတ်ခွင့်ပေးခဲ့မှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားကုန် (၅)မျိုးကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲထောက်ပံ့ပေးခဲ့မှုနှင့် နိုင်ငံ၏ COVID-19 response activities များအတွက် ငွေကြေးလိုအပ်ချက်များကို ကိုဗစ်-၁၉ ရန်ပုံငွေ၊ အရေးပေါ်ရန်ပုံငွေ၊ ဘတ်ဂျက်ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ ပြည်ပချေးငွေများ စိစစ်ရယူခြင်း နည်းလမ်းများဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင် Mr. Hans Anand Beck က COVID-19 Fiscal Impact and Response for Myanmar နှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ၏ သက်ရောက်မှုကြောင့် နိုင်ငံ၏ရငွေ ကျဆင်းနိုင်မှု၊ CERP အတွက် အသုံးစရိတ် လျာထားရန် ထပ်မံလိုအပ်ချက်များ၊ ကိုဗစ်-၁၉ အပေါ် တုံ့ပြန်ရေးအတွက် စဉ်းစားသင့်သော fiscal policy response များအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းဆွေးနွေးပွဲသို့ ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်

**နေပြည်တော် မေ ၈**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကနဦးယာဉ်မှတ်ပုံတင်ဌာန (ထောက်ကြန့်/ ရွာသာကြီး)ရုံးများ၏ ကနဦးမှတ်ပုံတင် ဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ကနဦး ယာဉ်မှတ်ပုံတင်ဌာန(နေပြည်တော်/ မန္တလေး) ရုံးများ၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှု လုပ်ငန်းများကိုလည်းကောင်း မေ ၁၁ ရက်မှစတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

ဌာနအနေဖြင့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးကို ဝန်ဆောင်မှုရပ်ဆိုင်းထားသည့် ကာလအား ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့် ကာလအနေဖြင့် ကနဦးယာဉ်မှတ်ပုံတင်ဌာန(ထောက်ကြန့်/ ရွာသာကြီး) ရုံးများအတွက် မတ် ၂၆ ရက်မှ မေ ၁၀ ရက်အတွင်း အကျုံးဝင်သည့်ရက်များကို လည်းကောင်း၊ ကနဦးယာဉ်မှတ်ပုံတင်ဌာန(နေပြည်တော်/ မန္တလေး) ရုံးများအတွက် မတ် ၃၀ ရက်မှ မေ ၁၀ ရက်အတွင်း အကျုံးဝင်သည့် ရက်များကို လည်းကောင်း လျှော့ပေါ့စိစစ် တွက်ချက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ရာတွင် ဩဂုတ် ၃၁ ရက်နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များမှာ ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးငွေ လျှော့ပေါ့ခွင့် ရမည်မဟုတ်ဘဲ မူလသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများအားလုံး ပေးဆောင်ရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်



ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးမင်းသူ အထွေထွေမန်နေဂျာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သယံဇာတနှင့်သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |

## ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူရှင်များက အလှူငွေကျပ် ၂၅ သိန်းလှူဒါန်း

**ဟားခါး မေ ၈**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းမှ တိုက်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာသောအားဖြင့် ထန်တလန်မြို့နယ် လှမ်းဖေးကျေးရွာမှ ပြည်တွင်းပြည်ပအလှူရှင်များက အလှူငွေပေးအပ်ပွဲကို မေ ၇ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ထန်တလန်မြို့နယ် လှမ်းဖေးကျေးရွာနေ ပြည်တွင်းပြည်ပ စေတနာရှင်များက ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေကျပ် ၂၅ သိန်းကို အလှူရှင်များက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)


● *ကျောဖုံးမှ*

မြန်မာနိုင်ငံသား ၁၀၄ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံတို့မှ မြန်မာနိုင်ငံသား ၁၆ ဦး စုစုပေါင်း ၁၂၀ တို့အားလည်း အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Myanmar Airways International-MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၉ နာရီ ၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၉၃ ဦးအား Myanmar Airways International-MAI လေကြောင်းလိုင်းမှ အခမဲ့ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ မေ ၉ ရက်တွင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ၁၄၆ ဦး ခန့်အားလည်း ဒုတိယအသုတ်အဖြစ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့မှစ၍ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် ဘဏ်ခွဲများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။ ယင်းသို့ ထုတ်ချေးရာတွင် ၁ ဧက ချေးငွေနှုန်းထားမှာ ယခင်နှစ်အတိုင်း ၁ ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း ဖြစ်ပါသည်။ တောင်သူများ အတိုးနှုန်း သက်သာစွာရရှိခံစားနိုင်စေရန် ယခင်နှစ် ချေးငွေအတိုးနှုန်း ၁ နှစ် ၈% (အစား) ယခု ချေးငွေမှစ၍ ၁ နှစ် ၅% သာ သတ်မှတ်ပါသည်။ ချေးငွေဟောင်းပေးဆပ်ပြီးသူများကိုသာ ချေးငွေသစ် ထုတ်ချေးမည်ဖြစ်ပါသည်။

၂။ COVID-19 ကပ်ရောဂါ ထိန်းချုပ်ကာကွယ်နေသည့်ကာလဖြစ်၍ ချေးငွေပေးဆပ်သူ တောင်သူများအဆင်ပြေစေရန် ၂၀၁၉ မိုးချေးငွေ ပေးဆပ်မှုကိုလည်း ၂၀၂၀ ပြည့်နှစ် မေလကုန်အထိ တိုးမြှင့်လက်ခံမည်ဖြစ်ပြီး မေလကုန်ထိ ပေးဆပ်သူတောင်သူများကို ဒဏ်တိုးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ချေးငွေများ စနစ်တကျ ထုတ်ချေးနိုင်ရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါသည်-

(က) ဧရိယာကျယ်ဝန်းသော ဘဏ်ခွဲများတွင် သက်ဆိုင်ရာ ဘဏ်ခွဲများ၌ ထုတ်ချေးပါမည်။ ဧရိယာကျဉ်းသောဘဏ်ခွဲများတွင် မြို့နယ်ခန်းမ၊ စာသင်ကျောင်းစသည့် သင့်လျော်သည့်နေရာများတွင် ထုတ်ချေးမည် ဖြစ်ပါသည်။

(ခ) သွားလာရန် ကန့်သတ်ထားသောဒေသများတွင် ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ်ခွဲနှင့်တိုက်နယ်အထိ ကွင်းဆင်းထုတ်ချေးရန်လိုအပ်က ထုတ်ချေးပါမည်။

(ဂ) ချေးငွေလာရောက်ထုတ်ယူသူ တောင်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိနှင့် အများပြည်သူ၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ တောင်သူများအနေဖြင့် Mobile Payment စနစ်ကို အသုံးပြု၍ ချေးငွေရယူလိုပါက နယ်မြေဒေသအခြေအနေအရ Mobile Financial Services ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသို့ အချိန်မီဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ကြောင့် ငွေကြေးအကျပ်အတည်းရင်ဆိုင်နေရတဲ့ စီးပွားရေးလုပ်ငန်းများကို ဘယ်လိုပြန်လည်ထူထောင်မလဲ

ဇော်သူရ (ချောက်ရေနံမြေ)

**ကိုဗစ်-၁၉ ကပ်ရောဂါကြီးကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးအကျပ်အတည်းများ ရင်ဆိုင်ခဲ့ရတဲ့အထဲမှာ မြန်မာနိုင်ငံလည်းပါဝင်နေပါတယ်။ ကုမ္ပဏီငယ်များအပါအဝင် မိုက်ခရို၊ အသေးစား နှင့် အလတ်စားလုပ်ငန်းများ (MSME) တွေက အဓိက ရင်ဆိုင်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေးလုပ်ငန်းအများစုဟာ MSME တွေဖြစ်ပြီး စီးပွားရေးလုပ်ငန်း အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်အထိ ရှိပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံရဲ့ စီးပွားရေးမထိခိုက်အောင် MSME တွေ မပြိုလဲဖို့က အဓိကကျတယ်လို့ ဆိုရပါမယ်။ ဒီလိုမပြိုကွဲဖို့ကို အသစ်ပြဋ္ဌာန်းလိုက်တဲ့ လူမွဲခံယူခြင်းဆိုင်ရာဥပဒေက အထောက်အကူပြုပါလိမ့်မယ်။**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေသစ်ကို ၁၄-၂-၂၀၂၀ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး ၂၅-၃-၂၀၂၀ ရက်နေ့မှာ ဥပဒေစတင်အာဏာတည်ကြောင်း နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါတယ်။ ဥပဒေအရ ဖွဲ့စည်းရမယ့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကိုလည်း နိုင်ငံတော်သမ္မတက ၂၆-၃-၂၀၂၀ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများကိုတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၈-၄-၂၀၂၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီဥပဒေဟာ နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေတဲ့ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအစီရင်ခံစာ (Ease of Doing Business Report) ၏ အညွှန်းကိန်းတစ်ခုဖြစ်တဲ့ လူမွဲခံယူခြင်းကို ဖြေရှင်းခြင်းအညွှန်းကိန်း (Resolving Insolvency Indicator) ရမှတ်များ တိုးတက်နိုင်မှာဖြစ်လို့ အချိန်မီပြဋ္ဌာန်းထုတ်ပြန်နိုင်အောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။



**အသုံးဝင်လာတဲ့ ဥပဒေ**

ဒီလိုရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့ပေမယ့် ကိုဗစ်-၁၉ ကပ်ဘေးကြီးကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်လာနိုင်တာမို့လို့ ဒီဥပဒေဟာ အလွန်အသုံးဝင်လာနိုင်တဲ့ ဥပဒေတစ်ခုဖြစ်လာခဲ့တာကတော့ ကျွန်တော်တို့နိုင်ငံအတွက် အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတစ်ခုကို ရရှိခဲ့တယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ ယခင်ဥပဒေမူဘောင်များအရ စီးပွားရေးလုပ်ငန်းတွေဟာ ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိတော့ရင် ကုမ္ပဏီဆိုရင် စာရင်းရှင်းလင်းဖျက်သိမ်းပြီး အခြားလုပ်ငန်းတွေဖြစ်ရင်တော့ လူမွဲခံယူခြင်းကို ဆောင်ရွက်ရမှာပါ။ ဆိုလိုတာကတော့ သူတို့ရဲ့ပိုင်ဆိုင်မှုတွေကို ထုခွဲရောင်းချပြီး ကြွေးရှင်တွေကို ပေးဆပ်ရမှာပါ။ အခုဥပဒေသစ်ကတော့ ဒီလိုထုခွဲရောင်းချခြင်းမပြုမီ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေကို တတ်နိုင်သလောက် ကယ်တင်ဖို့ ကြိုးစားပြီး ကယ်တင်နိုင်ခြင်းမရှိတော့မှသာ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းကို ဆောင်ရွက်ရမှာပါ။

> “ကုမ္ပဏီနဲ့ MSMEတွေ ဖျက်သိမ်းရရင် တည်ထောင်ခဲ့ရတဲ့အချိန်တွေနဲ့ နည်းပညာတွေ အလဟဿဖြစ်မယ်၊ သူတို့ကိုမှီခိုနေတဲ့သူတွေ အလုပ်လက်မဲ့ဖြစ်မယ်၊ မြီရှင်မြီစား အကျိုးတူဆောင်ရွက်နေတဲ့လုပ်ငန်းတွေ ဆုံးရှုံးမယ်၊ ရင်းနှီးမြှုပ်နှံမှုတွေ ဆုံးရှုံးရမယ်၊ နိုင်ငံတော်က ရနေတဲ့ အခွန်ဘဏ္ဍာတွေ ဆက်မရနိုင်တော့ဘူး၊ နောက်ဆုံးမှာ နိုင်ငံတော်ရဲ့စီးပွားရေး ထိခိုက်စေနိုင်တယ်။ ဒါကြောင့် ကယ်ဆယ်ခြင်းနဲ့ ပြန်လည်ထူထောင်ရေး လုပ်သင့်တယ်လို့ နိုင်ငံတကာကလက်ခံပြီး ဥပဒေမူဘောင်တွေကို ပြင်ဆင်ခဲ့ကြတယ်”

**တတ်နိုင်သလောက် ကယ်တင်ဖို့ရည်ရွယ်**

အဓိကကတော့ ကြွေးတင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို တတ်နိုင်သလောက်ကယ်တင်ဖို့နဲ့ တရားမျှတပြီး စနစ်ကျတဲ့ စာရင်းရှင်းလင်းဖျက်သိမ်းရေးစနစ် ပေါ်ပေါက်လာဖို့ ရည်ရွယ်တာပါ။ ကယ်တင်တဲ့နေရာမှာလည်း စီးပွားရေးလုပ်ငန်းရဲ့ ပိုင်ဆိုင်မှုတန်ဖိုးကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့၊ ဝန်ထမ်းတွေ အလုပ်အကိုင် ဆက်လက်ရရှိစေဖို့နဲ့ မြီရှင်များနဲ့ အကျိုးတူဆောင်ရွက်နေတဲ့ မြီစားတွေကို ကယ်ဆယ်ပေးခြင်းဖြင့် မြီရှင်၊ မြီစား နှစ်ဦးနှစ်ဖက်အကျိုးရှိစေဖို့ ရည်ရွယ်ပါတယ်။ ကယ်တင်လို့မရရင်တော့ ဖျက်သိမ်းရတော့မှာပေါ့။ ဖျက်သိမ်းရာမှာလည်း အာမခံအကျိုးခံစားခွင့်ရ မြီရှင်များရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့နဲ့ အာမခံအကျိုးခံစားခွင့်မရရှိတဲ့ မြီရှင်တွေကို တန်းတူအခွင့်အရေးပေးနိုင်ဖို့ ရည်ရွယ်တယ်။

ကုမ္ပဏီနဲ့ MSMEတွေ ဖျက်သိမ်းရရင် တည်ထောင်ခဲ့ရတဲ့အချိန်တွေနဲ့ နည်းပညာတွေ အလဟဿဖြစ်မယ်၊ သူတို့ကိုမှီခိုနေတဲ့သူတွေ အလုပ်လက်မဲ့ဖြစ်မယ်၊ မြီရှင်မြီစား အကျိုးတူ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ ဆုံးရှုံးမယ်၊ ရင်းနှီးမြှုပ်နှံမှုတွေ ဆုံးရှုံးရမယ်၊ နိုင်ငံတော်က ရနေတဲ့ အခွန်ဘဏ္ဍာတွေ ဆက်မရနိုင်တော့ဘူး၊ နောက်ဆုံးမှာ နိုင်ငံတော်ရဲ့စီးပွားရေး ထိခိုက်စေနိုင်တယ်။ ဒါကြောင့် ကယ်ဆယ်ခြင်းနဲ့ ပြန်လည်ထူထောင်ရေး လုပ်သင့်တယ်လို့ နိုင်ငံတကာကလက်ခံပြီး ဥပဒေမူဘောင်တွေကို ပြင်ဆင်ခဲ့ကြတယ်။ ဒီဥပဒေကလည်း အဲဒီနိုင်ငံတကာ စံနှုန်းတွေနဲ့အညီ ရေးဆွဲထားတာပါ။ ကုမ္ပဏီကယ်ဆယ်ခြင်းနဲ့ ပြန်လည်ထူထောင်ရေးကို ဥပဒေအပိုင်း (၅)၊ MSME ကိုတော့ ဥပဒေအပိုင်း (၆) မှာ ပြဋ္ဌာန်းထားပါတယ်။ အခြေခံ သဘောတရားတူညီပေမယ့် MSME အတွက်တော့ လုပ်ငန်းစဉ်အနည်းငယ် လျှော့ချထားပါတယ်။

ဒီဥပဒေရဲ့ ထူးခြားချက်တစ်ခုကတော့ ဥပဒေအရ ဆောင်ရွက်ရတဲ့လုပ်ငန်းအားလုံးမှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများက အဓိကဦးဆောင်မှာဖြစ်ပြီး တရားရုံးများပါဝင်မှု အခန်းကဏ္ဍကို အတတ်နိုင်ဆုံး လျှော့ချထားတယ်။ သူ့ရဲ့ဆောင်ရွက်ချက်ကို မကျေနပ်မှသာ တရားရုံးက ပါဝင်လာမှာပါ။ ကယ်ဆယ်ခြင်းအဆင့်နဲ့ အစီအစဉ်အဆင့်ဆိုပြီး အဆင့်နှစ်ဆင့်ရှိကာ ကယ်ဆယ်ခြင်း အဆင့်ကစရမှာပါ။ ကယ်ဆယ်ခြင်းအဆင့်မှာ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု၊ ရရန်နှင့်ပေးရန် များ၊ ဈေးကွက်ပိုင်ဆိုင်ထားမှုအခြေအနေ၊ ရှေ့အလား အလာကောင်းခြင်း၊ ဆိုးခြင်းစတဲ့ အခြေအနေအားလုံးကို သုံးသပ်ပြီး ကယ်ဆယ်နိုင်ခြင်း ရှိ မရှိနဲ့ ရှိရင်ဘယ်လို နည်းနဲ့ ကယ်ဆယ်မလဲဆိုတဲ့ ကယ်ဆယ်ခြင်းအစီအစဉ်ကို ဦးစွာရေးဆွဲရပါမယ်။

အစီအစဉ် ရေးဆွဲပြီးရင်တော့ မြီရှင်တွေကို တင်ပြရပါမယ်။ သတ်မှတ်ထားတဲ့အရေအတွက်ရှိတဲ့ မြီရှင်တွေရဲ့ ထောက်ခံအတည်ပြုမှုကိုမရခဲ့ရင် အစီအစဉ်အတိုင်း မသွားတော့ဘဲ ကုမ္ပဏီဆိုရင် ဖျက်သိမ်းဖို့နဲ့ ကုမ္ပဏီမဟုတ်ရင် လူမွဲခံယူဖို့ ဆောင်ရွက်ရပါမယ်။ ထောက်ခံအတည်ပြုခဲ့ရင်တော့ အစီအစဉ်အတိုင်း ဆောင်ရွက်ရမှာပါ။ အောင်မြင်အောင် ဆောင်ရွက်နိုင်ရင် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းကို ပြန်လည်ထူထောင်နိုင်ပြီဖြစ်လို့ ဆက်လက်လည်ပတ်မှာပါ။ မအောင်မြင်ရင်တော့ ဖျက်သိမ်းဖို့၊ လူမွဲခံယူဖို့ ဆောင်ရွက်ရမှာပါ။

**ကျွမ်းကျင်သူများ မွေးထုတ်ဖို့လို**

အခုဆိုရင် ဥပဒေမူဘောင်တွေ အသင့်ဖြစ်နေပြီဖြစ်လို့ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတွေ မွေးထုတ်ဖို့ လိုအပ်နေပါပြီ။ သူတို့ကိုတော့ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမှာပါ။ ဖြစ်နိုင်သူတွေကတော့ ရှေ့နေ ရှေ့ရပ်တွေနဲ့ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်တွေပါ။ သူတို့ရဲ့အရည်အချင်းတွေကို ကောင်စီက သတ်မှတ်မှာဖြစ်ပါတယ်။ သာမန်အားဖြင့် ရှေ့နေဖြစ်ရင် စာရင်းရှင်းလင်းဖျက်သိမ်းတဲ့ အတွေ့အကြုံရှိရမှာ ဖြစ်ပြီး စာရင်းကိုင်ဖြစ်ရင်တော့ ဒီဥပဒေသဘောတရားကို နားလည်သူဖြစ်ရမှာပါ။

ဒီဥပဒေအသစ်က နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှု နဲ့ စီးပွားရေးလုပ်ငန်းတွေကို အများကြီးအထောက် အကူပေးမှာဖြစ်ပေမယ့် လက်ရှိဥပဒေတွေနဲ့ တော်တော်လေး ကွာခြားပါတယ်။ ဒါကြောင့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်လိုသူများနဲ့ ငွေကြေးအခက်အခဲရှိနေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ဒီဥပဒေကို အသေအချာလေ့လာကြဖို့ လိုအပ်ပါတယ်။ သို့မှသာ ဒီဥပဒေသစ်အရ ပေးထားတဲ့အခွင့်အရေးတွေကို လုပ်ငန်းရှင်များသိရှိနိုင်မှာဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာမယ့် စီးပွားရေးဆိုင်ရာအခက်အခဲတွေကို တတ်နိုင်သလောက် ကျော်လွှားနိုင်မယ်လို့ ယုံကြည်စွာဖြင့် တင်ပြလိုပါတယ်။ ။

## မုံရွာမြို့ ကန်သာယာ ပျံကျဈေးတွင် နှာခေါင်းစည်းလှူပ်ရှားမှုပြုလုပ်

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ကန်သာယာပျံကျဈေးတွင် ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး နှာခေါင်းစည်းလှူပ်ရှားမှု ပြုလုပ်သည်။

“ဈေးသည်တွေကို အဓိကထားတယ်၊ တချို့ ဈေးဝယ်တွေလည်း ပါတာပေါ့။ နှာခေါင်းစည်းအသုံးပြုပုံ၊ လက်အိတ်တွေဝတ်ပြီး ဈေးရောင်း ဈေးဝယ်လုပ်ကြဖို့ အသိပညာပေးပြီး နှာခေါင်းစည်းတွေ၊ လက်အိတ်တွေဝေတဲ့ အစီအစဉ်ဖြစ်တယ်။ လက်ဆေးဂျယ်တွေနဲ့ လက်ဆေးစေတယ်။ အခုလိုလုပ်ဆောင်ရင်းနဲ့ မုံရွာမြို့ရဲ့ လက်ရှိဈေးတွေမှာ ဈေးလာဝယ်တဲ့သူတွေ၊ ဈေးရောင်းကြတဲ့ဈေးသည်တွေကို အခုထက်ပိုပြီး အသိပညာပေးတာ။ နှာခေါင်းစည်း၊ လက်အိတ်တွေကို ထောက်ပံ့ပေးနိုင်ရင်တော့ ကိုဗစ်-၁၉ ကိုပိုပြီးတော့ ကာကွယ်နိုင်ဖို့ ရည်ရွယ်ပါတယ်” ဟု တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံးမှ ဦးစီးမှူး (ဒုတိယတန်း) ဦးကြည်ဇော်ဝေက ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး နှာခေါင်းစည်းကမ်ပိန်းကို ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ယင်းကမ်ပိန်းသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီမှ တိုင်းဒေသကြီးအမှုဆောင်အရာရှိဦးသစ်ထူးမြင့်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ ငွေနှင့် မျက်နှာဖုံးအကာ ၄၀၀ လှူဒါန်း

**ရန်ကုန် မေ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ငွေနှင့် မျက်နှာဖုံးအကာ ၄၀၀ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက အင်းစိန်ဆေးရုံအုပ်ကြီးရုံးခန်း၌ ပြုလုပ်ခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးနှင့် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ကော်မတီအတွင်းရေးမှူး အင်းစိန်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မေစန်းချိုက လက်ခံယူခဲ့သည်။

လှူဒါန်းရာတွင် UCF Senior Friends မှ ငွေကျပ်ငါးသိန်းနှင့် Light Weigt Concrete Block မှ ဒါရိုက်တာ စိုးမြတ်မင်းက ငွေကျပ်လေးသိန်းတန်ဖိုးရှိ မျက်နှာဖုံးအကာ ၄၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ပြီး အဆိုပါ ငွေနှင့် ပစ္စည်းများကို အင်းစိန်မြို့နယ်၌ မြေလှန်ရှာဖွေစနစ်ဖြင့် ရောဂါပိုးမွှားများရှိသူများကို အရှိန်အဟုန်မြှင့်၍ ရှာဖွေရာတွင် အသုံးပြုမည်ဟု ဒေါက်တာ ဒေါ်မေစန်းချိုက ပြောကြားသည်။

**မျိုးသန့်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့၌ နေရပ်ပြန်ပြည်သူများအား စနစ်တကျ နေထိုင်သွားရေးဆွေးနွေး

**ပွင့်ဖြူ မေ ၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ၂၁ ရက်ကြာ စောင့်ကြည့် စစ်ဆေးဆောင်ရွက်လျက်ရှိသည့် ပြည်ပနှင့် နယ်စပ်မြို့များမှ ပြန်လည်ဝင်ရောက်လာသူများအား မေ ၈ ရက် နံနက် ၈ နာရီခွဲက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့်အဖွဲ့က ကျေးရွာများရှိ ကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့ကွင်းဆင်းသွားရောက်ရာ၌ တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ကုလားဟောင်းကျေးရွာ၊ နဘဲကုန်းကျေးရွာ၊ လယ်ကိုင်းကျေးရွာ၊ ကံသာကြီးကျေးရွာ၊ စံပြကျေးရွာ၊ ရေဖြူတွင်းကျေးရွာများရှိ ကန့်သတ်စောင့်ကြည့်ထားသည့် နေရပ်ပြန်ပြည်သူများကို သတ်မှတ်နေရာများတွင် စနစ်တကျ နေထိုင်သွားကြရန် ဆွေးနွေးပြီး နှာခေါင်းစည်း၊ မျက်နှာဖုံးအကာများနှင့် ကလိုရင်း ပိုးသတ်ဆေးရည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် နေရပ်ပြန်ပြည်သူဦးရေမှာ ဒီဇင်ဘာလမှ မေ ၈ ရက်အထိ စုစုပေါင်း ၂၀၉၉ ဦးရှိပြီး ၂၁ ရက် စောင့်ကြည့်လူဦးရေစာရင်းအနေဖြင့် နေအိမ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိသူ ၇၉ ဦးနှင့် သတ်မှတ်နေရာများတွင် ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ထားရှိသူ ၄၇၄ ဦး စုစုပေါင်း ၅၅၃ ဦး ရှိကြောင်း သိရကာ ၎င်းတို့ကို မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင် ဦးဆောင်၍ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



လွှတ်တော်ကိုယ်စားလှယ်များနှင့်အဖွဲ့ နေရပ်ပြန်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

*✻ ကျောဖုံးမှ*

၄။ ထိုသို့ (၁၀-၅-၂၀၂၀) ရက် (တနင်္ဂနွေနေ့)၌ ၀၉:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ ဓာတ်အားပိတ်စဉ်ကာလအတွင်း ဓာတ်အားပြတ်တောက်၍ လျော့နည်းသွားသော လျှပ်စစ်ဓာတ်အားကို ဓာတ်အားစနစ်၌ တည်ငြိမ်စေရန် အခြားခွဲရုံများကိုပါ ပေါင်းစပ်၍ ထိန်းညှိမောင်းနှင်ရမည်ဖြစ်ပါသည်။ ထိုသို့ ထိန်းညှိမောင်းနှင်ရန် အခြားဓာတ်အားခွဲရုံများမှတစ်ဆင့် ဓာတ်အားများကို အဆင့်ဆင့် ပြန်လည်ပေးပို့ရမည်ဖြစ်ရာ ၎င်းဓာတ်အား အပိတ်/အဖွင့်ပြုလုပ်ချိန်အတွက် နာရီဝက်ခန့် ပြုလုပ်ရမည်ဖြစ်ပါသည်။ သို့ပါ၍ မရမ်းကုန်း၊ လှိုင်၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်း၊ အရှေ့ဒဂုံနှင့် တောင်ဒဂုံမြို့နယ်ရှိ ရပ်ကွက်အချို့/အိမ်ရာများ၌လည်း လျှပ်စစ်ဓာတ်အား နာရီဝက်ခန့် ပြတ်တောက်နေမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ သာကေတဓာတ်အားပေးစက်ရုံ (၄၀၀ မဂ္ဂါဝပ်) အား နိုင်ငံတော်ဓာတ်အားစနစ်နှင့် စမ်းသပ်ချိတ်ဆက်မောင်းနှင်နေစဉ် ဓာတ်အားပြတ်တောက်မှုကာလအတွင်း အဆင်မပြေမှုများရှိပါက နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ပြည်သူများအား အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၁၇၀၇ | ၁၇၁၂ | ၂၀ |
| အင်ဒိုနီးရှား | ၁၃၁၁၂ | ၂၄၉၄ | ၉၄၃ |
| ဖိလစ်ပိုင် | ၁၀၄၆၃ | ၁၇၃၄ | ၆၉၆ |
| မလေးရှား | ၆၅၃၅ | ၄၈၆၄ | ၁၀၇ |
| ထိုင်း | ၃၀၀၀ | ၂၇၈၄ | ၅၅ |
| ဗီယက်နမ် | ၂၈၈ | ၂၄၁ | ၀ |
| မြန်မာ | ၁၇၇ | ၆၇ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၂ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

## မြိတ်မြို့၌ နှာခေါင်းစည်း အခုရေ ၄၀၀၀ အခမဲ့ဖြန့်ဝေ

**မြိတ် မေ ၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မေ ၈ ရက် နံနက် ၈ နာရီခွဲက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကိုဗစ် - ၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစည်ကားရာလမ်းဆုံများတွင် နှာခေါင်းစည်း အခုရေ၄၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဌာန၊ အရပ်ဘက်အဖွဲ့အစည်းများပါဝင်သော ပူးပေါင်းအဖွဲ့က နေရာ လေးနေရာတို့တွင် လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်း တပ်ဆင်ခြင်းရှိမရှိကို စစ်ဆေးပြီး အသိပညာပေးခြင်း ဆောင်ရွက်ကာ နှာခေါင်းစည်းများအခမဲ့ ဝေပေးခဲ့သည်။ မေ ၉ ရက်နေ့တွင် နှာခေါင်းစည်းမတပ်သူများ မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်မပြုကြောင်းနှင့် မေ ၁၀ ရက်မှ စတင်၍ အပြင်ထွက်လျှင် နှာခေါင်းစည်းမပါသည့်သူများကို ဒဏ်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀ နှင့်ညီမျှသည် နှာခေါင်းစည်းများကို ဝယ်ယူစေသည့်ပြစ်ဒဏ်ချမှတ်မည် ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၆၈၅ | ၁၇၇ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၆၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၇၀၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၄၃ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၂ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၇၇ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၈-၅-၂၀၂၀ ရက်၊ ည (၁၀)နာရီ

## ၈-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၉၅၀၅၈ | ၂၁၇၂၉၂ | ၇၇၀၅၈ |
| ၂။ | စပိန် | ၂၆၀၁၁၇ | ၁၆၈၄၀၈ | ၂၆၂၉၉ |
| ၃။ | အီတလီ | ၂၁၅၈၅၈ | ၉၆၂၇၆ | ၂၉၉၅၈ |
| ၄။ | ဗြိတိန် | ၂၀၆၇၁၅ | စိစစ်ဆဲ | ၃၀၆၁၅ |
| ၅။ | ရုရှား | ၁၈၇၈၅၉ | ၂၆၆၀၈ | ၁၇၂၃ |
| ၆။ | ပြင်သစ် | ၁၇၄၇၉၁ | ၅၅၀၂၇ | ၂၅၉၈၇ |
| ၇။ | ဂျာမနီ | ၁၆၉၄၃၀ | ၁၄၁၇၀၀ | ၇၃၉၂ |
| ၈။ | ဘရာဇီး | ၁၃၆၅၁၉ | ၅၅၃၅၀ | ၉၂၆၅ |
| ၉။ | တူရကီ | ၁၃၃၇၂၁ | ၈၂၉၈၄ | ၃၆၄၁ |
| ၁၀။ | အီရန် | ၁၀၄၆၉၁ | ၈၃၈၃၇ | ၆၅၄၁ |

# အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ နှစ်ဖက်ညှိနှိုင်းသဘောတူညီချက် (၇) ချက်ရရှိ

**ရန်ကုန် မေ ၈**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးဗဟိုဌာန (NRPC) တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT) ကို Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ "ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" ကို ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး COVID-19 ကပ်ကြီးကို ကျော်လွှားနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံသည် ယနေ့ကျင်းပသည့် အစည်းအဝေး အောင်မြင်စေရန်အတွက် အားပေးစကား ပါးလိုက်ပါကြောင်း၊ ကော်မတီ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမှ လူမျိုး၊ ဘာသာ ခွဲခြားခြင်း၊ နေထိုင်ရာဒေသ ခွဲခြားခြင်း အလျဉ်းမရှိဘဲ ချန်လှပ်မထားရေးမူဝါဒ ( No one left behind policy) ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ် ဟု ပါရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ ကော်မတီသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် NCA လက်မှတ်ထိုးထားသည့် အဖွဲ့များသာမက လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် အဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။



အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



**အတတ်နိုင်ဆုံး ထောက်ပံ့သွားမည်**

အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ဒေသများအပေါ်တွင် ကပ်ရောဂါနှင့် ပတ်သက်သည့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ထောက်ပံ့သွားမည်ဖြစ်ပြီး လိုအပ်ခဲ့ပါက အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အကူအညီများရယူကာ ပွင့်လင်းမြင်သာမှုရှိရှိ ကူညီပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ (၁၀) ဖွဲ့စလုံးနှင့် ပြောဆိုဆွေးနွေးပြီးနောက် တစ်ဖွဲ့ချင်းဖြင့်လည်း ဆက်လက်ညှိနှိုင်းသွားရန် အစီအစဉ်များရှိပါကြောင်း၊ ကိုဗစ်-၁၉ ကိစ္စများ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပြီးပါက မိမိတို့၏ အဓိကတာဝန်များဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စများကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရန် လိုပါကြောင်း" ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT) အဖွဲ့ခေါင်းဆောင် ဆလိုင်းထလာဟေးက အဖွင့်အမှာစကားပြောကြားရာ "၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ" ဖွဲ့စည်းပေးခြင်းကို မိမိတို့ NCA-S EAO မှ ကြိုဆိုပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်လည်း မိမိတို့၏ ဒေသများတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် NCA အခန်း ၆၊ အပိုဒ် ၂၅ ပါအတိုင်း အစိုးရကော်မတီနှင့် PPWT အဖွဲ့တို့ လက်တွဲညှိနှိုင်းဆောင်ရွက်ရန်လည်း ပြင်ဆင်ထားပါကြောင်း၊ Coronavirus Disease-2019 (COVID-19) သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးမှ အတူတကွ ဝိုင်းဝန်းအဖြေရှာကြရမည့် လူသားမျိုးနွယ်လုံးဆိုင်ရာ ဘုံပြဿနာ အခက်အခဲ၊ စိန်ခေါ်မှုကြီး တစ်ရပ်ဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါစိန်ခေါ်မှုကြီးကို Stakeholder အားလုံးအတူတကွ ရင်ဆိုင်ကျော်လွှားရန် လိုအပ်နေပါကြောင်း ပြောကြားသည်။

**သဘောတူညီခဲ့**

ယနေ့ကျင်းပသည့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ကိုဗစ်-၁၉ ရောဂါကုသရေး တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများကိစ္စ၊ နိုင်ငံတကာအကူအညီများရယူခြင်းကိစ္စ၊ ကိုဗစ်-၁၉ ရောဂါထိတွေ့လူနာရှာဖွေရေးကိစ္စရပ်တို့ကို ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည့်အပြင် ကော်မတီ ဆက်လက်ညှိနှိုင်းရန်၊ ကော်မတီနှင့် တစ်ဖွဲ့ချင်း ဆက်လက်ဆွေးနွေးရန် တို့ကိုလည်း သဘောတူညီခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မတီ အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "EAO နဲ့ online မှာ တရားဝင်ဆွေးနွေးတာ ပထမဆုံး အကြိမ်ပါပဲ။ ဆွေးနွေးပွဲကို တက်ရောက်သူအနေနဲ့ လူ နှစ်ဆယ်ကျော်လောက်ရှိပြီး နှစ်ဖက်စလုံး အပြန်အလှန်ဆွေးနွေးကြတယ်။ ဆွေးနွေးချက်တွေ ကောင်းပါတယ်။ အစိုးရရဲ့ ကိုဗစ်-၁၉ ကော်မတီအနေနဲ့ EAO တစ်ဖွဲ့ချင်းနဲ့ ဆက်လက် ဆွေးနွေးပါလိမ့်မယ်။ နှစ်ဖက်ညှိနှိုင်းသဘောတူညီမှု (၇) ချက်ရရှိပါတယ်" ဟုပြောသည်။

ယနေ့ဆွေးနွေးမှုများနှင့်ပတ်သက်၍ NCA-S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက " ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး EAO နယ်မြေထဲမှာ နှစ်ဖက် ထိန်းချုပ် ပူးပေါင်း ကာကွယ်သွားဖို့၊ ပိုးတွေ့လူနာ တွေ့ရှိခဲ့သော် ကုသရေးနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးတယ်။ EAO နယ်မြေထဲမှာတော့ ကုသရေးအစီအစဉ်ကို ဘယ်လိုမှ ဆောင်ရွက်နိုင်တဲ့ အခြေအနေ မရှိဘူး။ ဒါကြောင့် အနီးစပ်ဆုံး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရဲ့ ဆေးရုံမှာပဲ ကုသရေးကိစ္စကို ဆောင်ရွက်ရမှာ။ ပိုးတွေ့လူနာရှိလာပြီဆို သူနဲ့ဆက်စပ်တဲ့ ထိတွေ့သူတွေကို ရှာရတော့မယ်။ သူတို့က EAO နယ်မြေမှာ ရှိနေရင် အစိုးရကလည်း ဝင်ရှာဖို့မလွယ်ဘူး။ ဒါနဲ့ ပတ်သက်ပြီး EAO တွေက ကူညီရှာဖွေပေးဖို့၊ နှစ်ဖက်ပူးပေါင်းရှာဖွေဖို့ သဘောတူတယ်။

**အကူအညီလို**

နောက်ရွှေ့ပြောင်းအလုပ်သမား ကိစ္စတွေအပြင် နေရပ်ရွှေ့ပြောင်းဒုက္ခသည် (IDPs) တွေရဲ့ ကိစ္စက ရှိတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီး ဆွေးနွေးတယ်။ အစိုးရက တရားဝင်သတ်မှတ်ထားတဲ့ လမ်းကြောင်းတွေ ရှိပေမယ့် နီးစပ်ရာဝင်ပေါက်က ဝင်လာမယ့် သူတွေလည်းရှိနိုင်တယ်။ ကိုယ့်နိုင်ငံသား ဖြစ်နေတော့ ဒါကို မဝင်လာနဲ့လို့ ကျွန်တော်တို့ ပြောလို့ရဘူး။ အဲ့ဒါကို EAO တွေကလည်း စနစ်တကျ တာဝန်ယူပေးဖို့၊ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ဆွေးနွေးတယ်။ နောက်ဆုံးအချက်ကတော့ ဒီလုပ်ငန်းစဉ်အားလုံးအတွက်ဆို အကူအညီလိုတယ်။ အစိုးရက ကူညီတာ ရှိမှာဖြစ်သလို၊ အခြားနိုင်ငံတကာ အဖွဲ့အစည်းက ကူညီတာတွေရှိမယ်။ ဒါကို ပူးပေါင်းဆောင်ရွက်ဖို့ဆိုပြီး သဘောတူတယ်။ ဒါတွေအားလုံးကို ကျွန်တော်တို့ ဗဟို (PPWT)က မူအားဖြင့် သဘောတူတယ်။ ကျန်တာတွေကိုတော့ အစိုးရနဲ့သက်ဆိုင်ရာ EAO တစ်ဖွဲ့ချင်းစီ ဆွေးနွေးမယ်။ သူတို့ တစ်ဖွဲ့ချင်းစီ ဆွေးနွေးပြီးပြီဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်နဲ့ EAO အသေးစိတ် ဆွေးနွေးဖို့ ညှိနှိုင်းထားတာပါ" ဟု ဖြေကြားသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက် ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၁၁ ရက်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မေ ၁၂ ရက်တွင် မွန်ပြည်သစ်ပါတီ NMSP တို့နှင့် တစ်ဖွဲ့ချင်း ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။

သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - HMS

# ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာသို့ နေပြည်တော်ကောင်စီဝင် စစ်ဆေး

**နေပြည်တော် မေ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီဝင် ဦးတင်ထွန်းသည် ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ မြို့နယ်ပညာရေးမှူး ဦးစောသန်းထွန်းတို့နှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း ကန့်သတ်စောင့်ကြည့်နေရာရှိ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (ယာပုံ)

ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်တွင်းမှ မိမိမြို့နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအားအသွားအလာကန့်သတ်ခြင်းထားရှိလျက်ရှိရာ ယနေ့နံနက်ပိုင်းအထိ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၉ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် နေပြည်တော် ပြင်ပဒေသမှ ဝင်ရောက်လာသူများအား စစ်ဆေးရေးဂိတ်ခြောက်ခုနှင့် ဘူတာ လေးနေရာတို့တွင် ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးမှုများ ပြုလုပ်ပြီး လိုအပ်ပါက သတ်မှတ်နေရာအဆောက်အအုံများတွင် ထားရှိစောင့်ကြပ်ကြည့်ရှုလျက်ရှိရာ မေ ၇ ရက် အထိ ဒက္ခိဏသီရိ မြို့နယ် နယူးရောဟိုတယ်တွင် သုံးဦး၊ စည်ပင်ဧည့်ရိပ်သာတွင် ၈၁၃ ဦး၊ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်) တွင် ၂၉၇ ဦးနှင့် မြို့နယ်ရှစ်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ၄၀၂ ဦး စုစုပေါင်း ၁၅၁၅ ဦးရှိပြီးဖြစ်ကြောင်း နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



အောင်ကို(မြန်/ဆက်)

# ပင်လယ်ကမ်းခြေတွင် ခုံများကို အစုလိုက်အပြုံလိုက် တွေ့ရှိနေရခြင်းက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆက်စပ်မှုမရှိနိုင်ကြောင်း သိရ

**ဟိုင်းကြီးကျွန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက်၏ တောင်ဘက်တွင်ရှိသော ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ထူးခြားစွာ နေရာအနှံ့ခုံများကို အစုလိုက်အပြုံလိုက် တွေ့ရှိနေရသော်လည်း ယင်းဖြစ်စဉ်မှာ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆက်စပ်မှုမရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန(သမီးလှကျွန်း)မှ ဦးစီးအရာရှိ ဦးဖုန်းမော် ၏ ပြောပြချက်အရ သိရှိရသည်။

## စိုးရိမ်မှုပိုမိုမြင့်တက်လာ

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ကမ်းခြေတစ်လျှောက်တွင် ခုံများ အစုလိုက်အပြုံလိုက်တွေ့ရှိနေရခြင်းနှင့် ပတ်သက်၍ ဒေသခံများအကြား သဘာဝဘေးအန္တရာယ်တစ်ခု ကြုံတွေ့လာနိုင်ကြောင်းကို အချင်းချင်းခန့်မှန်းသုံးသပ်ကာ စိုးရိမ်ပူပန်မှုများမြင့်တက်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း အင်တာနက်စာမျက်နှာများ၌ သတင်းများပျံ့နှံ့သွားခဲ့ပြီးသည့် နောက်ပိုင်းတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း စိတ်ဝင်စားမှု မြင့်တက်လာခဲ့၍ ဒေသခံများအကြားတွင်လည်း စိုးရိမ်ပူပန်မှု ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

## ပင်လယ်ရေတိုက်စား၍ ခုံအကောင်ငယ်များသေဆုံး

ယင်းခုံများကို ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ကမ်းခြေတစ်လျှောက်၌ ဧပြီ ၃ ရက်ခန့်က အနည်းငယ် စတင်တွေ့ရှိခဲ့ပြီး ဒေသခံများက စားသောက်ရန်အတွက် တူးယူမှုများရှိလာသကဲ့သို့ ခုံများတွေ့ရှိမှုမှာလည်း တဖြည်းဖြည်းများလာကာ အစုလိုက်အပြုံလိုက်တွေ့ရှိရသည်အထိ များပြားလာခဲ့ကြောင်း သိရှိရသည်။ မူလစတင်တွေ့ရှိခဲ့သော ခုံများမှာ စားသောက်နိုင်သော အရွယ်များဖြစ်ပြီး နောက်ပိုင်းတွင် စားသောက်၍ မရနိုင်သေးသည့် အကောင်ငယ်များက ပိုမိုများပြားစွာ တွေ့ရှိလာရခြင်းဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။ အဆိုပါခုံအကောင်ငယ်များမှာ သဲသောင်ခုံအတွင်း ရှစ်လက်မခန့်အထိ အထပ်လိုက်တည်ရှိနေ၍ အပေါ်ယံသဲမြေရှိစဉ်က အနည်းငယ်သာ မြင်တွေ့ရသည်။ သို့သော်လည်း ယခုနောက်ပိုင်း ခုံအကောင်ငယ်များ၏ အပေါ်၌ရှိသော သဲမြေတချို့ ပင်လယ်ရေတိုက်စားမှုနှင့်အတူ ပါသွားခြင်းကြောင့် သဲမြေအတွင်းတူးဝင်၍ မရတော့ဘဲ နေရောင်ခြည်နှင့်ထိတွေ့ကာ သေဆုံးကြသဖြင့် ခုံခွံများကို နေရာအနှံ့တွေ့ရှိနေရကြောင်း သိရှိရသည်။

## လက်ရှိအခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိ

“စိုးရိမ်ပူပန်မှုများ ဖြစ်ရမယ့်အခြေအနေမျိုး မဟုတ်သေးကြောင်း၊ ပင်လယ်ပြင် ထူးခြားမှုအခြေအနေကို စောင့်ကြည့်သင့်ပေမယ့်လည်း ပင်လယ်ကမ်းခြေပေါ်သို့ ရေအနက်တွင်နေထိုင်သော ရေသတ္တဝါများ ရောက်ရှိလာခြင်း၊ ရေနက်ပိုင်းမှာရှိနေတဲ့ မြေသားတွေနဲ့မြေခဲတွေလိုမျိုးအရာတွေ ရောက်ရှိလာ တာကို တွေ့ရှိလာရမှသာ စိုးရိမ်ဖွယ်ရာရှိကြောင်း” ငါးလုပ်ငန်းဦးစီးဌာန (သမီးလှကျွန်း) ဦးစီးအရာရှိ ဦးဖုန်းမော်က ပြောသည်။

## ခုံဈေးကွက်

ယခုတွေ့ရှိရတဲ့ ခုံအမျိုးအစားမှာ ဒေသအခေါ် ခုံချောဖြစ်ပြီး ယင်းအမျိုးအစားများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင် ဧရာချောင်းဝသောင်ခုံ၌ လည်းကောင်း၊ သောင်သာချောင်းဝ သောင်ခုံ၌ လည်းကောင်း၊ လပွတ္တာခရိုင် အမတ်ကြီးကွင်းပေါက် သောင်ခုံများ၌ လည်းကောင်း များစွာတွေ့ရှိရကြောင်း၊ ယင်းဒေသများ၌ တွေ့ရှိရသည့် ခုံများသည် ရောင်းတန်းဝင် အရွယ်အစားများဖြစ်သည့်အပြင် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိပါ ရောင်းဝယ်ဖောက်ကားမှုများရှိကြောင်း၊ လက်ရှိဟိုင်းကြီးကျွန်းဒေသတွင် တွေ့ရှိနေရသော ခုံများ၏ အခြေအနေအရ လာမည့် သုံးနှစ်ခန့်လောက်တွင် ဒေသတွင်း စားသုံးနိုင်သည့် ရေထွက်ပစ္စည်းတစ်ခုအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း သိရှိရသည်။



သေဆုံးနေသော ခုံကောင်များအကြား ခုံကောင်အရှင်များကို ရှာဖွေတူးယူနေကြသော ဒေသခံများ

## ခုံများ၏ပေါက်ပွားရှင်သန်မှု

ခုံများသည် နွေရာသီတွင် ရေချိုရေငန်စပ် ဧရိယာအတွင်း၌သာ မျိုးပွားလေ့ရှိကြောင်း၊ မျိုးပွားပုံမှာ အရွယ်ရောက်ပြီးသော ခုံအထီးနှင့်အမတို့သည် ၎င်းတို့၏ မျိုးဥကို ရေထဲသို့ ထုတ်လွှတ်လိုက်ပြီး ထိုမျိုးဥများသည် ရေစီးကြောင်းအလိုက်မျောပါ၍ ပေါင်းစပ်ကြကာ ၁၂ နာရီအတွင်း အောင်မြင်သော မျိုးဥအဖြစ်သို့ ပြောင်းလဲသွားကြောင်း၊ ယင်းမျိုးဥများသည် အဆင့်ဆင့် ပြောင်းလဲ၍ ရက်သတ္တပတ် သုံးပတ်မှ လေးပတ်ခန့်အကြာတွင် သားလောင်းကလေးများအဖြစ် ပေါက်ပွားကာ အကောင်မွှား၊ အပင်မွှားနှင့် ရောနှော၍ ရေစီးကြောင်းအလိုက် မျောပါသွားကြပြီး သင့်လျော်သော ကမ်းခြေများတွင် ကပ်ငြိကာ ဆက်လက်ရှင်သန်ကြကြောင်း၊ ကမ်းခြေသည် သဲသောင်ခုံဖြစ်၍ အပေါ်ယံတွင် နုန်းမြေပါးပါးဖုံးအုပ်နေပါက ပိုမိုရှင်သန်နိုင်ကြကြောင်း၊ ရှင်သန်သော ခုံသားလောင်းများသည် သုံးနှစ်သားခန့်တွင် အရွယ်ရောက်ကြပြီး သက်တမ်းအရ ခုနစ်နှစ်အထိ အသက်ရှင်နိုင်ကြောင်း၊ ခုံများရှင်သန်နေသော သဲခုံများသည် ခုံသားလောင်းများ အထပ်ထပ်နစ်မြုပ်လျက်ရှိသဖြင့် ခုံသားလောင်းများကို တစ်ပေခွဲအနက်ခန့်အထိ မြေကိုတူး၍ တွေ့ရှိနိုင်ကြောင်း သိရှိရသည်။

## အစုလိုက်ရှင်သန်နေထိုင်ကြခြင်းဖြစ်

ဆက်လက်၍ ယနေ့တွေ့ရှိရသော ခုံများသည် အရွယ်ညီ၍ ၁၀ မီလီမီတာခန့်ကို အများဆုံးတွေ့ရပြီး တချို့ခုံများသည် ၂၆ မီလီမီတာခန့်သာ တွေ့ရကြောင်း၊ ခုံအသေအခွံများ ၊ သေခါစအခွံများ၊ အရှင်များ သုံးမျိုးကွဲနေသည်ကို တွေ့ရကြောင်း၊ မြေပေါ် ပေါ်နေသော ခုံများ၏ အောက်သို့ သဲမြေကိုတူးကြည့်လျှင် အောက်တွင် ခုံအရှင်များရှိနေကြောင်း၊ လက်ရှိအများဆုံးတွေ့ရသော ခုံများ၏အသက်မှာ နှစ်ဝက်ခန့်ရှိပြီဟု ခန့်မှန်း၍ရကြောင်း၊ ဤကမ်းခြေတွင် ခုံများ အစုလိုက်အပြုံလိုက်တွေ့ရသောနေရာသည် ပင်လယ်သို့ ချွန်ထွက်နေသည့် သောင်ခုံဖြစ်ပြီး အထက်နှင့်အောက်ဘက်တွင် ချိုင့်သဏ္ဍာန် နေရာများရှိသောကြောင့် ရေစီးနှုန်းနည်းပြီး အနည်ထိုင်နှုန်းများသည့် နေရာဖြစ်ကြောင်း၊ ထို့ကြောင့် ခုံသားလောင်းများ စုပြုံရောက်ရှိလာပြီး ရှင်သန်နေကြခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်အနည်းငယ်ကတည်းက ခုံသားလောင်းများ ရောက်ရှိလာခဲ့ခြင်းကြောင့် ယခုနှစ်၏ လွန်ခဲ့သော လအနည်းငယ်က လူများစားသုံးနိုင်သည့်အရွယ်ခုံများကို ရှာဖွေရရှိနိုင်ခြင်းဖြစ်ကြောင်း၊ ဤနေရာသည် လွန်ခဲ့သော ငါးနှစ်ကျော်ခန့်က ယခုမြင်တွေ့ရသည့် ခုံများကို တွေ့မြင်နိုင်ခြင်း မရှိခဲ့သော်လည်း ပတ်ဝန်းကျင်အခြေအနေအရ ရေစီးကြောင်းများပြောင်းလဲ၍ သဲများနှင့်အတူ ခုံများ လာစုဝေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မြေပြင်ပေါ်၌ ခုံများကို အစုလိုက် အပြုံလိုက်တွေ့ရခြင်းမှာ အပေါ်ယံတွင် ဖုံးအုပ်နေသော သဲများကို ရေထရက်ဖြစ်၍ တိုက်စားခံရခြင်း၊ ရာသီလေဖြစ်သည့် အနောက်လေများ တိုက်ခတ်ရာမှ သဲများ ပင်လယ်ထဲသို့ မျောပါမှုများခြင်းတို့ကြောင့်ဖြစ်ကြောင်း” ငါးလုပ်ငန်းဦးစီးဌာန (သမီးလှကျွန်း)မှ ဦးစီးအရာရှိ ဦးဖုန်းမော်က ပြောသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်မှုကြောင့် အဆောက်အအုံ ၄၀၀ ကျော်ပျက်စီး

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ် ၁၄ မြို့နယ်တွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၁၁ ခုနှင့် လူနေအိမ် အပါအဝင် အဆောက်အအုံ ၄၀၀ ကျော် ပျက်စီးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစဝီလီဖရန့်ထံမှ သိရှိရသည်။

မေ ၆ ရက် ညနေပိုင်းတွင် တိုက်ခတ်ခဲ့သည့် လေပြင်းကြောင့် ကောလင်း၊ ထီးချိုင့်၊ ကသာ၊ ဗန်းမောက်၊ ဝန်းသို၊ ပင်လည်ဘူး၊ အင်းတော်၊ မော်လိုက်၊ ကလေးဝ၊ ကလေး၊ မင်းကင်း၊ ရေဦး၊ ကန့်ဘလူ၊ ကျွန်းလှ စသည့် မြို့နယ်များတွင် ဘာသာရေးအဆောက်အအုံ ၁၁ ခု၊ ပြိုကျပျက်စီး အဆောက်အအုံ လေးလုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီး အဆောက်အအုံ ၃၈၉ လုံး၊ အိမ်ထောင်စု ၄၀၁ စု၊ လူဦးရေ ၇၀၀ ကျော် လေဘေးသင့်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (ဝဲပုံ)

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက သေဆုံးသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်း၊ ဒဏ်ရရသူတစ်ဦးလျှင် ငွေကျပ် ငါးသောင်း၊ ပြိုကျသည့် အဆောက်အအုံတစ်ခုလျှင် ငွေကျပ် တစ်သိန်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် နေအိမ်များကို ပျက်စီးမှုအပေါ်မူတည်၍ ငွေကျပ် ၁၀၀၀၀ မှ ၇၅၀၀၀ အထိ ထောက်ပံ့လျက်ရှိကြောင်း၊ အလားတူ လူတစ်ဦး စားသောက်နိုင်ရန်အတွက် တစ်ရက်လျှင် ငွေကျပ် ၃၀၀ ဖြင့် တစ်ပတ်စာ စားသောက်နိုင်ရန် ငွေကျပ် ၂၁၀၀ ဖြင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး ထောက်ပံ့ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ပြောကြားသည်။

မွေးကြူဇင်

## အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃ | ဒီဇင်ဘာ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| ၄ | ဇန်နဝါရီ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ |
| ၅ | ဖေဖော်ဝါရီ | ၁၀၂၀၁၆ | ၂၄၆၁၂ | ၁၂၆၆၂၈ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ |
| ၆ | မတ် | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ |
| ၇ | ဧပြီ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ | ၀ | ၆၁ | ၆၁ |
| စုစုပေါင်း | | ၅၇၄၈၄၀ | ၁၅၁၈၆၇ | ၇၂၆၇၀၇ | ၅၂၀၆၆၄ | ၁၅၀၀၆၅ | ၆၇၀၇၂၉ |

**မှတ်ချက်။** ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း COVID-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ်၊ ဧပြီလ | | ၂၀၂၀ ခုနှစ်၊ ဧပြီလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၄၂၅၁၄ | ၁၆၄၉၃ | | ၆၁ | |
| ၂ | မန္တလေးလေဆိပ် | ၂၁၅၇၂ | ၄၂၄၂ | | | |
| ၃ | နေပြည်တော်လေဆိပ် | ၁၃၆ | ၂၂၈ | | | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | | | |
| ၅ | တာချီလိတ် | ၄၃၁၅ | ၅၀၂ | | | |
| ၆ | မြဝတီ | ၁၄၂၄ | ၁၂၄၅ | | | |
| ၇ | ကော့သောင်း | ၆၃၀ | ၆၀ | | | |
| ၈ | ထီးခီး | ၄၉ | ၅၈ | | | |
| ၉ | တမူး | ၂၆၉ | ၁၆ | | | |
| ၁၀ | ရိခေါဒါရ် | ၂၃၉ | ၄ | | | |
| စုစုပေါင်း | | ၇၁၁၄၈ | ၂၂၈၄၈ | ၀ | ၆၁ | |

**မှတ်ချက်။** ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း COVID-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။

# တိုက်စစ်မှူးကျော်ကိုကို ထိုင်းလိဂ်-၁ ကလပ်အသင်းအချို့နှင့် ညှိနှိုင်းနေ

**ရန်ကုန်  မေ ၈**

ထိုင်းကလပ် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲခဲ့သည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုသည် ရာသီဝက် အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ရန် ထိုင်းလိဂ်-၁ ကလပ်အသင်းအချို့နှင့် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

ကျော်ကိုကိုသည် ပြီးခဲ့သည့်ရက်ပိုင်းကမှ ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲခဲ့ခြင်း ဖြစ်ပြီး အေးဂျင့်ဖြစ်သူမှတစ်ဆင့် အခြားကလပ်အသင်းနှစ်သင်းနှင့် ညှိနှိုင်းနေခြင်း ဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ခုနှစ်ကတည်းက ထိုင်းကလပ်အသင်းများတွင် သွားရောက်ကစားခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရသူဖြစ်ပြီး ယခုရာသီတွင်လည်း ဆူခိုထိုင်းအသင်းတွင် လပိုင်းသာကစားကာ နှစ်ဦးသဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲမှာ လေးပွဲကစားအပြီးတွင် ရပ်နားထားရပြီး ကျော်ကိုကိုအနေဖြင့် အသင်းပြောင်းရွှေ့ပါက ရာသီဝက်အပြောင်းအရွှေ့ကာလမှသာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျော်ကိုကို သည် ၂၀၁၈ ခုနှစ်က ဒူးဒဏ်ရာခွဲစိတ်ကုသ ခဲ့ရသော်လည်း လက်ရှိအခြေအနေတွင် ပုံမှန်အနေအထား ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ကျော်ကိုကိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဇေယျာရွှေမြေအသင်းတွင် စတင်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ သည်။ ၂၀၁၈ ရာသီတွင်မူ ပြည်တွင်းကလပ်များမှတစ်ဆင့် ထိုင်းကလပ်များသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၈ ရာသီတွင် ချင်းရိုင်ယူနိုက်တက်အသင်း၊ ၂၀၁၉ ရာသီတွင် ဆာမတ်ပရာခန်အသင်း၊ ၂၀၂၀ ရာသီတွင် ဆူခိုထိုင်းအသင်းသို့ ပြောင်းရွှေ့ကစား ခဲ့သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်



# ပူတာအို-နမ်ထွမ်ခူးလမ်း ကျောက်ခင်းခြင်းလုပ်ငန်းကြည့်ရှု

**ပူတာအို  မေ ၈**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပူတာအို-နမ်ထွမ်ခူး ကျောက်ခင်းလမ်းနှင့် နမ်ထွမ်ခူးကျေးရွာ ရေပေးဝေရေးလုပ်ငန်းအတွက် အရှည် ၁/၄ မိုင် ရေပိုက်သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်း စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့မှ နမ်ထွမ်ခူးကျေးရွာသို့ ဆက်သွယ်ထားသော အရှည် ၁၄ မိုင်ရှိ ပူတာအို-နမ်ထွမ်ခူးလမ်းပေါ်ရှိ ဌာနခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၇ ဒသမ ၀၀၁ ဖြင့် ဆောင်ရွက်လျက်ရှိသော အရှည် ၁/၄ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းအရှည် ၁၄ မိုင်အနက် ငါးမိုင်ကို၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပြီး ကျန်ရှိသော လမ်းအရှည် ကိုးမိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၇၀၀ ဖြင့် လမ်းအရှည် ၅/၄ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ဒုတိယ ခြောက်လပတ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၂၅၆ ဒသမ ၂၄ ဖြင့် လမ်းအရှည် နှစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယခု ကျန်ရှိနေသော ယင်းလမ်းအရှည် ၁/၄ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ပြီးစီးဆောင်ရွက်နေကြောင်း သိရသည်။

ဆန်းညွန့်(ပူတာအို)

# အာဆင်နယ်က အူဘာမီယန်နှင့် အီကာဒီကို အလဲအထပ်ပြုလုပ်ဖွယ်ရှိ

အာဆင်နယ်အသင်းသည် အူဘာ မီယန်၏နေရာကို အစားထိုးနိုင်ရန် အတွက် အီကာဒီကို ခေါ်ယူဖွယ်ရှိ ကြောင်း အီတလီအခြေစိုက်သတင်း များတွင် ဖော်ပြထားသည်။



အီကာဒီသည် အကောင်းဆုံး တိုက်စစ် ကစားသမားများထဲမှ တစ်ဦးဖြစ်ကြောင်း ငြင်းဖွယ်ရာ မရှိသော်လည်း ပြီးခဲ့သည့်နှစ် ပီအက်စ်ဂျီအသင်းသို့ အငှားမချမီတွင် အင်တာမီလန်အသင်းနှင့် အဆင်မပြေမှုများ ဖြစ်ပွားခဲ့ပြီး အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားခံခဲ့ရသူလည်း ဖြစ်သည်။

အီကာဒီသည် ပီအက်စ်ဂျီအသင်းတွင် ခြေစွမ်းပြကစားထားနိုင်ပြီး သွင်းဂိုးများ သွင်းယူထားနိုင်သော်လည်း ပီအက်စ်ဂျီအသင်းအနေဖြင့် အဆိုပါကစားသမားကို အမြဲတမ်းခေါ်ယူရေးနှင့် ပတ်သက်ပြီး သံသယအနေအထားတွင် ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သတင်းများတွင် အင်တာမီလန်အသင်းသည် အူဘာမီယန်ကို ခေါ်ယူနိုင်ပါမှ အီကာဒီကို အာဆင်နယ်အသင်းသို့ ထွက်ခွာခွင့်ပြုဖွယ်ရှိကြောင်း ဖော်ပြထားသည်။ အူဘာမီယန်သည်လည်း အာဆင်နယ်အသင်းတွင် ခြေစွမ်းပြသထားနိုင်ပြီး သွင်းဂိုးများစွာ သွင်းယူထားသူဖြစ်သည်။

လက်ရှိတွင် အူဘာမီယန်သည် ပရီမီယာလိဂ်သွင်းဂိုး အများဆုံးစာရင်း၌ ဒုတိယနေရာတွင် ၁၇ ဂိုးဖြင့် ရပ်တည်နေသူဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ဂါဘွန်တိုက်စစ်ကစားသမား အူဘာမီယန်တို့၏ လက်ရှိစာချုပ်သက်တမ်းသည် လာမည့်နှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် အဆိုပါ ဒေါ့မွန်တိုက်စစ်ကစားသမားဟောင်းကို လာမည့်နှစ်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုဖွယ်မရှိသည့် အတွက် ရောင်းထုတ်ဖွယ် ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ထို့ကြောင့် အဆိုပါကစားသမားနှစ်ယောက်၏ အလဲအထပ် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။ ပြီးခဲ့သည့်နှစ်တွင် အာဆင်နယ်အသင်းသည် အာရွန်ရမ်ဆေးကို ဂျူဗင်တပ်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုခဲ့ရပြီးလည်း ဖြစ်သည်။

မန်ယူအသင်းက အူဘာမီယန်ကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အင်တာမီလန်အသင်းကို ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ အူဘာမီယန်သည် ၂၀၁၈ ခုနှစ်တွင် ဒေါ့မွန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက် အသင်းတွင် ခြေစွမ်းပြသထားနိုင်ကာ ၉၇ ပွဲတွင် ၆၁ ဂိုးအထိ သွင်းယူထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

အောင်ဇော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မေ ၈**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဒဂုံမြို့သစ်(တောင်ပိုင်း)၊ တာမွေ၊ သဃ်္ဃန်းကျွန်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၄)ရပ်ကွက် ဖွဲ့ကပင်(၃)လမ်း အိမ်အမှတ် မ-၅၉၃/က နေ သိန်းမင်းဦး(ခ) ဂျပန်ကြီး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၊ အိုက်စ် သုည ဒသမ ၀၃၂ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၀၀၄၅ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၅၄)ရပ်ကွက် ဖွဲ့ကပင်(၃)လမ်း၌ ဇော်မင်းဦး(ခ) ဇော်ကြီး(ခ) လွတ်ကမန်း ကိုလည်းကောင်း၊ ညပိုင်းတွင် ကျော်ဇေယျာလင်း (ခ) ဇေယျာ (ခ) ကိုငယ်လေး ကို တာမွေမြို့နယ် တာမွေကြီး(က/ဂ) ရပ်ကွက် ဗညားဒလ လမ်းတွင် Kluger ယာဉ်နှင့်အတူ ဖမ်းဆီးရမိပြီး ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ဆက်လက်၍ ကျော်ဇေယျာလင်း (ခ) ဇေယျာ(ခ)ကိုငယ်လေး နေထိုင်သည့် သဃ်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက် ရတနာလမ်း မလိခအိမ်ရာ တိုက်အမှတ်(၂၃) ခြောက်လွှာရှိ အခန်းအမှတ်(၅၁)ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀ နှင့် အိုက်စ် ၁ ဒသမ ၁ ကီလိုတို့ကို လည်းကောင်း စုစုပေါင်း ငွေကျပ် ၁၅၂၀ ဒသမ ၆ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၇ ရက် မွန်းလွဲ ၁နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖတ်ဟိ(အောက်) ကျေးရွာအနီး မိုင်းဆတ်-တာချီလိတ် ကားလမ်းတွင် လီဗု မောင်းနှင်ပြီး လော်ညီး လိုက်ပါလာသည့် Fortuner ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



လော်ညီးနှင့် လီဗု တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၉ . ၅ . ၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ကယားပြည်နယ်အစိုးရအဖွဲ့)
- ၉:၁၅ - “မင်္ဂလာပါအင်္ဂလိပ်သင်ခန်းစာ အစီအစဉ်” (ပြန်လည်သုံးသပ်ခြင်း) (Reviewing) (Part- 2)
- ၉:၄၀ - ပန်းပျိုးခင်း (အပိုင်း - ၂)
- ၁၁:၃၅ - ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသားခေါ်ဆောင်ရာ” (အပိုင်း- ၄၂)
- ၁၄:၂၀ - “အတ္တမဲ့ပီတိများ”

**ညပိုင်း**

- ၁၆:၃၅ - ပုံပြင်ကမ္ဘာအစီအစဉ် “ ဝါးပင်ငယ်ငယ်ချစ်စဖွယ်”
- ၁၆:၄၅ - “ကိုဗစ်- ၁၉ ကာကွယ်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့”
- ၁၇:၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၃၅ - “လာလည်စေချင်သည် မကျည်းကန်ကျေးရွာမှ CBT”
- ၁၈:၃၀ - MRTV Travelogue “ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးသွားမှတ်တမ်း”(အပိုင်း-၃)
- ၁၈:၄၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ “ ဝိဇယပူရမြို့ပင်းယ” (ရွှေစည်းခုံစေတီတော်) (အပိုင်း- ၂)
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ” (အပိုင်း- ၂၈)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့)
- - မြန်မာဗီဒီယိုဇာတ်လမ်း “အချစ်ဆိုသည်မှာ” အောင်ရဲလင်း၊ ဖွေးဖွေး၊ မေသက်ခိုင် (ဒါရိုက်တာ- ဝိုင်း)
- - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်မှ ၅ ရက်အထိ တရားမဝင်သစ်များဖမ်းဆီးခဲ့ရာ လောင်းလုံမြို့နယ် ကျောက်တွင်းကျေးရွာအနီး ပိတောက်ခွဲသား ၆ ဒသမ ၅၅၄၀ တန်၊ သာပေါင်းမြို့နယ် ငကြွက်ကုန်းကျေးရွာအနီး ညောင်ပင်သာချောင်းအတွင်းမှ စက်လှေတစ်စင်းနှင့်အတူ အခြားခွဲသား ၉ ဒသမ ၀၁၉၈ တန်၊ ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်းမှ တရားမဝင်ကျွန်း၊ ပျဉ်းကတိုးခွဲသား ၅ ဒသမ ၄၀၅၀ တန်၊ ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာ ပတ်ဝန်းကျင်မှ တရားမဝင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်သစ်၊ ခွဲသား ၄၈ ဒသမ ၇၉၆၈ တန်၊ မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာအနီးမှ ကျွန်းခွဲသား ၁၀ ဒသမ ၇၂၉၀ တန်တို့ကို ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မုပ္ပလင် လမ်းဆုံအနီးမှ ယာဉ်တစ်စီးနှင့်အတူ တရားမဝင်ကျွန်းတံခါးရွက် ဝ ဒသမ ၉၁၉၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး ပျဉ်းကတိုးခွဲသားနှင့် အင်ခွဲသား ၅ ဒသမ ၀၅၃၄ တန် တင်ဆောင်သယ်ယူလာသည့် သုံးဘီးယာဉ်ငါးစီးနှင့်အတူ ပြစ်မှုကျူးလွန်သူ ငါးဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ရန်ကုန်-မန္တလေးကားလမ်းတွင် တွဲယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**ရေတာရှည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ အမှတ် ၅ ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းတွင် မေ ၇ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ၂၂ ဘီးတွဲယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ဒဏ်ရာရရှိပြီး နောက်တွင်လိုက်ပါလာသူမှာ သေဆုံးသွားခဲ့ကြောင်း မြို့လှနယ်မြေရဲစခန်းမှ သိရသည်။

ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှ မြောက်သို့ မတ္တရာမြို့နေသူ အောင်နိုင်စိုး (၃၇ နှစ်) မောင်းနှင်လာသော 9I/---- နစ်ဆန်း ၂၂ ဘီးယာဉ်သည် မိုင်တိုင် ၁၉၇/၅ နှင့် ၆ အကြား အခင်းဖြစ်နေရာအရောက် ကားလမ်းအရှေ့ဘက်မှ အနောက်ဘက်သို့ မြို့လှမြို့ စရစ်စမ်းကျေးရွာနေသူ အောင်ချစ်ဇော် (၂၅ နှစ်) မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ ဝင်းကျော်မိုး(ခ)ဖိုးကုလား (၂၀ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်ကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အောင်ချစ်ဇော်မှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိ၍ စီးနင်းသူ ဝင်းကျော်မိုး (ခ) ဖိုးကုလားမှာ ရရှိသည့်ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးသွားသဖြင့် ယာဉ်မောင်း အောင်နိုင်စိုးကို မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**



# မြင်းမူမြို့နယ်အတွင်း အိမ်ခြေ ၄၄ လုံး မီးလောင်မှုဖြစ်

**မြင်းမူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာအုပ်စု စိုင်မြစ်ကျေးရွာတွင် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်က နေအိမ် ၄၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြင်းမူမြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ယင်းကျေးရွာရှိ အိမ်ခြေ ၄၄ လုံး အိမ်ထောင်စု ၅၁ စုမှ မီးဘေးသင့်သူ ၁၉၉ ဦးရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# မင်းလှ၌ ဒေသန္တရအမိန့်ဖောက်ဖျက်သူ ခုနစ်ဦးအား အရေးယူ

**မင်းလှ မေ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မေ ၇ ရက် ညပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးကာလအတွင်း ဒေသန္တရအမိန့် လိုက်နာမှုမရှိသူ ခုနစ်ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မေ ၇ ရက် ည ၁၁ နာရီခွဲခန့်က မြို့မရဲစခန်းမှူး ဒုရဲမှူး လင်းလင်းနှင့်တပ် ဖွဲ့ဝင်များသည် သရက်တပင်တာဆုံ၌ ကွင်းကလေးကျေးရွာနေ ထက်လွင်နှင့် လှမျိုးထွန်းတို့ကိုလည်းကောင်း၊ စိန်ကန့်လန့်ကျေးရွာ အ.ထ.က ကျောင်းရှေ့၌ ကွင်းကလေးကျေးရွာနေသူ နိုင်လင်းနှင့် စောလာဘွဲ့ထူး၊ မေ ၈ ရက် နံနက် ၁ နာရီတွင် စိန်ကန့်လန့်ကျေးရွာ အ.ထ.က ကျောင်းရှေ့၌ စိန်ကန့်လန့်ကျေးရွာနေ ကိုသော်၊ ရဲဝင်းထွဋ်နှင့် မိုးဝင်းတို့ကို တွေ့ရှိသဖြင့် ထိန်းသိမ်းခဲ့သည်။

၎င်းတို့အား စစ်ဆေးမေးမြန်းရာ ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိသဖြင့် ဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**

# မိုင်းခတ်မြို့နယ်၌ ဒေသန္တရအမိန့် ချိုးဖောက်သူ သုံးဦးအား ထောင်ဒဏ် သုံးလစီချမှတ်

**မိုင်းခတ် မေ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ်တွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ညမထွက်ရအမိန့်ထုတ်ပြန်ထားရာ စည်းကမ်းချိုးဖောက်သူ သုံးဦးကို မြို့နယ်တရားရုံးက ထောင်ဒဏ် သုံးလစီကျခံရန် အမိန့်ချမှတ်ခဲ့သည်။

မိုင်းခတ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် မေ ၇ ရက် ည ၁၁ နာရီ မိနစ် ၅၀ က မြို့မဈေးလမ်းထောင့်၌ ဆိုင်ကယ်စီးလာသော အိုက်ကား (၂၅ နှစ်)၊ စိုင်းလုံကျော် (၂၁ နှစ်)၊ စိုင်းတစ်(၁၉ နှစ်) တို့ကို စစ်ဆေးမေးမြန်းရာ ခိုင်လုံသောအကြောင်းအရာ တစ်စုံတစ်ရာမရှိဘဲ သွားလာနေသဖြင့် ၎င်းတို့ကို ဖမ်းဆီးခဲ့ပြီး မြို့နယ်တရားသူကြီးက ထောင်ဒဏ် သုံးလစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ **မိုးဒေ (မိုင်းခတ်ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၈ စီး၊ သွင်းကုန်အစီး ၃၁၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈ ဒသမ ၂၃၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ဝ ဒသမ ၅၂၅ သန်း စုစုပေါင်း ဖမ်းဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈ ဒသမ ၇၆၀ သန်းကို ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် မစ်ဆူဘီရှိ ကင်တာ ယာဉ်နှစ်စီးကို စစ်ဆေးရာ ၎င်းယာဉ်နှစ်စီးပေါ်တွင် ဆီးဆန်အိတ်၊ ဆန်အိတ်များနှင့်အတူဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအမျိုးအစားမျိုးစုံ (စုစုပေါင်း ကျောက်တုံး အလေးချိန် ၄၇၅၉ ကီလိုဂရမ်)၊ Chalcedony ဟုယူဆရသော ကျောက်တုံး (၉၅ ကီလိုဂရမ်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈ ဒသမ ၂၃၅ သန်း ကိုတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး စာတစ်စောင်ပေးပို့

ပြုံယမ်း မေ ၈

**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး စာတစ်စောင်ပေးပို့လိုက်ကြောင်းနှင့် အဆိုပါစာထဲတွင် နှစ်နိုင်ငံနီးကပ်သော ဆက်ဆံရေးရှိရန်လည်း တိုက်တွန်းပြောကြားထားကြောင်း မြောက်ကိုရီးယားသတင်းမီဒီယာတွင် ဖော်ပြထားသည်။**

ထို့အတူ မေ ၈ ရက်ထုတ် အလုပ်သမားပါတီသတင်းစာ ရိုဒွန်ဆင်မွန်၏ ရှေ့ဖုံးတွင်လည်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ထိန်းချုပ်မှုနှင့်ပတ်သက်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ချီးကျူးထားကြောင်း ဖော်ပြထားသည်။

ထို့အပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက တရုတ်သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံနှင့် ပြည်သူများကို ဦးဆောင်လမ်းပြလုပ်ရင်း မခန့်မှန်းနိုင်သော ကပ်ရောဂါစစ်ပွဲကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့သလို ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေတစ်ခုလုံးကို မဟာဗျူဟာပိုင်းရော နည်းဗျူဟာပိုင်းပါမကျန် အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သူဖြစ်ကြောင်း ချီးကျူးဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက နှစ်နိုင်ငံဆက်ဆံရေးသည် နီးကပ်လျက်ရှိပြီး ရှေ့ဆက်လက်ပြီး တိုးတက်နေဦးမည်ဖြစ်ကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ပြောကြားလိုက်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် တရုတ်နိုင်ငံက ဆေးဘက်ဆိုင်ရာနှင့်အစားအစာ အကူအညီများ ကမ်းလှမ်းလာမည်ကို မျှော်လင့်လျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ပြောကြားထားသည်။

မြောက်ကိုရီးယားနယ်မြေ ပိုင်နက်အတွင်း မည်သည့် ကိုဗစ်-၁၉ မှု ကူးစက်မှုများရှိနေသည်ဟု အတည်မပြုနိုင်သေးသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးဆိုင်ရာရိုက်ခတ်မှုကို ခံစားနေရကြောင်း သိရသည်။ ထို့အတူ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှာလည်း ကျဆင်းလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ရထားလမ်းနှင့် လေကြောင်းလိုင်းများပျံသန်းပြေးဆွဲမှုကို သုံးလထက်မက ရပ်နားခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို တွေ့ဆုံစဉ်။

# ကိုဗစ်-၁၉ အဆုံးသတ်ရန် အပြန်အလှန်ကူညီမှုများ ဆက်လက်ဆောင်ရွက်ရန် အာဘေးနှင့် ထရမ့်တို့ ဖုန်းဖြင့်ဆွေးနွေး

**တိုကျို မေ ၈**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ကိုဗစ်-၁၉ကပ်ရောဂါမကြာမီ အဆုံးသတ်ရန် အပြန်အလှန်ကူညီမှုများ ဆက်လက်လုပ်ဆောင်ရန် ဖုန်းဖြင့် သဘောတူဆွေးနွေးခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မေ ၈ ရက်က ဖော်ပြလိုက်သည်။

ခေါင်းဆောင် နှစ်ဦးတို့သည် တယ်လီဖုန်းဖြင့် မိနစ် ၄၀ ကြာ ဆွေးနွေးခဲ့ကြသည်။ တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ ရွှေ့ဆိုင်းရေးဆွေးနွေးခဲ့သည့် လွန်ခဲ့သော မတ်လမှစကာ ယခုလို ခေါင်းဆောင်နှစ်ဦးကြား ဆွေးနွေးမှု ပြုလုပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ၎င်းတို့နိုင်ငံတွင် ဖြစ်ပွားသော ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ကိစ္စရပ်များ သာမက ဗိုင်းရပ်စ်မပြန့်ပွားရေး ဆောင်ရွက်ချက်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီးလည်း နောက်ဆုံးရသတင်းအချက်အလက်များ မျှဝေခဲ့ကြောင်း သိရသည်။

ထို့အပြင် ခေါင်းဆောင်နှစ်ဦးတို့သည် ဆေးဝါးများဖော်စပ်ရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးဆိုင်ရာ တိုးတက်မှုများလည်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အာဘေးနှင့် ထရမ့်တို့သည် မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံသားများအား ပြန်ပေးဆွဲသွားမှုဆိုင်ရာ ကိစ္စရပ်များနှင့် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည် အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့သေးကြောင်း သိရသည်။

ထို့အပြင် အာဘေးနှင့် ထရမ့်တို့သည် နောက်နှစ်တွင် ပြန်လည်ကျင်းပမည့်တိုကျိုအိုလံပစ်အားကစားပွဲတော် အောင်မြင်စွာကျင်းပရန် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

နှစ်ဖက်ခေါင်းဆောင်များသည် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုဗစ်- ၁၉ ကို ဆန့်ကျင်တိုက်ဖျက်နိုင်ရေး ကိစ္စများတွင်လည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



နှစ်နိုင်ငံခေါင်းဆောင်များဖြစ်သည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# ဂျပန်နိုင်ငံ အချို့စီရင်စုများတွင် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာချက် ရုပ်သိမ်းသွားမည်

**တိုကျို မေ ၈**

ဂျပန်နိုင်ငံတွင် ဧပြီ ၇ ရက် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာလိုက်သည့်အချိန်မှစကာ ပထမဆုံးအနေဖြင့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်မှာ ၁၀၀ အောက် လျော့နည်းကျဆင်းလာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၈ ရက်က ဖော်ပြလိုက်သည်။

ဂျပန်အစိုးရက တားမြစ်ကန့်သတ်ချက်များကို အချို့စီရင်စုများတွင် လာမည့် ၁၄ ရက်ဝန်းကျင်တွင် ဖယ်ရှားပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း တိုကျိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၃ ဦးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၆ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီး ကာတိုကက်ဆူနိုဘူက သီတင်းပတ်တစ်ပတ်ကြာ အားလပ်ရက်သည် မေ ၆ ရက်က ပြီးဆုံးခဲ့သောကြောင့် ကိုဗစ်-၁၉ ကူးစက်ခံရသူအနည်းငယ်သာ အတည်ပြုနိုင်ခဲ့ကြောင်းနှင့် ဖော်ပြပါပမာဏသည် လာမည့် စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင် ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။

စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး နီရှီမူရာယာဆူတိုရှီက သီတင်းပတ်တစ်ပတ်အတွင်း စီရင်စုပေါင်း ၁၇ စုတွင် မည်သည့် ကိုဗစ်-၁၉ သတင်းမျှ ဖော်ပြခြင်းမရှိကြောင်း၊ ထို့ကြောင့် အဆိုပါ စီရင်စုများတွင် နိုင်ငံတော်အရေးပေါ်အခြေအနေ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် အစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက်ကို တိုကျိုနှင့် အိုဆာကာအပါအဝင်အထူးသတိထားရမည့်စီရင်စု ၁၃ စုတွင်လည်း ကျွမ်းကျင်သူများ၏ အကြံပြုချက်အပေါ်မူတည်ပြီး ရုပ်သိမ်းသင့်က ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# မွမ်ဘိုင်းဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား ၇၇ ဦးနှင့် ဝန်ထမ်း ၂၆ ဦး ကိုဗစ်-၁၉ ကူးစက်ခံထားရ

**မွမ်ဘိုင်း မေ ၈**

မွမ်ဘိုင်း၏အကြီးဆုံးနှင့် သက်တမ်းအကြာဆုံးအကျဉ်းထောင်တစ်ခုတွင် အကျဉ်းသား ၇၇ ဦးနှင့် ဝန်ထမ်း ၂၆ ဦးတို့ ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု မေ ၈ ရက်ထုတ် နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

အကျဉ်းသားများကို မွမ်ဘိုင်း အရပ်ဘက်အဖွဲ့အစည်း၏ပူးပေါင်းမှုဖြင့် သီးသန့်ခွဲခြားစောင့်ကြည့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ဆေးကုသမှုခံယူရန် မြို့တော်ဆေးရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း မွမ်ဘိုင်းမြို့တော်ရှိရာ အိန္ဒိယအနောက်ပိုင်း မဟာရက်စ်တရာပြည်နယ် ပြည်ထဲရေးဝန်ကြီး အာနေးဒက်ရှ်မွတ်က ပြောကြားလိုက်သည်။

၁၉၆၂ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် မွမ်ဘိုင်းဗဟိုအကျဉ်းထောင်အဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ အဆိုပါ အကျဉ်းထောင်သည် ၎င်း၏ယခင်နာမည်ဖြစ်သော အာသာရုတ် အကျဉ်းထောင်နာမည်ဖြင့် ကျော်ကြားခဲ့သည်။ မြေ ၀ ဒသမ ၈၁ ဟက်တာပေါ်တွင်ရှိသော အဆိုပါ အကျဉ်းထောင်သည် အကျဉ်းသား ၂၈၀၀ နီးပါးလက်ခံနိုင်သော်လည်း လတ်တလောတွင် အကျဉ်းသား ၈၀၀ ဝန်းကျင်ရှိသည်။

ကိုဗစ် - ၁၉ ကူးစက်ခံရသော အကျဉ်းသားနှင့် ဝန်ထမ်းများမှာ တဖြည်းဖြည်း မြင့်တက်လာနိုင်ခြေရှိကြောင်း အကျဉ်းထောင်အရာရှိများ၏ပြောကြားချက်ကို ကိုးကားကာ ဒေသတွင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက် မတ်လက အိန္ဒိယနိုင်ငံတစ်ဝန်း ထောင်ခါမှုပြုလုပ်ခဲ့ရာ အကျဉ်းသားပေါင်း ၂၆၀၀၀ ရှိသည့်အနက် ထောင်ဒဏ်ခုနစ်နှစ်ထက် လျော့နည်းပြီး ပြစ်ဒဏ်ချမှတ်ခံရသည့် အကျဉ်းသား ၅၀၀၀ ကို လွှတ်ပေးခဲ့ကြောင်း ပြည်နယ် ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါပြည်နယ်တွင် အကျဉ်းထောင်ပေါင်း ကိုးခုရှိပြီး အကျဉ်းသား ၁၄၀၀၀ ခန့် ထားနိုင်ကြောင်း သိရသည်။

မွမ်ဘိုင်းတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၁၂၁၉ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ထပ်မံတွေ့ရှိသူ ၆၉၂ ဦးတိုးလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာလည်း ၄၃၇ ဦး အထိ မြင့်တက်လာကြောင်း သိရသည်။

**ဆင်ဟွာ**



ဗဟိုအကျဉ်းထောင်ရှေ့တွင် သတင်းရယူရန် သတင်းသမားများ ရောက်ရှိနေသည်ကို တွေ့ရစဉ်။

## အစိုးရသစ်ဖွဲ့စည်းရန် အစ္စရေးသမ္မတက နေတန်ယာဟုကို တာဝန်ပေး



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် အစ္စရေးသမ္မတ ရူဗန်ရက်ဗ်လင်း။

**ဂျေရုဆလင် မေ ၈**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လီကွတ်ပါတီနှင့်အတိုက်အခံဖြစ်သူ ဘန်နီဂန့်စ်၏ Blue and White ပါတီတို့အကြား အာဏာခွဲဝေရေး ပါလီမန်တွင် ဆုံးဖြတ်ချက်ချပြီးနောက် အစ္စရေးသမ္မတက ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရန် မစ္စတာနေတန်ယာဟုကို တာဝန်ပေးခဲ့သည်။

မစ္စတာနေတန်ယာဟုသည် အစ္စရေးနိုင်ငံ၏ သက်တမ်းအရှည်ဆုံးသော ဝန်ကြီးချုပ်ဖြစ်ပြီး နောက်ထပ် ၁၈ လတာ ကာလအတွင်း အစ္စရေးနိုင်ငံ၏ နိုင်ငံရေးကို ဆက်လက်ပဲ့ထိန်းခွင့် ရရှိသွားပြီဖြစ်သည်။

နေတန်ယာဟုသည် လာဘ်ယူမှု၊ လိမ်လည်မှုနှင့် ယုံကြည်မှု ဖောက်ဖျက်မှုတို့ဖြင့် တရားစွဲဆိုခံထားရသည်။ မကြာမီအချိန်အတွင်း အစ္စရေးနိုင်ငံတွင် အစိုးရသစ်ဖွဲ့နိုင်ပြီး ရှုပ်ထွေးလှသည့် စိန်ခေါ်မှုများကို အောင်မြင်စွာ ဖြေရှင်းနိုင်လိမ့်မည်ဟု သမ္မတ ရူဗန်ရက်ဗ်လင်းက ပြောကြားခဲ့သည်။

အစိုးရသစ်သည် နိုင်ငံရေးစိန်ခေါ်မှုများ သာမက ကိုဗစ် – ၁၉ ကပ်ရောဂါကိုပါ ရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်သည်။

အစိုးရသစ်ဖွဲ့စည်းရန်အတွက် မေ ၇ ရက်ညမှ စတင်ကာ နှစ်ပတ်ကြာ လုပ်ပိုင်ခွင့်အာဏာကို မစ္စတာနေတန်ယာဟုထံ သမ္မတက လုပ်ပိုင်ခွင့်ပေးခဲ့သည်။

ထို့ကြောင့် မစ္စတာနေတန်ယာဟုသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၃ ရက်အထိ အာဏာဆက်လက်ရရှိသွားမည်ဖြစ်သည်။ အစိုးရအဖွဲ့သစ်သည် လာမည့်သီတင်းပတ်အတွင်း ကျမ်းသစ္စာကျိန်ဆိုဖွယ်ရှိပြီး ပြိုင်ဘက်ဖြစ်သူ ဘန်နီဂန့်စ်နှင့်အာဏာခွဲဝေရေးတွင်လည်း နေတန်ယာဟုက လုပ်ဆောင်သွားမည်ဖြစ်သည်။

နေတန်ယာဟုက တိုင်းပြည်ကို ၁၈ လတာ ဦးဆောင်ပြီးနောက်တွင် ဘန်နီဂန့်ထံ အာဏာလွှဲပြောင်းပေးမည်ဖြစ်သည်။

**ပီတီအိုင်**

## ကိုဗစ် -၁၉ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသော်လည်း ဥရောပတွင် ဒုတိယကမ္ဘာစစ်အောင်မြင်သည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**လန်ဒန် မေ ၈**

ဥရောပတွင် ကိုဗစ် – ၁၉ ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသော်လည်း ဒုတိယကမ္ဘာစစ်အောင်မြင်သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ပြုလုပ်ခဲ့သည်။

ဥရောပတစ်လွှား ခေါင်းဆောင်များသည် ဒုတိယကမ္ဘာစစ်အောင်နိုင်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့အတွက် အခမ်းအနားကို ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်နေသည့် အချိန်ဖြစ်သည့်အတွက် အကျဉ်းချုံးကျင်းပကြသည်။

ဗြိတိန်နိုင်ငံတွင် စစ်အတွင်း ကျဆုံးခဲ့ကြသည့် စစ်သည်များအတွက် နှစ်မိနစ်ခန့် ငြိမ်သက်စွာနေခြင်းကို ပြုလုပ်မည်ဖြစ်ပြီး ယင်းနောက်တွင် ဘုရင်မကြီးက မိန့်ခွန်းပြောကြားမည် ဖြစ်သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာ မာကယ်တို့သည်လည်း အခမ်းအနားများကို အကျဉ်းချုံးကျင်းပခဲ့ကြသည်။

နာဇီဂျာမနီကို အောင်နိုင်ခြင်း အခမ်းအနားများ ကျင်းပကြသော်လည်း လူစုလူဝေးများပြုလုပ်ခြင်းကို တားမြစ်ထားဆဲဖြစ်သည်။ ၁၉၄၅ ခုနှစ် မေ ၈ ရက်တွင် ဗြိတိန်နှင့် မဟာမိတ်နိုင်ငံများထံ နာဇီဂျာမနီက ခြွင်းချက်မရှိ လက်နက်ချခဲ့ပြီး ခြောက်နှစ်ကြာဖြစ်ပွားသည့် ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်နိုင်ခဲ့သည်။

**အေအက်ဖ်ပီ**



၂၀၁၈ ခုနှစ်က ကျင်းပသည့် ဒုတိယကမ္ဘာစစ်အောင်မြင်ခြင်းနှစ်ပတ်လည်အခမ်းအနား တက်ရောက်လာသော ပြင်သစ်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ကို တွေ့ရစဉ်။

## ခရိုအေးရှား၌ စစ်လေယာဉ်ပျက်ကျမှုကြောင့် နှစ်ဦးသေဆုံး

**ဇာဂရက် မေ ၈**

ခရိုအေးရှားနိုင်ငံ ကမ်းရိုးတန်းမြို့ဖြစ်သည့် ဇာဒါတွင် မေ ၇ ရက်က လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့ရာ ခရိုအေးရှားလေတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

သေဆုံးသူနှစ်ဦးမှာ လေယာဉ်မောင်းသင်ပေးသည့် နည်းပြဆရာနှင့် ဗိုလ်လောင်းတစ်ဦးဖြစ်ကြောင်း လေယာဉ်ငယ်ပျံသန်းမောင်းနှင်စဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဘလင်ဂျီဒိုနင်းကျေးရွာအနီးတွင် ပုံမှန်စမ်းသပ်မှု ပျံသန်းနေစဉ်ပျက်ကျခဲ့ခြင်း ဖြစ်သည်။ ယခုနှစ်အတွင်း ခရိုအေးရှားလေတပ်မှ ဒုတိယအကြိမ် သေဆုံးမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၂၇ ရက်ကလည်း စစ်ဘက်သုံးရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ပြီး ရဟတ်ယာဉ်အမှုထမ်းနှစ်ဦးစလုံး သေဆုံးသွားခဲ့သည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ ကိုဗစ် –၁၉ လူနာသစ် ၁၇ ဦး ထပ်မံတွေ့ရှိ



ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသွားများအား သတင်းအချက်အလက်များ ကောက်ယူနေသည့် ဝန်ထမ်းများကို မတ် ၁၅ ရက်က တွေ့ရစဉ်။

**ပေကျင်း မေ ၈**

တရုတ်နိုင်ငံရှိ ကိုဗစ် –၁၉ အဓိက ဖြစ်ပွားရာ ဟူပေပြည်နယ်တွင် ကိုဗစ်– ၁၉ လူနာသစ် ၁၇ ဦးတွေ့ရှိ ခဲ့ပြီး ၎င်းတို့ထဲတွင် ရောဂါလက္ခဏာမပြသူများလည်း ပါဝင်ကြောင်း တရုတ်ကျန်းမာရေးအရာရှိများက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။ မေ ၇ ရက်ကလည်း တရုတ်နိုင်ငံ ကျင်းလင်ပြည်နယ်တွင် ကိုဗစ် –၁၉ ဒေသ တွင်း ကူးစက်ခံရမှုတစ်ခုကို တွေ့ရှိခဲ့သည်ဟု တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ပြောသည်။

ဟူပေပြည်နယ်တွင် တွေ့ရှိရသည့်လူနာသစ် ၁၇ ဦးတွင် ၁၆ ဦးမှာ ရောဂါလက္ခဏာမပြပေ။ နောက်ထပ်လူနာသစ် ထည့်ပေါင်းလျှင် တရုတ်နိုင်ငံအတွင်း ရောဂါလက္ခဏာမပြသည့် လူနာအရေအတွက်မှာ ၈၄၅ ဦးရှိပြီး ၎င်းတို့ကို ဆေးပညာပိုင်းဆိုင်ရာ လေ့လာမှုများ ပြုလုပ်နေကြောင်း သိရသည်။

၎င်းတို့တွင် ကိုဗစ် –၁၉ ဗိုင်းရပ်စ်တွေ့ရှိရသော်လည်း ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ လည်ချောင်းနာခြင်း အစရှိသည့် လက္ခဏာများ မတွေ့ရှိရပေ။ ဟူပေပြည်နယ်တွင် လူဦးရေ ၅၆ သန်း ရှိပြီး ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ ဗိုင်းရပ်စ်ထိန်းချုပ်ရေးအတွက် ပြည်နယ်ကို အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ ပြည်နယ်မြို့တော်ဖြစ်သည့် ဝူဟန်တွင် ဧပြီ ၈ ရက်မှစတင်ကာ အသွားအလာပိတ်ဆို့ ကန့်သတ်မှုများ ဖယ်ရှားပေးခဲ့ပြီး မြို့တော်တွင် နေထိုင်ကြသည့် လူ ၁၁ သန်းမှာ ပုံမှန်နေထိုင်မှုမျိုး ပြန်ရောက်ရန် ဖြည်းဖြည်းချင်း လျှောက်လှမ်းနေကြသည်။

ဟူပေပြည်နယ်တွင် ရက်ပေါင်း ၃၄ ရက်အတွင်း ကိုဗစ် –၁၉လူနာသစ် မတွေ့ရှိရဟု ဆင်ဟွာသတင်းဌာနတွင် ဖော်ပြခဲ့သည်။ ဟူပေပြည်နယ်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူပေါင်း ၆၈၁၂၈ ဦးရှိပြီး ၎င်းတို့ထဲမှ ၅၀၃၃၃ မှာ ဝူဟန်မြို့မှဖြစ်သည်။

**ပီတီအိုင်**

## အာဖရိက၌ ကိုဗစ် -၁၉ ကူးစက်ခံရမှု ပိုမိုဖြစ်ပွားနိုင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ကိတ်တောင်း မေ ၈**

အာဖရိကတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၅၁၀၀၀ ရှိပြီး သေဆုံးသူ ၂၀၀၀ ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က အတည်ပြုပြောကြားခဲ့သည်။

လာမည့် သီတင်းပတ်များအတွင်း အာဖရိကတွင် ကိုဗစ် –၁၉ ကူးစက်ခံရမှုပိုမိုမြင့်တက်လာဖွယ်ရှိသည်ဟု WHO က သတိပေးခဲ့သည်။ အာဖရိကဆိုင်ရာ WHO ညွှန်ကြားရေးမှူး မက်ရှိဒီဆိုမိုတီက အကယ်၍ ကိုဗစ် –၁၉ ကိုသာ မနှိမ်နင်းနိုင်ခဲ့ပါက ပထမတစ်နှစ်အတွင်းပင် လူလေးဦးလျှင် တစ်ဦးနှုန်း ကူးစက်ခံရဖွယ်ရှိသည်ဟု သတိပေးခဲ့သည်။

လူပေါင်း ၁၉၀၀၀၀ သေဆုံးနိုင်ဖွယ်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။ အာဖရိကအစိုးရများနှင့် ကိုဗစ် –၁၉ ကူးစက်ခံရမှုကာကွယ်နိုင်ရေး အလျင်အမြန်လုပ်ဆောင်သင့်ကြောင်း အကယ်၍ကာကွယ်မှုများမပြုလုပ်ခဲ့ပါက လာမည့်သီတင်းပတ် လေးပတ်၊ ခြောက်ပတ်တာ ကာလအတွင်း ကူးစက်မှုအမြင့်ဆုံးသို့ ရောက်ရှိလာနိုင်ဖွယ်ရှိသည်ဟု ၎င်းကဆက်လက်သတိပေး ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်အတွင်း ကူးစက်ခံရမှု အမြင့်ဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံအတွင်း ကူးစက်ခံရသူ ၇၈၀၀ ရှိပြီဖြစ်သည်။ ဇူလိုင်နှင့် စက်တင်ဘာလတို့တွင် တိုင်းပြည်အတွင်း ကူးစက်ခံရမှု အမြင့်ဆုံးဖြစ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအကြံပေးဖြစ်သူ ဆလင်အဗ္ဗဒူကာရင်က မေ ၆ ရက်တွင် ပြောသည်။ တောင်အာဖရိကနိုင်ငံအတွင်း ကူးစက်ခံရမှုပေါင်း ရာဂဏန်းမှ ထောင်ဂဏန်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ဖြစ်လာနိုင်ကြောင်း ၎င်းကသတိပေးပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် တောင်အာဖရိကနိုင်ငံအပါအဝင် အာဖရိကတိုက်ရှိ နိုင်ငံအချို့သည် ပိတ်ဆို့ကန့်သတ်မှုအချို့ကို ဖြေလျှော့ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပီရူးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တားဆီးရန် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာ

**လီမာ မေ ၈**

ပီရူးစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဂျော့မွန်တီနီဂရိုးတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး စစ်ဆေးတွေ့ရှိခဲ့ကြောင်း အဆိုပါဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ မေ ၆ ရက်က စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးရှိ မရှိစစ်ဆေးခဲ့ကြောင်း ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဝန်ကြီး ကိုဗစ်-၁၉ ပိုးရှိသည်ဟု ကြားသိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရောဂါအမြန် ပြန်လည်သက်သာကောင်းမွန်ရန် သီးခြားခွဲထုတ်နေထိုင်ရမည်ဟူသော ညွှန်ကြားချက်နှင့် ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာလုပ်ဆောင်ခဲ့ကြောင်း ဝန်ကြီးရုံးတာဝန်ရှိသူက ပြောကြားသည်။ မွန်တီနီဂရိုးသည် သမ္မတမာတင်ဗစ်ဇ်ကာရက်စ်၏ အစိုးရအဖွဲ့တွင် ပထမဆုံး ကိုဗစ်-၁၉ ဗိုင်းရပ်စ် အတည်ပြုတွေ့ရှိခဲ့သူဖြစ်သည်။ ပီရူးလွှတ်တော်တွင်လည်း စုစုပေါင်း ၁၀ ဦး ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း သိရသည်။ ပီရူးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ရပ်တန့်ရန် ရည်ရွယ်ချက်ဖြင့် လတ်တလောတွင် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားပြီး အဆိုပါ ကြေညာချက်တွင် အသွားအလာကန့်သတ်မှုများနှင့် ညမထွက်ရ အမိန့်များလည်း ပါဝင်သည်။ ပီရူးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၅၈၅၂၆ ဦးရှိပြီး သေဆုံးသူ ၁၆၂၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

### ဂျပန်၌ ကိုဗစ်-၁၉ အတည်ပြုကူးစက်ခံရသူပေါင်း ၁၅၅၄၈ ဦးရှိလာ

**တိုကျို မေ ၈**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည်ဟု အတည်ပြုထားသည့် အရေအတွက်သည် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅၅၄၈ ဦးရှိကြောင်း သတင်းရရှိသည်။

အဆိုပါစာရင်းတွင် လေယာဉ်ကွင်း၌ရှိသည့် ကူးစက်ရောဂါထိန်းချုပ်ရေးနေရာများတွင် စစ်ဆေးတွေ့ရှိထားသူများ၊ ကျန်းမာရေးဝန်ကြီးဌာနက အရာရှိများနှင့် အစိုးရစင်းလုံးငှားလေယာဉ်များနှင့် တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံကို ပြန်လာသူများနှင့် ဂျပန်နိုင်ငံအနောက်ပိုင်း နာဂါဆာကီတွင် ဆိုက်ကပ်ထားသည့် ကို့စ်တာ အတ္တလန္တာ အပျော်စီးဇိမ်ခံသင်္ဘောပေါ်မှ ကူးစက်ခံထားရသော ဝန်ထမ်းများပါဝင်သည်။ ဖေဖော်ဝါရီလက ယိုကိုဟားမားတွင် သီးသန့်ခွဲထားသည့် ဒိုင်းမွန်းပရင့်စ် အပျော်စီးသင်္ဘောပေါ်က ကူးစက်ခံရသူ၇၁၂ ဦး ထည့်တွက်မည်ဆိုပါက စုစုပေါင်း ၁၆၂၆၀ ရှိလာကြောင်း သိရသည်။ ဂျပန်နိုင်ငံတွင် အဆိုပါ ဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၅၉၈ဦး အထိ တိုးလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အင်္ဂလန်နှင့် ဂျာမနီ စီးပွားရေး ကျဆင်းလာမှုနဲ့အတူ ဗိုင်းရပ်စ်ကြောင့် အထိနာလာတဲ့စီးပွားရေးကို ကုစားဖို့ကြိုးစားနေတဲ့ ကမ္ဘာ့ အစိုးရများ

## *ထွန်းသစ်စ*

ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့ရဲ့ စက်မှုထုတ်လုပ်နိုင်မှု အကြီးအကျယ်ထိုးကျလာသလို ဗြိတိန်ရဲ့ စီးပွားရေးအလားအလာဟာ ဒီနှစ်မှာ ၁၄ ရာခိုင်နှုန်းလောက် ကျဆင်းလာဖွယ်ရှိကြောင်း ခန့်မှန်းထားမှုနဲ့အတူ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးအကျပ်အတည်းကို တဖြည်းဖြည်းနဲ့ ထိထိရောက်ရောက် အာရုံစိုက်ရမယ့်အခြေအနေ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

### ကိုဗစ်-၁၉ လှိုင်းဂယက် မရိုက်ခတ်အောင် လုပ်ဆောင်

ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ဖို့ လုပ်ဆောင်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကြောင့် အထိနာခဲ့တဲ့ စီးပွားရေးကို ဘယ်လိုမျိုး ဦးမော့လာအောင် ပြန်လည်လုပ်ဆောင်မလဲဆိုတာနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အစိုးရတွေဟာ ကြီးမားတဲ့ ဖိအားတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ အခုဆိုရင် ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၂၆၀၀၀၀ ထက်မနည်းတဲ့ အသက်တွေ ပေးဆပ်ခဲ့ရပြီ ဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်လောက်ဟာလည်း အသွားအလာ ကန့်သတ်ဆောင်ရွက်ချက် တစ်မျိုးမျိုးနဲ့ ရင်ဆိုင်နေကြရသလို လူဦးရေ သန်းချီအလုပ်လက်မဲ့ဘဝတွေ ရောက်ကုန်ကြပါတယ်။

ဥရောပနဲ့ အာရှနိုင်ငံတချို့မှာလည်း ယိုင်နဲ့လာတဲ့ စီးပွားရေးကို တည်ငြိမ်သွားအောင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အသွားအလာကန့်သတ်မှုတွေကို သတိကြီးစွာနဲ့ လျှော့ပေါ့ပေးနေကြပါတယ်။ ထို့အတူပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ အသွားအလာကန့်သတ်မှုတွေကို ဖယ်ရှားဖို့ အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကြပါတယ်။

သို့သော်လည်း ကမ္ဘာ့တိုင်းနိုင်ငံအသီးသီးက အစိုးရတွေအနေနဲ့ စီးပွားရေးပြန်လည်နာလန်ထလာအောင် အသွားအလာကန့်သတ်မှုတွေကို ဘယ်လောက်ပဲ လျှော့ချမှုတွေ လုပ်ဆောင်နေပါစေ ကာကွယ်ဆေးထုတ်လုပ်နိုင်တဲ့အချိန်အထိ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်မှုတွေ လုပ်ဆောင်သင့်ကြောင်း ကျွမ်းကျင်သူတွေက ပြောကြားထားပါတယ်။ ထို့အပြင် အစိုးရတွေက ကိုဗစ်-၁၉ လှိုင်းဂယက် ဒုတိယအကြိမ် ထပ်မံရိုက်ခတ်လာခြင်း မရှိအောင် လုပ်ဆောင်ဖို့လိုပါတယ်။

### စက်မှုထုတ်လုပ်မှုတွေကျဆင်းလာ

ဗြိတိန်အစိုးရက မေ ၇ ရက်မှာ အသွားအလာ ကန့်သတ်ချုပ်ချယ်မှုဆိုင်ရာ ဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်လျက်ရှိသော်လည်း တစ်စိတ် တစ်ပိုင်းကန့်သတ်မှုတွေ လျှော့ချပေးဖို့ကိုတော့ လာမယ့် စနေ၊ တနင်္ဂနွေ တစ်ရက်ရက်မှာ ကြေညာပေးသွားမှာ ဖြစ်ပါတယ်။

ကန့်သတ်မှုတွေ လျှော့ချပေးနေတာကို ဥရောပရဲ့ အကြီးဆုံးစီးပွားရေးနိုင်ငံကြီးလို့ ဆိုရမယ့် ဂျာမနီနိုင်ငံမှာ လုပ်ဆောင်နေပြီးဖြစ်ပါတယ်။ ထို့အတူ ပြင်သစ်နိုင်ငံကလည်း ကန့်သတ်မှုတွေ လျှော့ချဖို့အတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ဆောင်နေပါတယ်။

စီးပွားရေးဟာ အလွန်အရေးကြီးတဲ့ အကြောင်း မီးမောင်းထိုးပြတဲ့အနေနဲ့ အင်္ဂလန်ဘဏ်က ဗြိတိန်ရဲ့ အသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)ဟာ ဒီနှစ်မှာ ၁၄ ရာခိုင်နှုန်း ထိုးစိုက်ကျလာနိုင်ကြောင်း ပြောကြားလိုက်ပါတယ်။ အင်္ဂလန်ဟာ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာပေါ်မှာ ဒုတိယ သေဆုံးမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဥရောပသမဂ္ဂက ဥရောပဇုန်ရဲ့ စီးပွားရေးဟာ ၇ ဒသမ ၇ ရာခိုင်နှုန်းလောက် ကျုံ့လာနိုင်ကြောင်း သတိပေးပြီး နောက်တစ်နေ့မှာပဲ ဗြိတိန်က သူ့ရဲ့ဂျီဒီပီကို ခန့်မှန်းတွက်ချက် လိုက်တာပဲ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံမှာလည်း စက်မှုထုတ်လုပ်မှုဟာ မတ်လမှစပြီး တစ်လပြီးတစ်လ ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှစကာ စက်မှုထုတ်လုပ်မှုတွေဟာ အခုအချိန်မှာ အဆိုးရွားဆုံး ကျဆင်းလာတာပဲ ဖြစ်ပါတယ်။ ပြင်သစ်မှာတော့ စက်မှုထုတ်လုပ်မှုတွေဟာ ဂျာမနီထက်ဆိုးရွားစွာပဲ ၁၆ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းလာတယ်လို့ စာရင်းဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အင်စီးရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

> “ဂျာမနီနိုင်ငံမှာလည်း စက်မှုထုတ်လုပ်မှုဟာ မတ်လမှစပြီး တစ်လပြီးတစ်လ ၉ ဒသမ ၂ ရာခိုင်နှုန်း အထိ ကျဆင်းလာခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှစကာ စက်မှုထုတ်လုပ်မှုတွေဟာ အခုအချိန်မှာ အဆိုးရွားဆုံး ကျဆင်းလာတာပဲ ဖြစ်ပါတယ်။ ပြင်သစ်မှာတော့ စက်မှုထုတ်လုပ်မှုတွေဟာ ဂျာမနီထက်ဆိုးရွားစွာပဲ ၁၆ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းလာတယ်လို့ စာရင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အင်စီးရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်”




စီးပွားရေးလုပ်ငန်းများ ကာလရှည်ကြာစွာပိတ်ထားသည့်အတွက် မီလန်တွင် စားသောက်ဆိုင်ပိုင်ရှင်တစ်ဦး၏ ဆန္ဒဖော်ထုတ်နေမှု။

### ဆိုးရွားစွာ ထိခိုက်မှုတွေဖြစ်စေ

ကမ္ဘာတစ်ဝန်း လေကြောင်းလိုင်းနဲ့ ခရီးသွားလုပ်ငန်းတွေဟာလည်း ကိုဗစ်-၁၉ ရဲ့ ရိုက်ခတ်မှုကို ဆိုးရွားစွာ ခံစားခဲ့ရတဲ့ နောက်ထပ်ကဏ္ဍတွေပဲ ဖြစ်ပါတယ်။ အပျော်စီး၊ အားလပ်ရက် အလည်အပတ်ခရီးစဉ်တွေနဲ့ စီးပွားရေးခရီးစဉ်တွေမှာတော့ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရမယ်လို့ တင်းကျပ်စွာ ကန့်သတ်ထားပါတယ်။ ထို့အတူ ဗြိတိရှ်အဲဝေး အိုင်အေဂျီက ပထမလေးလပတ်မှာ ကြီးကြီးမားမားအရှုံးပေါ်နေတယ်လို့ ပြောကြား လိုက်ပါတယ်။ ခရီးသည်စီးလိုအား ပုံမှန်အတိုင်း ပြန်ဖြစ်ဖို့ ၂၀၂၃ ခုနှစ်လောက်အထိ ထပ်မံကြိုးစားရမယ်လို့ အိုင်အေဂျီက ဆက်လက်ပြောကြားထားပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အတ္တလန္တိတ်တစ်လွှား ကိုဗစ် - ၁၉ ဟာ အမေရိကန်ပြည်ထောင်စုကို ပုလဲဆိပ်ကမ်းဖြစ်စဉ် ဒါမှမဟုတ် ၉/ ၁၁ တိုက်ခိုက်မှုဖြစ်စဉ်ထက်ကို ဆိုးရွားစွာ ထိခိုက်မှုတွေ ဖြစ်စေတယ်လို့ ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ အခုဆိုရင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုဖြစ်စဉ်ဟာ တဖြည်းဖြည်းကျဆင်းလာခဲ့ပြီဖြစ်သလို ပိတ်ဆို့ထားတဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း ပြန်လည် စတင်ဖို့ စေ့ဆော်မှုတွေ လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ ဂျီဟတ်တွေရဲ့ တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၀၀၀ လောက် သေဆုံးပြီးတော့ ဆယ်စုနှစ်နှစ်နှစ်လောက် စစ်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ ကိုဗစ်-၁၉ ကြောင့် အမေရိကန်မှာ ၇၃၀၀၀ ကျော် သေဆုံးခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီပမာဏဟာ ကမ္ဘာ့သေဆုံး မှုနှုန်းရဲ့ လေးပုံတစ်ပုံထက်ကို များပါတယ်။ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနရဲ့ ညွှန်ကြားရေးမှူးဟောင်း တွမ်ဖရက်ဒန်က ကိုဗစ်-၁၉ ကြောင့် အမေရိကန်ရဲ့ သေဆုံးနှုန်းဟာ မေလအကုန်မှာ ၁၀၀၀၀၀ အထိ မြင့်တက်လာနိုင်ကြောင်း ပြောပါတယ်။

ကိုဗစ်- ၁၉ ဟာ နယူးယောက်အပါအဝင် အမေရိကန်ပြည်ထောင်စုရဲ့ အစိတ်အပိုင်း အများအပြားမှာရှိတဲ့ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ တွေကို ရိုက်ခတ်မှုတွေ ဖြစ်စေခဲ့သလို သူ့ရဲ့ အကျိုးသက်ရောက်မှုဟာ စာရွက်စာတမ်း အထောက်အထားအခိုင်အမာ မရှိတဲ့ ရွှေ့ပြောင်းအခြေချသူတွေကဲ့သို့ လူ့အခွင့်အရေးမရသလောက် နည်းပါးလှတဲ့သူတွေကို ဆိုးရွားစွာ ထိခိုက်စေခဲ့ပါတယ်။

သူတို့ထဲက အများစုဟာ နိုင်ငံမှ နှင်ထုတ်မှာကို ကြောက်ရွံ့နေကြသလို ဆေးဖိုးဝါးခမတတ်နိုင်ဘဲ စိုးရိမ်ကြောင့်ကြမှု တွေနဲ့ သောကဖိစီးလျက်ရှိပါတယ်။ ထို့အတူ တရားဝင်အထောက်အထားတွေရရှိအောင် တောင်းဆိုရင်းနဲ့ ထိခိုက်နစ်နာမှု တွေလည်း ရှိတဲ့အတွက် အဆုံးမှာတော့ ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးကြရပါတော့တယ်။

### ကမ္ဘာ့စီးပွားရေးကျဆင်းမှု

ကိုဗစ်-၁၉ ကို ထိန်းချုပ်ဟန့်တားဖို့ ခပ်ခွာခွာနေထိုင်ရမယ်ဆိုတဲ့ ညွှန်ကြားချက်ဟာ ကမ္ဘာ့အားကစားကဏ္ဍကိုပါ လွှမ်းမိုးလို့လာခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဘောလုံးအသင်းကြီးတွေဟာ ဘဏ္ဍာငွေအကျပ်အတည်းဆိုင်ရာ ဖိအားနဲ့ ရင်ဆိုင်နေရတဲ့အတွက် တစ်နည်းမဟုတ် တစ်နည်းတော့ ပြန်လည်ကစားဖို့ နည်းလမ်းရှာနေကြပါတယ်။ ထိပ်တန်းသက်ဆိုင်ရာ အာဏာပိုင်တွေထံမှ တင်းကျပ်တဲ့ကျန်းမာရေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းစင်ကြယ်မှုတွေ လိုက်နာခိုင်းပြီး ကစားခွင့်ပြုလိုက်တာနဲ့တစ်ပြိုင်နက် အားကစားပြိုင်ပွဲတွေကို ပွဲကြည့်သူပရိသတ်တွေ မရှိဘဲ မေ ၁၅ ရက်မှစကာ ကစားကြတော့မှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာ့အစိုးရတွေအနေနဲ့ စီးပွားရေးကျဆင်းလာမှုကိုတော့ တစ်မျိုးတစ်ဖုံ အကောင်းဆုံးနည်းလမ်းနဲ့ ပြန်လည်တိုးတက်အောင် လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈–၅–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၇–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ (မတွေ့ရှိ)ပါ။

၂။ သို့ဖြစ်ရာ (၇–၅–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)နှင့် ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၄၇) ခုတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၄) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၁၄) ဦးတွေ့ရှိကြောင်းကို (၇–၅–၂၀၂၀) ရက်နေ့၊ ည (၈) နာရီသတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။)

၃။ (၈–၅–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၇၆)ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၈–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၇–၅–၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၀၂) ခု |
| (၇–၅–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမ + ဒုတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၄၅) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၄) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိစုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (confirmed) | (၁၄) ဦး | (၁၇၆) ဦး |
| ကုသမှုခံယူပြီးရောဂါပိုးကင်းစင်လာသူ (recovered) | (၁၂) ဦး | (၆၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၈–၅–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၃) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၃) ခုနှင့် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) နေပြည်တော်၊ ဓာတ်ခွဲဌာနမှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၃၃) ခု၊ စုစုပေါင်း (၄၁၉)ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၇၆) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၅) ဦး (Case- 45, 74, 81, 108 နှင့် 126) ရှိသဖြင့် ယနေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၆၇) ဦးရှိပါသည်။ ၎င်းတို့အနက် (၄၃) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၇–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၈–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၂) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၈–၅–၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| (၈–၅–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| (၈–၅–၂၀၂၀) ရက်နေ့တွင် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) ဓာတ်ခွဲဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၃၃) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

**(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID–19 လူနာများအခြေအနေ**
**(၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (confirmed) | (၀) ဦး | (၁၇၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၆၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## အင်တောမြို့အတွင်းရှိ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများလှူဒါန်း

**အင်တော မေ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဆေးရုံများ၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အင်တောမြို့ ပြည်သူ့ဆေးရုံနှင့် ကျောက်ဂူစံပြတိုက်နယ်ဆေးရုံတို့အတွက် ခွဲစိတ်ခန်းသုံးဝတ်စုံ ရှစ်ထည်၊ ရောဂါကာကွယ်ရေး ဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း ၂၀၀၊ လက်သန့်ဆေးရည် ၂၀ လီတာ နှစ်ပုံးနှင့် ဆက်စပ်ပစ္စည်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်နှင့် အဖွဲ့က ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ဆေးရုံအုပ်ဆရာဝန်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခံရသူများကို အရက်ပြန်ဆေးရည် ၁၆ ဘူးနှင့် နှာခေါင်းစည်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ခိုင် (ပြန်/ဆက်)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀)နာရီ

၁။ (၈-၅-၂၀၂၀) ရက်နေ့၊ ညပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဒုတိယအသုတ်အဖြစ် ဓာတ်ခွဲနမူနာ (၁၆၃) ခုကို စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦးတွေ့ရှိပါသည်။

၂။ (၈-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၇၇) ဦး ရှိပြီဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြု လူနာများအနက်တွင် ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၆၇) ဦးရှိပါသည်။ ၎င်းတို့အနက် (၄၃) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

ဇယား -၁

(၈-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု

(၈-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁၇၇ | ၈၄ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 151, 152, 153, 154, 162) | မရှိ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၈-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီ

| | |
|---|---|
| (၈-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| (၈-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၈-၅-၂၀၂၀) ရက်နေ့တွင် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) ဓာတ်ခွဲဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၃၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၁) ဦး |

၄။ ဓာတ်ခွဲအတည်ပြု လူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၈-၅-၂၀၂၀) ရက်နေ့တွင် COVID-19 ဓာတ်ခွဲစစ်ဆေးမှုအနေဖြင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊ ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲနမူနာ (၉၃) ခုနှင့် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) နေပြည်တော်၊ ဓာတ်ခွဲဌာနမှ ဓာတ်ခွဲနမူနာ (၂၃၃) ခု၊ စုစုပေါင်း (၅၈၂)ခု ကို စစ်ဆေးခဲ့ပါသည်။

၆။ ယနေ့အတွက် ဓာတ်ခွဲအဖြေသတင်းများ ထပ်မံထုတ်ပြန်ရန်မရှိတော့ပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မိုင်းယုမြို့တွင် အထူးဒေသ(၄) နမ့်ပန်းဒေသမှ အသွားအလာကန့်သတ်စောင့်ကြည့်မှုပြုလုပ်ပြီးသော အလုပ်သမား ၆၆၅ ဦးကို နေရပ်သို့ ဒုတိယအကြိမ်ပို့ဆောင်

**မိုင်းယု မေ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့သို့ အထူးဒေသ(၄) နမ့်ပန်းဒေသ၌ အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၁ ရက် ပြုလုပ်ပြီးသော နေရပ်ပြန်မြန်မာအလုပ်သမား ၆၆၅ ဦးကို ဒုတိယအကြိမ် မေ ၈ ရက် နံနက် ၇ နာရီ ၁၀ မိနစ်က မိုင်းယု-ကျိုန်းယဲန်းတံတားမှတစ်ဆင့် မိုင်းယုဘက်သို့ ပို့ဆောင်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မိုင်းယု-ကျိုန်းယဲန်းတံတားပေါ်တွင် အထူးဒေသ(၄) နမ့်ပန်းဒေသရဲတပ်ဖွဲ့မှ ရဲမှူးချစ်ဆွေ ဦးဆောင်သည့်အဖွဲ့တို့က နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးခုနစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၁ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၁၂၈ ဦး၊ အမျိုးသမီး ၆၉ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ကိုးဦး၊ အမျိုးသမီး ခြောက်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသား လေးဦး၊ ကချင်ပြည်နယ်မှ အမျိုးသား တစ်ဦး၊ မွန်ပြည်နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ရခိုင်ပြည်နယ်မှ အမျိုးသား ၂၁၄ ဦး၊ အမျိုးသမီး ၁၄၀ နှင့် ရှမ်းပြည်နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း အလုပ်သမား ၆၆၅ ဦးတို့ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ တာချီလိတ်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ရဲနိုင်အောင်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးတို့က လက်ခံကြိုဆိုခဲ့ကြသည်။

ယင်းနောက် နေရပ်ပြန် အလုပ်သမားများကို မြို့မ ရပ်ကွက် အားကစားကွင်း၌ မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်ကိုယ်စားလှယ်၊ တာချီလိတ်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက လူဦးရေစာရင်းကောက်ယူခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အစားအသောက်များ ဝေငှပေးခြင်း၊ သတ်မှတ်လိုင်းကားများ စီးနင်းနိုင်ရန် စီစဉ်ပေးခြင်းများ ပြုလုပ်၍ မိုင်းယုမြို့မှတစ်ဆင့် မိုင်းယောင်းမြို့သို့ ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက် ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမား ၅၅၃ ဦးကို မေ ၄ ရက်က တစ်ကြိမ်၊ ၆၆၅ ဦးကို မေ ၈ ရက်က တစ်ကြိမ် စုစုပေါင်း ၁၂၁၈ ဦးကို နယ်စပ်ဒေသ မိုင်းယုမြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

## လာအိုနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၃၀ ကို သွားရောက်ကြိုဆိုလက်ခံ

**တာချီလိတ် မေ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ဝမ်ပုံဆိပ်ကမ်း မဲခေါင်မြစ်တစ်ဖက်ကမ်းရှိ လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းသို့ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၃၀ ကို မြန်မာနိုင်ငံမှ တာဝန်ရှိသူများက မေ ၈ ရက် နံနက် ၈ နာရီက သွားရောက်ကြိုဆိုလက်ခံခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ နေရပ်ပြန်များသည် လာအိုနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်သားများ၊ ဟိုတယ်အလုပ်သမား၊ စားပွဲထိုး၊ သန့်ရှင်းရေး စသည့်အလုပ်များကို သွားရောက်လုပ်ကိုင်ကြသူများဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် အလုပ်များရပ်ဆိုင်းသွားသဖြင့် နေရပ်ပြန်လာရခြင်းဖြစ်ကြောင်း၊ အချို့နေရပ်ပြန်များသည်လည်း မိမိဆန္ဒသဘောအလျောက် ပြန်လာခြင်းဖြစ်ကြောင်း သိရသည်။

နေရပ်ပြန်များကို လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းမှ ဝမ်ပုံဆိပ်ကမ်းသို့ စက်လှေများဖြင့် ပြန်လည်တင်ဆောင်လာပြီးနောက် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း စာရင်းများကောက်ယူခြင်း ပြုလုပ်ပြီး နေ့ချင်းပြန်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးကာ ပြန်လည်စေလွှတ်ခဲ့သည်။

လာအိုမှ နေရပ်ပြန် ၁၃၀ ကို ကျန်းမာရေး စစ်ဆေးခဲ့ရာတွင် သံသယဖြစ်ဖွယ်လူနာ မတွေ့ရှိရသော်လည်း မိမိနေရပ်ဒေသသို့ ပြန်လည်ရောက်ရှိပါက သတ်မှတ်နေ့ရက်ကာလအထိ အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာ၌ နေရမည်ဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ် ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရွှာင် မေ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်ဇနီး ဒေါ်ခင်စန္ဒာစိုးတို့က ကိုဗစ်-၁၉ ကာကွယ်




ရေးပစ္စည်းများနှင့် စားသောက်ကုန်များကို ရွှာင်မြို့နယ်အတွင်းရှိ ကာကွယ်ကုသထိန်းချုပ်ရေး ဂိတ်များ၌ မေ ၇ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ (ဝဲပုံ)

လှူဒါန်းမှုတွင် ဝါးပိုးရေ၊ ညောင်အိုင်၊ ပဲရင်းတောင်နှင့် ပွေးပြတ်ကျေးရွာများရှိ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်များ၌ တစ်ဂိတ်လျှင် နှာခေါင်းစည်း အခု ၂၀၀၊ လက်အိတ်တစ်ဘူး၊ မျက်နှာအကာ ငါးခု၊ လက်သန့်ဆေးဘူးကြီး တစ်ဘူး၊ ဆပ်ပြာ အခု ၅၀၊ ခေါက်ဆွဲခြောက် နှစ်ဖာ၊ ရောဂါကာကွယ်ရေးဝတ်စုံ နှစ်စုံတို့အား လှူဒါန်းရာ ဂိတ်တာဝန်ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်၍ ရွှာင်မြို့နယ် မြကုန်းကျေးရွာရှိ သုံးဆယ်ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ နှာခေါင်းစည်း အခု ၁၀၀၊ လက်သန့်ဆေးဘူးကြီး တစ်ဘူး၊ ဆပ်ပြာ ၂၅ ခု၊ ခေါက်ဆွဲခြောက် နှစ်ဖာတို့အား ဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းနှင့် ဇနီး ဒေါ်ခင်စန္ဒာစိုး မိသားစုတို့က ဆက်ကပ်လှူဒါန်းပြီး ဒေသဦးစီးအဖွဲ့မှ သုံးဆယ်ဘုန်းတော်ကြီးကျောင်း တရားစခန်းတွင် တရားထိုင်ရာ၌ အသုံးပြုရန်အတွက် ဖော့ဂျက်ပြား ၁၃၅၀ အား လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဒေသဦးစီးအဖွဲ့သည် ရွှာင်မြို့နယ် ပြည်သူ့ဆေးရုံသို့ Oxygen Concentration တစ်လုံး လှူဒါန်းပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိရိပ်သာခန်းမ၌ ရွှာင်မြို့နယ် ကိုဗစ်ကော်မတီအတွက် ဒေသဦးစီးအဖွဲ့မှ အလှူငွေကျပ် ငါးသိန်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒေသဦးစီးဥက္ကဋ္ဌမိသားစုက ရွှာင်မြို့နယ် ရဲစခန်း၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် နှာခေါင်းစည်း အခု ၂၀၀ ၊ လက်အိတ် တစ်ဘူး၊ မျက်နှာအကာ ငါးခု၊ လက်သန့်ဆေးဘူးကြီး တစ်ဘူး၊ ဆပ်ပြာ အခု ၅၀ ၊ ခေါက်ဆွဲခြောက် နှစ်ဖာ၊ ရောဂါကာကွယ်ရေးဝတ်စုံ နှစ်စုံနှင့် ကြက်ဥအလုံး ၁၀၀၀ တို့အား ထောက်ပံ့လှူဒါန်းကာ ကရင်တောင်ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ဆန်တစ်အိတ်၊ ဆီ ငါးပိဿာ၊ နှာခေါင်းစည်း အခု ၁၀၀ ၊ လက်သန့်ဆေးဘူးကြီး တစ်ဘူး၊ ဆပ်ပြာ ၂၅ ခု၊ ခေါက်ဆွဲခြောက် နှစ်ဖာတို့ကို လှူဒါန်းခဲ့သည်။

ဒေသဦးစီးအဖွဲ့သည် ရွှာင်မြို့အဝင် ရွှေပွင့်လင်းဘုရားတောင်ခြေ၌ မြို့နယ် ကိုဗစ်-၁၉ ကော်မတီမှ နှာခေါင်းစည်း တပ်ဆင်ရန် လှုံ့ဆော်နေမှုအား ဝင်ရောက်အားပေး နှုတ်ဆက်ခဲ့ပြီး နှာခေါင်းစည်းများ စနစ်တကျ အသုံးပြုတတ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ ကူးစက်ပြန့်ပွားနိုင်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တရုတ်နိုင်ငံတွင် အလုပ်လုပ်ရာမှပြန်လာသူ မြန်မာနိုင်ငံသား ၁၀၀ မြောက်ဦးမြို့သို့ ထပ်မံရောက်ရှိ

**မြောက်ဦး မေ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်မြို့များတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး လားရှိုး၊ မိုင်းလားဂိတ်များမှတစ်ဆင့် ယနေ့နံနက် ၁၁ နာရီက မော်တော်ယာဉ်များဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ထပ်မံ၍ ရောက်ရှိလာသည့် နေရပ်ပြန် ၁၀၀ အား သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်နေရာများ၌ နေထိုင်နိုင်ရန် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မြောက်ဦးမြို့နယ်မှာဆိုရင် တရုတ်နိုင်ငံမှာ အလုပ်လုပ်ပြီးတော့ နယ်စပ်ဂိတ်တွေကနေတစ်ဆင့် မော်တော်ယာဉ်တွေနဲ့ မိမိနေရပ်ကိုပြန်လာတဲ့ နေရပ်ပြန် ၁၀၀ မှာ အခုဆိုရင် သူတို့တွေရဲ့ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာတွေကို ပြန်လည်ရောက်ရှိပြီး ဖြစ်ပါတယ်။ သူတို့တွေ ရောက်ရှိလာတဲ့အချိန်မှာလည်း ကျွန်တော်တို့ ကော်မတီအဖွဲ့တွေက မြို့အဝင်ဝ သတ်မှတ်နေရာတွေက ကြိုဆိုကြတယ်။ ပြီးတော့ လူနာမည်တွေ၊ ရပ်ကွက်၊ ကျေးရွာတွေ လွဲမှားမှု မဖြစ်စေဖို့ စနစ်တကျ စာရင်းကောက်ယူပြီး စိစစ်ဆောင်ရွက်တာတွေ ပြုလုပ်ပေးတယ်။ နေရပ်ပြန်တွေအတွက် သတ်မှတ်ထားရှိတဲ့ စောင့်ကြည့်ရေးနေရာတွေမှာ စနစ်တကျနေထိုင်နိုင်ဖို့၊ အစားအသောက်ကျွေးမွေးဖို့နဲ့ ကျန်းမာရေးစစ်ဆေးပေးဖို့ကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့တွေ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့တွေနဲ့ပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ပေးထားပါတယ်”ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်က ပြောကြားသည်။

ယနေ့ မြောက်ဦးမြို့နယ်သို့ ထပ်မံရောက်ရှိလာသည့် နေရပ်ပြန် ၁၀၀ အနက် ကျေးရွာနေပြည်သူ ၉၂ ဦးတို့အား ၎င်းတို့ကျေးရွာများရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရာနေရာဖြစ်သော စာသင်ကျောင်းများ၌ ထားရှိမည်ဖြစ်ကာ မြို့ပေါ်ရပ်ကွက်များကို ရောက်ရှိလာသည့် နေရပ်ပြန် ရှစ်ဦးတို့ကို မြောက်ဦးမြို့ရှိ အောင်တပ်ရပ်ကွက် အောင်မင်္ဂလာမူလွန်ကျောင်းနှင့် ထမ္မရာဇ်ရပ်ကွက် ထမ္မရာဇ်မူလွန်ကျောင်းတို့တွင် ၂၁ ရက်ကြာ ထားရှိစောင့်ကြည့်သွားမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုများကိုလည်း နေ့စဉ်ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ယနေ့အချိန်ထိ မြောက်ဦးမြို့နယ်သို့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ နေရပ်ပြန် မြန်မာနိုင်ငံသား စုစုပေါင်းမှာ ၂၁၀ အထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)



တင်ထွန်းဦး(ပြန်/ဆက်)

# ရွှေဈေးကွက်ဖွင့်လှစ်နိုင်ရေးမှာ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များပေါ်တွင် မူတည်

**ရန်ကုန် မေ ၈**

ရွှေဈေးကွက်ဖွင့်လှစ်နိုင်ရေးမှာ နိုင်ငံတော်က ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များပေါ်တွင် မူတည်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဗဟိုကော်မတီက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို ယခင်ဧပြီ ၃၀ ရက်မှ မေ ၁၅ ရက်အထိ တိုးမြှင့်သတ်မှတ်ထားသည်။

“အခု မေ ၁၅ ရက်ထိအောင် အစိုးရက ကြေညာထားတယ်။ အဲဒီနောက်ပိုင်း အစိုးရက ဆက်ပြီးမတိုးဘူးဆိုရင်တော့ ရွှေဈေးကွက်ကိုလည်း မေ ၁၅ ရက်နောက်ပိုင်း ပြန်ဖွင့်မယ်”ဟု ဦးအုန်းမြိုင်က ပြောသည်။

ကိုဗစ်-၁၉ ကြောင့် လက်ရှိ ရန်ကုန်၊ မန္တလေး ရွှေဈေးကွက်ကိုလည်း ပိတ်ထားပြီး ရွှေဆိုင်အချို့က အကျပ်အတည်းဖြစ်နေသည့် ရွှေရောင်းမည့်သူများ၏ အခက်အခဲကို ကူညီရန် အဝယ်လက်ခံနေသည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

‘‘တရားဝင်တော့ မဖွင့်သေးဘူး၊ သို့သော်လည်းပဲ လိုသူရောင်း လိုသူဝယ်ပေါ့။ အဲလိုမျိုးတွေတော့ ဖုန်းဆက်ပြီးတော့ ငွေပိုတဲ့လူနဲ့ ငွေလိုတဲ့လူနဲ့ နည်းနည်းရောင်းတာ ၊ ဝယ်တာလေးတော့ ဖြစ်တယ်။ ဒါပေမယ့် တရားဝင်တော့ မဖွင့်သေးဘူး”ဟု ဦးအုန်းမြိုင်က ပြောသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁၈၀၀၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ကျော်အထိ စံချိန်တင်မြင့်တက်လျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင်မူ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာ ရှိခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်ခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ငွေကျပ် ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ငွေကျပ် ၁၂၀၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီးဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ ဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

ပြီးခဲ့သည့် သုံးလက ရွှေဈေးကို ပြန်ကြည့်မည်ဆိုလျှင် ဖေဖော်ဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၂၄၁၀၀ (ဖေဖော်ဝါရီ ၅ ရက်) နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၂၃၄၂၀၀ (ဖေဖော်ဝါရီ ၂၈ ရက်)၊ မတ်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၁၄၈၀၀၀ (မတ်လ ၃၁ ရက်) နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၂၁၈၆၀၀ (မတ်လ ၄ ရက်)၊ ဧပြီတွင်မူ ကိုဗစ်-၁၉ ကြောင့် ပြည်တွင်းရွှေဈေးကွက် ပိတ်ထားကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ငြိမ်းငြိမ်း

# ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သားများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**လှိုင်ကော် မေ ၈**

ကယားပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများကို စနစ်တကျကြီးကြပ်ရေးကော်မတီမှ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း စားဝတ်နေရေးတစ်ဖက်တစ်လမ်းမှ အဆင်ပြေချောမွေ့စေရန် ကော်မတီ၏ကြီးကြပ်မှုအောက်ရှိ ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သားများအား (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီ) ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က လှိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းများကို စနစ်တကျကြီးကြပ်ရေးကော်မတီ ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်အုန်း၊ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ဂိတ်ဝန်ထမ်းများ၊ လုပ်သားများ တက်ရောက်ကြသည်။

ယင်းထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပေးအပ်ရာ ဂိတ်များမှ တာဝန်ခံများက လက်ခံဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ ထောက်ပံ့ပေးအပ်ရာတွင် တစ်ဦးလျှင် ဆန်ရှစ်ပြည်၊ ဆီ တစ်ပိဿာ၊ ဆား တစ်ပိဿာ၊ ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ တို့ကို ဦးရေ ၆၇၀ ခန့်အား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံအေးက ပြောသည်။

ကိုစိုင်း(လှိုင်ကော်)

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် အထောက်အကူပြုအဖွဲ့များ COVID-19 ရောဂါပိုး တွေ့ရှိမှုမရှိ

နေပြည်တော် မေ ၈

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့များအား ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ခတ်ခွဲစစ်ဆေးရန်အတွက် ခတ်ခွဲနမူနာရယူပြီး နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ COBAS 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးလျက်ရှိကြောင်း။

စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါတပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့များ စုစုပေါင်း ၂၁၉ ဦးတို့တွင် ကိုဗစ် – ၁၉ ရောဂါပိုး တွေ့ရှိမှု မရှိ(မရှိ)ကြောင်း။

ထို့ပြင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် သီးခြားစောင့်ကြည့်ထားသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင် ၁၄ ဦးကိုလည်း နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ COBAS 6800 ရောဂါ ရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ရာ ရောဂါပိုး တွေ့ရှိသူ မရှိ (မရှိ) ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၈

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၈

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ မင်းဘူးမြို့၊ တောင်တွင်းကြီးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ



# ဖောင်ကြီးကျန်းမာရေးစင်တာသို့ ကိုဗစ်-၁၉ လူနာပို့ဆောင်နိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပို့ဆောင်ရေးယာဉ် ၂၄ နာရီအသင့်ထားရှိ

ရန်ကုန် မေ ၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများနှင့် ကိုဗစ်-၁၉ စောင့်ကြည့်နေရာများတွင် ရောဂါလက္ခဏာဖြစ်ပေါ်လာပါက အဆိုပါလူနာများအား ကိုဗစ်-၁၉ ကျန်းမာရေးစင်တာ (ဖောင်ကြီး)သို့ လျင်မြန်စွာပို့ဆောင်နိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်တိုင်းလူမှုကယ်ဆယ်ရေးအဖွဲ့မှ ယာဉ်မောင်းများ ၂၄ နာရီ အသင့်ထားရှိကြောင်း ရန်ကုန်ဆေးရုံကြီး အရေးပေါ်ကုသဌာနမှ သိရသည်။**



ဖောင်ကြီးသို့ကိုဗစ်-၁၉ လူနာပို့ဆောင်မည့်ယာဉ်အတွင်းပိုင်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

"ကိုဗစ် - ၁၉ ပိုးတွေ့ လူနာတွေ ဖောင်ကြီးကျန်းမာရေး စင်တာကို ဘယ်လိုသယ်ယူပို့ဆောင်မလဲဆိုတာ လေ့ကျင့်ပြီး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာရှိတဲ့ ဆေးရုံတွေကပိုးတွေ့ဖြစ်တဲ့လူနာ၊ ကန့်သတ်စောင့်ကြည့်နေရာတွေက ပိုးတွေ့တဲ့လူနာတွေကို ဖောင်ကြီးက ကျန်းမာရေးစင်တာကို ရန်ကုန်တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေး အဖွဲ့ကပို့ဆောင်ပေးမှာပါ။ ရန်ကုန်မြို့ အရှေ့ပိုင်းလမ်းကြောင်းက အရှေ့ပိုင်းဆေးရုံ၊ သန်လျင်ဆေးရုံ၊ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာပဆေးရုံ၊ အနောက်ပိုင်းလမ်းကြောင်းက ရန်ကုန်ဆေးရုံသစ်ကြီး၊ အနောက်ပိုင်းဆေးရုံ၊ အင်းစိန်ဆေးရုံနှင့် လှိုင်သာယာဆေးရုံ၊ ပြီးတော့ အသွားအလာကန့်သတ်နေရာများက ပိုးတွေ့လာမယ့်လူနာတွေရှိရင် ဖောင်ကြီးကျန်းမာရေး စင်တာကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အသင့်ရှိတဲ့ လူမှုကယ်ဆယ်ရေး အဖွဲ့က ၂၄ နာရီပို့ဆောင်ပေးမှာပါ"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာ မော်မော်ဦးက ပြောသည်။

ဖောင်ကြီး ကျန်းမာရေးစင်တာတွင် ပိုးတွေ့သာမန်လူနာအတွက် အဆောင် လေးဆောင်ထားရှိပြီး အဆောင်နှစ်ဆောင်တွင် လူနာ ၂၀၀ ကုသနိုင်ရန် ပြင်ဆင်ထားရှိကာ ရောဂါလက္ခဏာရှိသူတို့အတွက်ICUအဆောင် လေးဆောင်တွင်နှစ်ဆောင် ခုတင်-၂၀ ကို အသင့်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ၄၄ မြို့နယ်တွင် လူမှုကယ်ဆယ်ရေး အရေးပေါ်လူနာတင်ယာဉ် ၃၀၀ကျော် ရှိပြီး လူမှုကယ်ဆယ်ရေးအင်အား ၈၀၀ ကျော်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ၂၄ နာရီ လူနာပို့ဆောင်နိုင်ရန် ယာဉ်မောင်းငါးဦးနှင့် လူနာပို့ဆောင်သူကိုးဦးအသင့်ထား ရှိ၍ဖောင်ကြီးကျန်းမာရေးစင်တာသို့ ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ကာလူနာကိုပို့ဆောင်မည်ဖြစ်သည်။ ထိုသို့ လူနာပို့ဆောင်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရန် ကွင်းဆင်းလေ့ကျင့်မှုများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ - သန်းစိုး**



မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၅ ရက်က ရမည်းသင်းခရိုင် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်မိသားစုများက ဝံသပါလမိဘမဲ့ ပရဟိတဘုန်းကြီးကျောင်း ဆရာတော် ဦးတိက္ခဉာဏနှင့် ပင့်သံဃာသုံးပါးတို့အား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မိဘမဲ့ကလေးငယ် ၈၀ အား နံနက်စာကျွေးမွေးလှူဒါန်းစဉ်။

မင်းမင်းလတ်(ရှုပဗေဒ)



ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၇၅ ဦးအား မေလအတွက် အခြေခံစားသောက်ကုန်များကို မေ ၇ ရက်က ဗဟန်းမြို့နယ် ကျောက်ဆည် မွှေရုံ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်သိန်းနိုင်(ငြိမ်း) နှင့် အမှုဆောင်များက ထောက်ပံ့ပေးအပ်စဉ်။

အေးသန်း(စိန်တုံးကြီး)

# လောက်ကိုင်မြို့ပေါ် ရပ်ကွက်များအတွင်း ပိုးသတ်ဆေးဖျန်း

**လောက်ကိုင် မေ ၈**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လောက်ကိုင်မြို့ပေါ် ရပ်ကွက်များတွင် ယနေ့နံနက်ပိုင်းက ပိုးသတ်ဆေး ဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရာတွင် လောက်ကိုင် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်နှင့် နယ်မြေခံ နယ်ခြားစောင့်တပ်တို့ ပူးပေါင်း၍ ရပ်ကွက်များအတွင်း ပက်ဖျန်းပေးခြင်းနှင့် မြို့ပေါ်လမ်းများ၊ လမ်းသွယ်များ၌ မော်တော်ယာဉ်များ





ဖြင့် ပက်ဖျန်းပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်နှင့် နယ်မြေခံ နယ်ခြားစောင့်တပ်တို့မှ တာဝန်ခံအရာရှိများက လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၇၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၈၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၀၀/၃၃၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၆၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၂၂၄ | ၂၂၅၈၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၉၈၈၅ | ၃၇၉၀၇၂၅၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၉ | ၇၂၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၁၆၄ | ၃၈၂၇၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၈၉ | ၁၃၄၄၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လှူဒါန်းမှုတွင်ကျန်ခဲ့သော ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်က စားနပ်ရိက္ခာများ ထပ်မံကူညီထောက်ပံ့မည်


ရုပ်ရှင်အစည်းအရုံး(ဗဟို) အတွင်းရေးမှူး(၂) ဦးဝင်းမြင့်

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မြန်မာ့ရုပ်ရှင်လောကရှိ ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များအား လိုအပ်မည့် စားနပ်ရိက္ခာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်က ပေးအပ်လှူဒါန်းလျက်ရှိရာ လက်ရှိအချိန်အထိ လှူဒါန်းပြီးသည့်အထဲတွင် မပါဝင်ဘဲ ကျန်ရှိနေခဲ့သေးသော အနုပညာရှင်အချို့အတွက်လည်း ထပ်မံလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို) အတွင်းရေးမှူး(၂) ဦးဝင်းမြင့်က "အခုအချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူတိုင်းနီးပါးက အပြင်ကိုထွက်ဖို့ ကြောက်နေကြတာပါ၊ အထူးသဖြင့်တော့ ကျွန်တော်တို့ အနုပညာလောကရဲ့ အောက်ခြေကလူတွေဆို ကျန်းမာရေးချို့တဲ့သူတွေများတော့ အပြင်ထွက်ဖို့ သိပ်မလွယ်ဘူး၊ ပထမတုန်းက တပ်မတော်က ကျွန်တော်တို့အတွက် လိုအပ်တဲ့ စားနပ်ရိက္ခာအချို့ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပေးအပ် ကူညီကြပါတယ်၊ တချို့တစ်ဝက်ကတော့ ကျန်နေသေးတယ်၊ ဒါကလည်း သူတို့မှာ တခြားအကြောင်းလေးတွေရှိနေလို့ အခု လာမပေးနိုင်သေးတာပါ၊ လာရောက်ကူညီဖို့လည်း ပြင်ဆင်နေကြပါပြီ" ဟု ပြောသည်။

ဇာတ်ပို့ဇာတ်ရံ ရုပ်ရှင်သရုပ်ဆောင်များထံသို့ စားသောက်ကုန်များ အိမ်အရောက်လှူဒါန်းရာတွင် ကြုံတွေ့ရသည့်အခက်အခဲနှင့် ပတ်သက်၍ ဦးဝင်းမြင့်က "တိုင်းစစ်ဌာနချုပ်ကပေးမယ့် စားနပ်ရိက္ခာတွေကို ဥပမာ လှိုင်သာယာမြို့နယ်ကို သွားပေးမယ်ဆိုရင် အဲဒီမှာ ဘယ်သူတွေနေတယ်ဆိုတာကို ဦးက စာရင်းတွေ ပေးထားပြီးသားပါ၊ အဲဒီမှာ အခက်အခဲက အိမ်ပိုင်မရှိတဲ့သူတွေက လိပ်စာ အပြောင်းအလဲတွေ ရှိတယ်။ ဖုန်းအဆက်အသွယ် လုပ်ရတဲ့အခါမှာလည်း ပြဿနာရှိတယ်။ အချို့က အရင်ကိုင်တဲ့ဖုန်းတွေက ပြောင်းသွားတာတွေ ရှိကြတယ်။ ဒီအခါ တပ်မတော်ဘက်ကလည်း ချက်ချင်း လိုက်ဝေဖို့ဆိုတာ သိပ်ပြီးမလွယ်ဘူးလေ။ လူစုလူဝေးမဖြစ်အောင်လည်း အခုအချိန်မှာက သတိထားနေရတာဆိုတော့ လိုက်ပို့တဲ့အခါမှာ တစ်နေ့တစ်နေ့ ခြောက်အိမ်၊ ခုနစ်အိမ်လောက်ပဲ ပို့နိုင်တယ်လေ၊ အဲဒီတော့ မရသေးတဲ့သူတွေ ကျန်နေတာပါ။ ဦးကတော့ ပြောထားပါတယ် ရောက်လာမှာပါလို့။ တိုင်းစစ်ဌာနချုပ်ကလည်း ဇာတ်ပို့ဇာတ်ရံတွေ အားလုံးကို ဝေမယ်လို့ ပြောထားပါတယ်"ဟု ဆက်ပြောသည်။

လိပ်စာနှင့် ဖုန်းနံပါတ် ပြောင်းသွားသော ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များအနေဖြင့် ထောက်ပံ့လှူဒါန်းမည့် အစီအစဉ်များကို သိရှိနိုင်ရန်အတွက် ဖေ့စ်ဘုတ် လူမှုကွန်ရက်ပေါ်၌ ဖွင့်လှစ်ထားသော ဇာတ်ပို့ ဇာတ်ရံ စာမျက်နှာကို follow လုပ်ထားကြပြီး အမြဲ ဝင်ရောက်ကြည့်ရှုကြစေလိုကြောင်းနှင့် ဇာတ်ပို့ ဇာတ်ရံ သရုပ်ဆောင်များအား ရန်ကုန်တိုင်း စစ်ဌာနချုပ်က လှူဒါန်းသည့်အပြင် ရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များနှင့် ရုပ်ရှင်အဖွဲ့သားများအား ကူညီထောက်ပံ့မှုများပေးရန် စီစဉ်ထားကြောင်း၊ လက်ရှိအချိန်အထိ ဆန်၊ ဆီများ ဝေမျှပေးထားပြီးသည်များရှိသလို အခက်အခဲပြီးဆုံးချိန်အထိ ထပ်မံကူညီသွားရန်လည်း ဆွေးနွေးတိုင်ပင်မှုများပြုလုပ်နေကြောင်း သိရသည်။

ကိုလင်း

# စိုင်းစိုင်းခမ်းလှိုင်က ပရိသတ်များနှင့်အတူ အသက်ရှူအထောက်အကူပြုကိရိယာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရထံ လှူဒါန်း

အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နှင့် သူ၏ပရိသတ်များ၊ မိတ်ဆွေ လုပ်ငန်းရှင်များ၊ အနုပညာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ကျပ်သိန်း ၂၂၀ တန်ဖိုးရှိသော အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ မေ ၅ ရက်က လှူဒါန်းသည်။

အဆိုပါလှူဒါန်းမှုနှင့် ပတ်သက်၍ စိုင်းစိုင်းခမ်းလှိုင်က "ဒီနေ့မှာ Birthday Show အလှူငွေထဲကနေ ရန်ကုန်တိုင်းဒေသကြီးအစိုးရကို အသက်ရှူ အထောက်အကူပြုကိရိယာတစ်လုံး လှူဒါန်းခဲ့ပါတယ်။ ဒီစက်ကို ဖောင်ကြီးဆေးရုံမှာ ထားရှိမှာ ဖြစ်ပါတယ်။ စက်က မူလဈေးနဲ့ ကျပ်သိန်း ၂၂၀ တန်ဖိုး ကျသင့်မှာ ဖြစ်ပေမယ့် ကျွန်တော့်ကို discount ပေးတာရယ်၊ exchange rate ပြောင်းတာရယ်ကြောင့် အခုငွေရှင်းတဲ့အချိန်မှာ ကျပ် ၁၉၇၄၀၀၀၀ ပဲ ပေးချေခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်ဆီမှာ အလှူငွေ ကျပ် ၅၃၉၈၆၀ နဲ့ အမေရိကန်ဒေါ်လာ ၃၀၀၀ ကျန်ရှိ နေပါသေးတယ်။ နောက်တစ်ခေါက် ထပ်မံလှူဒါန်းပါမယ်ခင်ဗျ။ ဒီအလှူက ကျွန်တော့်ပရိသတ်များ၊ မိတ်ဆွေလုပ်ငန်းရှင်များနဲ့ Birthday Show မှာ ပါဝင်တဲ့ အနုပညာရှင်၊ အတတ်ပညာရှင်များရဲ့ စုပေါင်းအလှူဖြစ်ပါတယ်။ ဒီနေ့အထိ လှူဒါန်းပြီး စုစုပေါင်းက ကျပ် ၇၉၇၄၀၀၀၀ တိတိဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်နဲ့ အတူ ဦးဇော်မင်း(မင်္ဂလာရုပ်ရှင်ရုံ)ကလည်း ကျပ်သိန်း ၁၀၀ တိတိ ထပ်မံ လှူဒါန်းခဲ့ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ"ဟု ၎င်း၏ လူမှုကွန်ရက်တွင် မေ ၅ ရက်က ရေးသားထားသည်။

ကိုလင်း



# လူ့ရှင်တော်များ စားဝတ်နေရေးအခက်အခဲရှိလာကြောင်း လူ့ရှင်တော် ကံပွင့် ပြောကြား

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အချိန်ကြာမြင့်လာသည်နှင့်အမျှ လူတိုင်းနီးပါး အခက်အခဲများ တွေ့ကြုံလာရသလို မြန်မာ့ဇာတ်သဘင်လောကရှိ လူ့ရှင်တော်များအနေဖြင့်လည်း စားဝတ်နေရေး အဆင်မပြေမှုများ ကြုံတွေ့နေရပြီဖြစ်ကြောင်း လူ့ရှင်တော်တစ်ဦးဖြစ်သူ ဦးကံပွင့်က ပြောကြားသည်။

"ဦးကံတို့ လူ့ရှင်တော်အဖွဲ့တွေအနေနဲ့လည်း စားဝတ်နေရေး အခက်အခဲတွေ ရှိနေပါတယ်။ အားလုံးက ဒီအချိန်မှာ အိမ်မှာထိုင်ပြီး အဆင်မပြေဖြစ်နေကြတာပေါ့။ ဦးကတော့ အိမ်ပိုင်လေးရှိတော့ နေရေးလေးက စိတ်မပူရဘူး။ စားရေးက အဓိက ခက်ခဲတယ်။ အချို့လူ့ရှင်တော်တွေဆို အိမ်ငှားနေကြရတော့ ပိုပြီး အခက်အခဲတွေဖြစ်ကြရတယ်။ အိမ်လခပေးဖို့ကလည်း တစ်ဒုက္ခပေါ့။ လူ့ရှင်တော်အသင်းဝင်ကတ် ရှိသူကို ဆန်၊ ဆီ လှူတာကလည်း တစ်ခဏပဲ အဆင်ပြေနိုင်ပါတယ်။ အချိန်ကာလ ဘယ်လောက်အထိကြာမယ်မှန်းမသိဘဲ စားဝတ်နေရေး အဆင်မပြေဖြစ်လာပေမယ့် အိမ်ထဲမှာ ငုတ်တုတ်ထိုင်ပြီးတော့ပဲ ဖြတ်သန်းနေကြရပါတယ်။ ဦးကံတို့လည်း မရှိရှိတာလေးကို ထုခွဲရောင်းချပြီး သုံးစွဲနေရတယ်။ မြန်မာစကားပုံအတိုင်း ရှိရင်တော့ တန်ဆာ၊ မရှိတော့လည်း ဝမ်းစာပေါ့။ ကိုယ်တိုင်ကလည်း လုပ်ဖော်ကိုင်ဖက်တွေကို မလှူနိုင်ဘူး။ စိတ်မကောင်းရုံကလွဲရင် ဘာမှကို မတတ်နိုင်ပါဘူး"ဟု ပြောသည်။

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့်အချိန်က လူ့ရှင်တော် အသင်းဝင်ကတ် ပြုလုပ်ထားသူအားလုံးကို အသင်းက ဆန်၊ ဆီများ ပံ့ပိုးပေးခဲ့ရာတွင် လည်းကောင်း၊ သက်ကြီးလူ့ရှင်တော်များအား ကူညီလှူဒါန်းမှုများ ပြုလုပ်ရာတွင်လည်းကောင်း လူ့ရှင်တော် ဦးကံပွင့်အနေဖြင့် ပါဝင်ကူညီခဲ့သလို မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ကိုဖိုးချစ်နှင့် CB ဘဏ်ဥက္ကဋ္ဌတို့ ပူးပေါင်းလှူဒါန်းသော ပစ္စည်းများကို ဇာတ်သဘင်လောကသားများထံ လက်ဝယ်ရောက်ရှိရန်လည်း လိုက်လံဝေငှ လှူဒါန်းခြင်းဖြင့် ကူညီခဲ့ကြောင်း၊ ကျန်သောအချိန်များတွင်မူ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း အိမ်၌သာ နေထိုင်လျက်ရှိကြောင်း ဦးကံပွင့်က ဆက်လက်ပြောကြားသည်။

ကိုလင်း



# နေခြည်ဦးက ပရိသတ်များနှင့်ပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်မည်



ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်နေသောနေရာများ၌ အသုံးပြုနိုင်ရန်အတွက် သရုပ်ဆောင် နေခြည်ဦးက ဖေ့စ်ဘုတ်လူမှုကွန်ရက်တွင် beautybynaychi အမည်ဖြင့် စာမျက်နှာတစ်ခု ဖွင့်လှစ်၍ အလှူခံပေးလျက်ရှိရာ လက်ရှိအချိန်တွင် နေခြည်ဦး၏ မတည်လှူဒါန်းငွေနှင့် ပရိသတ်များမှလှူဒါန်းငွေ စုစုပေါင်း ကျပ် ၅၅ သိန်း ရရှိနေပြီဖြစ်ကြောင်း သိရသည်။

"နေခြည့်အနေနဲ့ ကိုယ်တတ်နိုင်သလောက်လေးကို ကိုယ့် fans တွေနဲ့ လှူရသော စေတနာကြောင့် နေခြည်တို့ လူသားတွေအားလုံး ဒီကပ်ရောဂါကြီးဘေးကနေ အမြန်ဆုံး ကင်းဝေးရှောင်ရှားနိုင်ကြပါစေ။ နေခြည့်အနေနဲ့ ကံစမ်းမဲပုံစံလေးလုပ်ပြီး အလှူငွေတွေကို ကောက်ခံတာပါ"ဟု နေခြည်ဦးက ပြောသည်။ အဆိုပါ ကံစမ်းမဲပုံစံဖြင့် လှူဒါန်းသည့် အစီအစဉ် အသေးစိတ်ကို ဖေ့စ်ဘုတ်တွင် beautybynaychi ဟု စာရိုက်ရှာ၍လည်းကောင်း၊ https://facebook.com/beautybynaychi ဝက်ဘ်ဆိုက်လိပ်စာသို့ဝင်၍လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် နေခြည်ဦးက မတည်လှူဒါန်းသည့် အစီအစဉ်နှင့် ပတ်သက်၍လည်း "ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လိုအပ်နေတဲ့နေရာများမှာ လှူဒါန်းသွားဖို့အတွက် beautybynaychi ရဲ့ Ten Day Giveaways မှာ ပြုလုပ်နေတဲ့ Live and Video view တစ်ခုချင်းစီကို တစ်ကျပ်နှုန်းနဲ့ ဆယ်ရက်အတွင်း အကန့်အသတ်မရှိ တွက်ပြီး နေခြည်က အားလုံးကိုယ်စား လှူသွားမှာဖြစ်ပါတယ်။ အခု လက်ရှိ သုံးရက်မှာ viewers စုစုပေါင်း အကြမ်းဖျင်း ၆၅၀၀၀၀ ရှိထားပြီမို့ အလှူငွေကိုလည်း ကျပ် ၆၅၀၀၀၀ မတည်ထားပြီးပါပြီ"ဟု ပြောသည်။ နေ့စဉ် update စာရင်းကိုလည်း အဆိုပါဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြပေးနေသဖြင့် ပရိသတ်များအနေဖြင့် page ကို see first လုပ်ထားပြီး ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# လူမှားလောက်အောင်အထိ အဆိုတော်အဒဲလ် ကိုယ်အလေးချိန်ကျသွား

အဆိုတော်အဒဲလ်လို့ ပြောလိုက်ရင် ပြည့်ပြည့်ဖြိုးဖြိုး ခန္ဓာကိုယ်လေးနဲ့ဆိုတာ လူတိုင်း သိပြီးသားပါ။ အဒဲလ်ကိုယ်တိုင်ကလည်း သူ့ရဲ့ကိုယ်ခန္ဓာကို ပြည့်ပြည့်ဖြိုးဖြိုးလေးဖြစ်နေတာကို သဘောကျသူပါ။ ဒါပေမယ့်လည်း အခုအခါမှာတော့ ပရိသတ်တွေအားလုံး အံ့အားသင့်သွားရမယ့်ဓာတ်ပုံကို အဒဲလ်က ထုတ်ပြခဲ့ပါတယ်။ အဲဒီဓာတ်ပုံထဲမှာ အဒဲလ်ဟာ ပရိသတ်တွေ ထင်မှတ်မထားလောက်တဲ့အထိကို ကိုယ်ခန္ဓာအလေးချိန် ကျဆင်းသွားတာကို တွေ့ရပါတယ်။ တချို့ပရိသတ်တွေဆိုရင် အဒဲလ်ကို တခြားမင်းသမီးတစ်လက်နဲ့တောင် လူမှားနေကြပါတယ်။ အဒဲလ်ရဲ့ ၃၂ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ပရိသတ်ကို ကျေးဇူးတင်ကြောင်း အင်စတာဂရမ်မှာပြောကြားစဉ် ဒီဓာတ်ပုံကို ထုတ်ပြခဲ့တာပါ။

အင်စတာဂရမ်မှာတော့ အဒဲလ်က "ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှာ ပါဝင်နေကြတဲ့ လူတိုင်းလူတိုင်းကို ကျေးဇူးတင်တယ်။ သူတို့ကြောင့်သာ ပြည်သူတွေ လုံခြုံနေတာ"လို့ ရေးသားခဲ့ပါတယ်။ အဒဲလ်ရဲ့ ကာယ ဆရာဟောင်းကတော့ အဒဲလ်တစ်ယောက် အခုလိုဝိတ်ကျသွားတာဟာ လေ့ကျင့်ခန်းလုပ်တာရယ်၊ အစားအသောက်ချင့်ချိန်စားသောက်တာရယ်ကြောင့်လို့ ပြောခဲ့ပါတယ်။ အခုဆိုရင် ပရိသတ်တွေက အဒဲလ်ကို အမေရိကန်ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဆာရာပေါဆင်နဲ့ လူချင်းလွဲနေကြပါတယ်။ အဒဲလ်ဟာ သူ့ရှစ်နှစ်ကြာ လက်တွဲခဲ့တဲ့ ဆိုင်မွန်နဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက်ပိုင်းမှာ ဝိတ်ချခဲ့တာပဲ ဖြစ်ပါတယ်။ **ဟယ်လို**



အဆိုတော်အဒဲလ်

# ကိုဗစ် -၁၉ ကူးစက်ခံရာမှ ပြန်လည်ကျန်းမာလာပြီဟု မက်ဒေါနားပြော

အဆိုတော်မက်ဒေါနားဟာ ဖေဖော်ဝါရီလနဲ့မတ်လအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ဂီတဖျော်ဖြေပွဲတွေ ပြုလုပ်ခဲ့ပြီးတဲ့နောက် ကိုဗစ် -၁၉ ကူးစက်ခံခဲ့ရတယ်လို့ ယူဆဖွယ်ရာရှိပြီး အခုအခါမှာတော့ ပြန်လည်ကျန်းမာနေပြီလို့ ပြောပါတယ်။ အသက် ၆၁ နှစ်ရှိနေပြီဖြစ်တဲ့ မက်ဒေါနားဟာ ကိုဗစ် -၁၉ ရှိမရှိ စစ်ဆေးကြည့်တဲ့အခါ ပဋိပစ္စည်းထွက်နေတာကို တွေ့ရတဲ့အတွက် သူ့မှာ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရတယ်လို့ ယူဆဖွယ်ရာရှိပါတယ်။

မက်ဒေါနားတစ်ယောက် ဆိုးဆိုးရွားရွားနေမကောင်းဖြစ်နေတယ်ဆိုပြီး ကောလာဟလထွက်ခဲ့ပေမယ့် အခုလက်ရှိအချိန်မှာတော့ ဖျားနာခြင်းမရှိတော့ဘူးလို့ မက်ဒေါနားက ပြောပါတယ်။ကိုဗစ်-၁၉ ကုသရေးသုတေသနအတွက် တစ်စိတ်တစ်ပိုင်း ပါဝင်နိုင်ခဲ့တာဖြစ်လို့ ကျေးဇူးတင်တယ်လို့လည်း မက်ဒေါနားက ပြောခဲ့ပါတယ်။ လက်ရှိမှာ ဖျားနာခြင်းမရှိပေမယ့် ပါရီခရီးစဉ်ပြီးဆုံးခါနီးအချိန်မှာတော့ ဖျားနာခဲ့တယ်လို့ မက်ဒေါနားက ပြောပါတယ်။ မက်ဒေါနားဟာ ဖေဖော်ဝါရီ ၂၂ ရက်မှာ ပါရီမှာ တစ်ကိုယ်တော်ဖျော်ဖြေခဲ့ပြီးတဲ့နောက် ဒဏ်ရာပြဿနာကြောင့် ပွဲဖျက်ခဲ့ရပါတယ်။ အဲဒီနောက် ပြင်သစ်အာဏာပိုင်တွေက လူစုလူဝေးနဲ့ ကျင်းပတဲ့ပွဲတွေ မပြုလုပ်ရဘူးလို့ မတားခင် အချိန်အထိလည်း ပွဲနှစ်ပွဲ ဖျက်ခဲ့ရပါသေးတယ်။ **ပီတီအိုင်**



အဆိုတော်မက်ဒေါနား



# ဘာသာစာပေပေါင်းကူး(၁၄)

**မောင်ခင်မင် (ဓနုဖြူ)**

"ခုအထိ ဘဘတို့ပြောလာကြတာ ဘာသာစကားက စာပေကိုပေးတဲ့ လက်ဆောင်တွေအကြောင်း ဆိုပါတော့။ စာဆိုတွေက ဘာသာစကားကို လှလှပပတွဲစပ်ရေးဖွဲ့လို့ စာပေအလှကွက်တွေ ပေါ်ပေါက်လာတဲ့အကြောင်း မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ကဲ...အခုတစ်ခါ အဲဒီသဘောကို တစ်ဖက်က ပြန်စဉ်းစားကြည့်ရအောင်။ စာပေအရေးအဖွဲ့တွေအကြောင်း၊ ဘာသာစကားဖွံ့ဖြိုးလာရတဲ့အကြောင်းပေါ့ကွယ်"

"ဘဘပြောနေကျ စကားအတိုင်းပြောရရင် စာပေကဘာသာစကားကိုပေးတဲ့လက်ဆောင်တွေ အကြောင်းပေါ့နော် ဘဘ"

"ဟုတ်တာပေါ့ကွယ်။ ဒီနေရာမှာ ဆရာကြီး ဒေါက်တာလှဘေပြခဲ့တဲ့ သာဓကတစ်ခုကို သတိရတယ်။ ဆရာကြီး ဒေါက်တာလှဘေအကြောင်း သမီးသိပါတယ်နော်"

"သိပါတယ် ဘဘ။ မြန်မာကရော၊ ကမ္ဘာကရော လေးစားရတဲ့ ဘာသာစာပေပညာရှင် ဆရာကြီးပါ"

"အေး၊ ဆရာကြီး ဒေါက်တာလှဘေက စာတမ်းတစ်စောင်မှာ ဘာသာဓကေ ပြသလဲဆိုတော့ရှေးက မြန်မာကဗျာဆရာတွေဟာ လေးလုံးစပ်ကာရန် စနစ်ဘောင်ထဲမှာ ကာရန်ညီစကားလုံးတွေဖန်တီးရေးဖွဲ့တဲ့အတွက် မြန်မာဘာသာစကားထဲမှာ မျိုးပြစကားတွေ ကြွယ်ဝလာတယ်...တဲ့။ မျိုးပြစကားဆိုတာ သမီးသိပါတယ်နော်"

"ဟုတ်ကဲ့၊ သံဃာတစ်ပါး၊ လူတစ်ယောက်၊ ခွေးတစ်ကောင်၊ အိုးတစ်လုံး၊ ဖျာတစ်ချပ်ဆိုတဲ့ အမျိုးအစားပြတဲ့စကားတွေပါ ဘဘ"

"ဆရာကြီးက မြစ်တွေအကြောင်းဖွဲ့တဲ့ ကဗျာတွေကို ကိုးကားပြီး 'မြစ်တစ်မြစ်၊ မြစ်တစ်တန်း၊ မြစ်တစ်မွှာ၊ မြစ်တစ်ခန်း၊ မြစ်တစ်သွယ်၊ မြစ်တစ်ပါး၊ မြစ်တစ်ခု'ဆိုပြီး မြစ်ကိုဖော်ပြတဲ့ မျိုးပြစကားတွေ ကြွယ်ဝလာပုံကို ဖော်ထုတ်ပြထားတာလေ"

"ဟုတ်ကဲ့ပါ"

"ကြုံလို့ပြောရရင် အဲဒီ မျိုးပြစကားတွေဟာ မြန်မာစကားမှာရှိလို့ ဘာသာစကားတိုင်းမှာလဲ ရှိလိမ့်မယ်လို့ မပြောနိုင်ဘူးကွဲ့။ အရှေ့တောင်အာရှက ဘာသာစကားတွေ၊ တိဗက်မြန်မာအနွယ်ဝင်ဘာသာစကားတွေမှာ မျိုးပြစကားတွေ ရှိတယ်။ ဟို...အင်္ဂလိပ်၊ ပြင်သစ် စတဲ့အနောက်နိုင်ငံက စကားတွေမှာ မျိုးပြစကားမရှိဘူးကွဲ့"

"ဟင်၊ ဟုတ်လား ဘဘ၊ သမီးသတိမထားမိပါဘူး"

"စဉ်းစားကြည့်လေ၊ အင်္ဂလိပ်စကားမှာ one dog ၊ two pencils စသည်ဖြင့် သုံးတယ်မဟုတ်လား။ ကိန်းဂဏန်းအရေအတွက်နဲ့ သက်ရှိသက်မဲ့ကို ဖော်ပြတဲ့ နာမ်နဲ့ကပ်ပြီးသုံးရင် လုံလောက်ပြီလေ။ မျိုးပြစကားလုံးမပါဘူးမဟုတ်လား။ မြန်မာစကားလုံးကျတော့ အဲဒီပုံစံနဲ့ '၁ခွေး'၊ '၂ခဲတံ' လို့ သုံးလို့မှ မရတာ။ ခွေးတစ်ကောင်၊ ခဲတံ ၂ ချောင်း လို့ မျိုးပြထည့်ပြီး သုံးရတယ်မဟုတ်လား"

"သဘောပေါက်ပါပြီ ဘဘ"

"အဲဒီလိုပဲ မျိုးပြတွေ အမျိုးမျိုးပြောင်းသုံးတာတွေကို စာတွေထဲမှာ တွေ့မှာပါ။ 'တစ်မျိုး၊ တစ်ဖုံ၊ တစ်တန်၊ တစ်သွယ်၊ တစ်လီ၊ တစ်နည်း' ဆိုတာမျိုးတွေလေ။ စာဆိုတွေက စိတ်ကူးဉာဏ် ကွန့်မြူးပြီး ဖန်တီးလိုက်တဲ့အခါမှာ မျိုးပြတွေ ကြွယ်ဝလာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မကြာခင်က ဘဘ စာတမ်းတစ်စောင် ဖတ်ဖြစ်တယ်။ 'တ' ဆိုတဲ့ စကားလုံးကလေးကို အရင်းခံစကားလုံးတွေမှာ အမျိုးမျိုးတွဲပြီး စကားလုံးတွေ ပွားယူတဲ့အကြောင်းပေါ့"

"ပြောပြပါ ဘဘ"

"ဒါလဲ အထူးသဖြင့် ရှေးကဗျာတွေမှာ အများဆုံးတွေ့ရတဲ့ စကားလုံးတွေလေ။ 'တရှိုက်မက်မက်၊ တပင်ပန်းပန်း၊ တအုံနွေးနွေး၊ တသက်သက်' ဆိုတာမျိုး 'တ'ကို ရှေ့က ထည့်တာတွေလဲ ရှိတယ်။ 'ခုံတမင်၊ ရီတမောင်၊ ပိုးတဝါး'ဆိုတာမျိုး 'တ'ကို အလယ်က ထည့်တာတွေလဲ ရှိတယ်။ အဲ 'တ' ကို နောက်ကထည့်ရင်တော့ ရှေ့ကစကားလုံးနဲ့ ကာရန်တူအောင် ထည့်လေ့ရှိတယ်။ 'နီတီတီ'၊ 'ပြုံးတုံးတုံး'၊ 'ခနဲ့တဲ့တဲ့' ဆိုတာမျိုးပေါ့။ လေးလုံးစပ်ကဗျာတွေမှာ လေးလုံးတစ်ပိုဒ် ရေးဖွဲ့တဲ့အခါ စကားလုံးက လေးလုံးမပြည့်ဘဲ တစ်လုံး နှစ်လုံး လိုနေတဲ့အခါ ခုဘဘပြောသလို 'တ' ဆိုတဲ့ စာလုံးကလေးတွေကို ရှေ့က၊ အလယ်က၊ နောက်က ဖြည့်လိုက်တော့ ကဗျာထဲမှာ အသံလဲပြည့်သွားတယ်။ စကားလုံးအသစ်တွေလဲ ပေါ်လာတာပေါ့ကွယ်"

"သာဓက ကလေး သိပါရစေ ဘဘ"

"ဆိုပါတော့ကွယ်။ နွမ်းလျနေပါတယ်လို့ ရေးမယ်ဆိုပါတော့။ 'နွမ်းလျ' ဆိုတာ နှစ်သံတည်း ဖြစ်နေတော့ လေးသံပြည့်အောင် 'တနွမ်းလျလျ' လို့ သုံးလိုက်တာမျိုးပေါ့ကွယ်"

"သဘောပေါက်ပါပြီ ဘဘ၊ ကျေးဇူးတင်ပါတယ်"

"အခု ဘဘက 'တ'နဲ့တွဲတဲ့ သာဓကပဲပြတာလေ။ တခြားစကားလုံးတွေနဲ့ တွဲတဲ့စနစ်တွေလဲ ရှိပါတယ်။ သမီးအေးအေးဆေးဆေး လေ့လာကြည့်ပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက ကဗျာဖွဲ့ရာမှာ စကားလုံး ကရှည်နေလို့ တိုသွားအောင် အစသံဖြစ်ဖြစ်၊ အလယ်သံဖြစ်ဖြစ်၊ အဆုံးသံဖြစ်ဖြစ် ချေပြီး၊ ဖျောက် ပြီး သုံးတာမျိုးကွဲ့။ အဲဒီလို ချေလိုက်တဲ့ စကားလုံးတွေကလဲ ဘာသာစကားထဲမှာ စကားလုံးသစ်တွေအဖြစ် တိုးပွားလာတာပေါ့ကွယ်"

> **"နောက်တစ်မျိုးက ကဗျာဖွဲ့ရာမှာ စကားလုံး ကရှည်နေလို့ တိုသွားအောင် အစသံဖြစ်ဖြစ်၊ အလယ်သံဖြစ်ဖြစ်၊ အဆုံးသံဖြစ်ဖြစ်ချေပြီး၊ ဖျောက်ပြီး သုံးတာမျိုးကွဲ့။ အဲဒီလို ချေလိုက်တဲ့ စကားလုံးတွေကလဲ ဘာသာစကားထဲမှာ စကားလုံးသစ်တွေအဖြစ် တိုးပွားလာတာပေါ့ ကွယ်"**

"သမီး တော်တော်စိတ်ဝင်စားနေပါပြီ ဘဘ"

"အသုံးများနေပြီဖြစ်တဲ့ စကားလုံးတစ်လုံးကို သာဓကပြမယ်။ 'ဖူးစာ' ဆိုတာ ဘာအဓိပ္ပာယ်လဲသမီး"

"အဲ... ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ဇနီးမောင်နှံဖြစ်ဖို့ ဖန်တီးပေးတဲ့ အကြောင်းလို့ ပြောရင်ရမယ် ထင်ပါတယ် ဘဘ"

"ဟုတ်ပါတယ်။ ဖူးစာပါလို့ ပေါင်းရတယ်တို့၊ ဖူးစာဖက်တို့ သုံးကြတယ်လေ။ အဲဒီဖူးစာဆိုတာ မူရင်းစကား မဟုတ်သေးဘူး။ မူရင်းစကားက ဘာလဲသမီး"

"အဲ...သြော်၊ သမီးသိပြီ။ 'နဖူးစာ' ပါ ဘဘ၊ 'နဖူးစာ'ပါ"

"ဟုတ်တယ်။ ဇနီးမောင်နှံဖြစ်ရမဲ့ ယောကျ်ားနဲ့မိန်းမရဲ့နဖူးမှာ သတ္တဘာဂဆိုတဲ့ ဗြဟ္မာနတ်မောင်က စာရေးထားတာမို့ နဖူးစာလို့ခေါ်တယ်လို့ ပြောကြတာပဲလေ။ အဲဒီ 'နဖူးစာ' ကို ရှေ့အသံချေပြီး 'ဖူးစာ'လို့ သုံးလာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဥပမာကို 'ပမာ'၊ ပဒုမ္မာကို 'ဒုမ္မာ'၊ တာဝတိံသာကို 'ဝတိံသာ' စသည်ဖြင့် အစသံဖျောက်ပြီး သုံးတဲ့စကားလုံးသစ်တွေ ပေါ်လာတာပေါ့ကွယ်။ 'ပမာပြုရမှာဖြင့်၊ ပြာနုကြည်လင်တဲ့' ဆိုတဲ့ ကဗျာအဖွဲ့မှာ 'ပြာနု'နဲ့ အသံချင်း နဘေထပ်မိအောင် 'ဥပမာပြု' ကို 'ပမာပြု' လို့ အစသံချေပြီး ဖွဲ့တာ နှစ်သက်စရာလဲကောင်းတယ်။ အသံလဲပြေပြစ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"အဲဒီလိုပဲ၊ စေတနာကို 'စေနာ'၊ ရာဇဝင်ကို 'ရာဝင်'၊ ရာဇဝတ်ကို 'ရာဝတ်' လို့ ဖွဲ့တာတွေရှိတယ်။ အလယ်သံ ချေထားတာပေါ့။ 'နောင်ရာဝင်ရိုင်းလေငဲ့'၊ 'ရာဝတ်တော်ခံရမည်' ဆိုတဲ့ အဖွဲ့တွေ ရှိတယ်လေ"

"အဆုံးသံ ချေတဲ့ အဖွဲ့တွေကရော ဘဘ"

"သြော်... ပြောရအုံးမယ်။ ဝေဇယန်ကို 'ဝေယန်'၊ ဟေမဝန်ကို 'ဟေဝန်'၊ သာရကာကို 'သာကာ'၊ စေတနာကို 'စေနာ'၊ ညာလက်ရုံးကို 'ညာရုံး' ဆိုပြီး အလယ်သံချေပြီး ဖွဲ့တာတွေလဲ ရှိတယ်ကွဲ့။ အဲ...အဆုံးသံချေတာတွေကတော့ သံဝေဂကို 'သံဝေ'၊ သဟာယကို 'သဟာ'၊ ကန္တာရကို'ကန္တာ'၊ ကလျာဏကို 'ကလျာ'၊ အာကာသကို 'အာကာ'လို့ ဖွဲ့တာမျိုးတွေပေါ့ကွယ်။ 'တရားသံဝေ၊ အောက်မေ့ချေသော်၊ ပေါင်းသဟာဆွေ'ဆိုတဲ့ အသုံးတွေ အမြဲတွေ့နေရတာလေ။ 'ကလျာ'တို့၊ 'အာကာ' တို့ဆိုရင် အင်မတန်ရိုးနေပြီလို့ဆိုရမဲ့ လူနာမည်တွေတောင် ဖြစ်နေပြီလေ"

"ဟုတ်ပါတယ် ဘဘ"

"အဆုံးသံချေတဲ့ စကားလုံးတွေထဲက တစ်လုံးအကြောင်း ပြောစရာရှိတယ်။ 'ကေ' ဆိုတဲ့ စကားလေ၊ မူရင်းကဘာလဲ သမီး"

" 'ကေသာ' ပါဘဘ၊ ဆံပင်ကို ခေါ်တာပါ"

"ပါဠိစကား၊ မူရင်းက 'ကေသ'ပေါ့။ မြန်မာက 'ကေသာ'လို့ အသံပြောင်းယူထားတာလေ။ ရှေးစာတွေမှာ'ဆံကေသာ'၊ 'ကေသာဆံမြဲ'စသည်ဖြင့် ဖွဲ့တယ်။ နောက်'ကေ'လို့ တစ်လုံးတည်းသုံးပြီး 'မြဲဆံကေ'၊ 'မြဲကေခိုင်'၊ 'မင်ပိတုန်းကေ'၊ 'ဆံမြဲညှာကေ' ဆိုတဲ့ အသုံးတွေ ပေါ်လာတာပေါ့။ နေ့တိုင်းသုံးတဲ့ စကားတွေထဲမှာ 'ဗိုကေ' တို့ နောက်ပိုင်းမှာ 'ပန့်ကေ'တို့၊ 'ကေခုတ်တယ်' တို့ ဆိုတဲ့ စကားတွေလဲ ပွားလာတာပေါ့။ များသောအားဖြင့် ဒီစကားလုံးတွေဟာ စာပေတွေထဲမှာ ဖန်တီးမှုကြောင့် တိုးပွားလာတဲ့ စကားလုံးတွေပေါ့ကွယ်"

# ကိုဗစ်-၁၉ ကြောင့် မော်လိုက်မြို့နယ်၌ ဖရဲသီးရောင်းအားများ ကျဆင်းပြီး တောင်သူများ အရှုံးပေါ်

**မော်လိုက် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် မိုးစပါးအပြီး ဆောင်းသီးနှံအနေဖြင့် ဖရဲသီး၊ သရက်၊ ပိန္နဲ၊ မာလကာ စသည့်သီးနှံများထဲမှ တောင်သူများက ဖရဲသီးကိုသာ အဓိကအားထားစိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် ကိုဗစ် – ၁၉ ကြောင့် ဈေးကွက်မရှိခြင်း၊ ပြည်ပသို့ တင်ပို့ရာတွင် သွားလာရေးအဆင်မပြေခြင်း၊ ကုန်စည်သယ်ဆောင်ခ မြင့်တက်ခြင်း၊ ဝယ်လိုအား မရှိခြင်းများကြောင့် ဖရဲသီးရောင်းအားများ ကျဆင်းကာ အရှုံးပေါ်နေကြရသည်။

"ကျွန်တော်တို့ဆိုရင် မနှစ်က ဖရဲသီးကို နှစ်ကေနီးပါး စိုက်ပျိုးခဲ့ပြီး မူဆယ် (၁၀၅) မိုင်ဘက်ကို တင်ပို့ခဲ့တာ ဈေးကောင်းရခဲ့ပါတယ်။ အခုနှစ် ဖရဲသီးစိုက်ပျိုး ကေကို တိုးချဲ့ စိုက်ပျိုးခဲ့ရာ ဖရဲသီးပေါ်ချိန်နဲ့ ကိုဗစ်–၁၉ ဖြစ်လာလို့ မူဆယ် (၁၀၅) မိုင်ဘက်ကိုလည်း ကားလမ်းတွေက အဆင်မပြေ၊ သယ်ဆောင်ခတွေကလည်း မနှစ်ကထက် ဈေးနှုန်းများလာလို့ မပို့နိုင်ပါဘူး။ သင်္ကြန်ပွဲတော်နဲ့ ပွဲလမ်းသဘင်တွေကလည်း မလုပ်ရ၊ ခရီးသွားပြည်သူ နည်းပါးမှု၊ တခြားတောင်သူတွေကလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမှုတွေရှိနေတော့ ကျွန်တော်တို့လို စီးပွားဖြစ် စိုက်ပျိုးရောင်းချသူတွေအတွက်ကတော့ ရောင်းအားသိသိသာသာ ကျဆင်းသွားပါတယ်။ ဖရဲသီးတွေ အမှည့်လွန်ပြီး ပျက်စီးနေတာ တစ်ကေခွဲလောက် ရှိနေပါတယ်" ဟု နန်းသီကျေးရွာတွင် ဖရဲသီးစိုက်ပျိုးနေသည့် တောင်သူဦးဝင်းငွေက ပြောသည်။



မော်လိုက်မြို့နယ်ရှိ ဖရဲစိုက်ခင်းတစ်ခု။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံအနေဖြင့် စပါးအပြီး ဖရဲသီးကိုသာ အများစုစိုက်ပျိုးကြရာ မိမိမြို့နယ်တွင်း ရောင်းချရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများသာ အများစုရှိပြီး စီးပွားဖြစ်စိုက်ပျိုးသူနည်းပါးကြောင်း၊ ယခုနှစ်တွင် ကိုဗစ်–၁၉ ကြောင့် ဈေးကွက်များ မရှိခြင်း၊ လုပ်ငန်းများ ရပ်နားထားခြင်း၊ ပွဲလမ်းသဘင်များ မပြုလုပ်ရခြင်း၊ ခရီးသွားပြည်သူများ နည်းပါးခြင်းတို့ကြောင့် ဖရဲသီးစိုက်တောင်သူများအနေဖြင့် ရောင်းအားများ ကျဆင်းကာ အရှုံးနှင့်ရင်ဆိုင်နေကြရကြောင်းနှင့် မော်လိုက်မြို့နယ်တွင် ဖရဲသီးစိုက်ပျိုးသည့်တောင်သူ ၈၀ ခန့်ရှိပြီး ဖရဲစိုက်ကေ ၆၀ ကျော် စိုက်ပျိုးကြောင်း သိရသည်။

**မော်လိုက်သားလေး**

# မယ်စဲ့ဒေသ ကြက်သွန်ဖြူများနုတ်သိမ်းချိန် ဝယ်ယူသူမရှိ၊ တောင်သူများအခက်ကြုံ

**မယ်စဲ့ မေ ၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဒေသထွက် ကြက်သွန်ဖြူများ နုတ်သိမ်းချိန် အထွက်နှုန်းကောင်းသော်လည်း ကိုဗစ်–၁၉ ဖြစ်ပွားခြင်းကြောင့် အိမ်နီးချင်းထိုင်းနိုင်ငံမှ ဝယ်ယူမှုမရှိသဖြင့် တောင်သူများ အခက်တွေ့လျက်ရှိကြောင်း ကြက်သွန်စိုက် တောင်သူများထံမှ သိရသည်။

ဆောင်းသီးနှံကြက်သွန်ဖြူကို ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဧပြီနှင့် မေလတို့တွင် နုတ်သိမ်းလေ့ရှိရာ မယ်စဲ့ဒေသမှ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်ဖြူသည် အခွံပါး၍ အနံ့အရသာကောင်းမွန်ကာ ပိုးသတ်ဆေးသုံးစွဲမှုနည်းသည့်အတွက် ထိုင်းနိုင်ငံမှ မျိုးအနေဖြင့်သာမက စားသုံးမှုအတွက်ပါ အထူးကြိုက်ပြီး အဝယ်ပိုလာသဖြင့် ဒေသထွက် ကြက်သွန်ဖြူကို ထိုင်းနိုင်ငံဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချရသည်။

"ကြက်သွန်ဖြူစိုက်ပျိုးချိန် အလုပ်သမားခ တစ်နေ့ကို ငွေကျပ် ၇၀၀၀ ပေးရတယ်။ ပုံးနဲ့ စိုက်သူတွေကိုတော့ ကြက်သွန် ဥအကြီး၊ အသေးပေါ် မူတည်ပြီး တစ်ပုံးကို ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ အထိ ပေးရတယ်။ ဒါကြောင့် ကြက်သွန်ဖြူစိုက်ပျိုးချိန်မှာ အလုပ်သမားခနဲ့ စိုက်ပျိုးစရိတ် ကုန်ကျမှုတွေ များပါတယ်။ အရင်နှစ်က ကြက်သွန်နုတ်ချိန် ကြက်သွန်ဖြူအစိုတစ်ကီလိုကို ထိုင်းဘတ် ၁၃ ဘတ်မှ ၁၅ ဘတ်အထိ ဈေးရပြီး ကြက်သွန်ခင်းထဲအထိ လာဝယ်တဲ့အတွက် တောင်သူတွေ အဆင်ပြေတယ်။ နောက်ပိုင်း အခြောက်ထားနိုင်တဲ့ တောင်သူတွေဆိုရင် တစ်ကီလိုကို ထိုင်းဘတ် ၃၅ ဘတ်မှ ဘတ် ၄၀ ပတ်ဝန်းကျင်အထိ ဈေးရရှိတယ်။ ဒီနှစ်မှာတော့ ကြက်သွန်နုတ်ချိန်မှာ ကိုဗစ်–၁၉ ဖြစ်ပွားတဲ့ အခြေအနေကြောင့် မြန်မာ- ထိုင်းနယ်စပ်ဂိတ်တွေ ပိတ်ထားတဲ့အတွက် ထိုင်းနိုင်ငံက လာရောက်ဝယ်ယူမှု မရှိတာကြောင့် တောင်သူတွေ အခက်တွေ့နေတယ်" ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။



မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူများကို တွေ့ရစဉ်။

မယ်စဲ့ကုန်သွယ်ရေးစခန်းမှ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးအတွက် သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဒေသထွက်ကြက်သွန်ဖြူများကို အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သော ထုတ်ကုန်များ ထုတ်လုပ်နိုင်ပါက ဒေသခံတောင်သူများအတွက် ဈေးနှိမ်ဝယ်ယူခြင်း၊ ဈေးကောင်းချိန် မျှော်လင့်စောင့်ဆိုင်းခြင်းမျိုး မဖြစ်စေဘဲ တောင်သူနှင့် ကုန်သည် နှစ်ဦးနှစ်ဖက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဝေါလေမြိုင်မြို့၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ဝေါလေမြိုင် မေ ၈**

ကရင်ပြည်နယ် ဝေါလေမြိုင်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့ရသည့် အိမ်ထောင်စုများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က ဝေါလေမြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးခြင်း၊ နေအိမ်ကိုးလုံး အမိုးလန်ပျက်စီးခြင်းနှင့် နေအိမ်နှစ်လုံး သစ်ပင်လဲကျ၍ ပြိုကျခြင်းအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၃၅၉၂၀၀ ကို မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကျော်သူထိုက်က လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နိုင်မျိုးသင်း(ပြန်/ဆက်)**

# ကော့ကရိတ်မြို့ သောက်သုံးရေရှားပါးသောကျေးရွာများသို့ ရေလှူဒါန်း

**ကော့ကရိတ် မေ ၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့သည် နှစ်စဉ်နွေရာသီရောက်တိုင်း ရေတွင်းရေကန်များ ရေခန်းခြောက်၍ သောက်သုံးရေရှားပါးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးမှ ရေရှားပါးသော ကျေးရွာများသို့ နေ့စဉ်သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာတွင် ကော့ကရိတ်မြို့ စည်ပင်သာယာရေးအဖွဲ့က မေ ၃ ရက်မှစ၍ ရေရှားပါးသော ရေပူကြီးကျေးရွာ၊ ငါးတိုင်ကျေးရွာ၊ လိုင်ကွယ်ကျေးရွာများသို့ ရေဂါလန် ၂၆၀၀ ဆံ့ ကမ္ဘောဇရေကားဖြင့် ရေများဖြန့်ဝေလှူဒါန်းပေးခဲ့ပြီး ယမန်နေ့ကလည်း လေးတိုင်ကျေးရွာ အိမ်ခြေ ၁၃၂ အိမ်အား သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြကာ ရေရှားပါးသော ကျေးရွာများကိုလည်း သောက်သုံးရေများ ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၈**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | – ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | – ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | – ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | – ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | – ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | – ၀၄၂-၂၁၂၄၀ |
| သာပေါင်း | – ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | – ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | – ဦးမောင်ပြုံး (အတွင်းရေးမှူး) | – ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | – ဒေါ်ယုယုခင် (အတွင်းရေးမှူး) | – ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | – ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | – ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | – ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | – ၀၄၄-၂၁၁၂၈ |
| ဇလွန် | – ဦးစောဝင်း(ဥက္ကဋ္ဌ) | – ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | – ဦးသန်းထိုက် (စာရေး-၁) | – ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | – ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | – ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | – ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | – ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | – ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | – ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | – ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | – ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | – ဦးခင်စိုး (အတွင်းရေးမှူး) | – ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | – ဦးအောင်မိုး (မန်နေဂျာ) | – ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | – ဦးကျော်ကျော်(ဥက္ကဋ္ဌ) | – ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | – ဦးသန်းလွင် (အတွင်းရေးမှူး) | – ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | – ဦးလှရွှေ(ဥက္ကဋ္ဌ) | – ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | – ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | – ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | – ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | – ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | – ဦးမျိုးအောင် (အတွင်းရေးမှူး) | – ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | – ဦးသက်ဝေလင်း (စာရင်းကိုင်) | – ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် We Love AyayarWaddy အဖွဲ့က မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း ၄၀၀၊ ၁ လီတာ လက်သန့်ဆေးရည် ၁၈ ဘူး၊ ၅၀၀ လီတာ လက်သန့်ဆေးရည် သုံးဘူး၊ လက်အိတ်အရှည် အစုံ ၃၀၊ မျက်နှာ အုပ် ၃၀ တို့ကို မေ ၇ ရက်က မြို့နယ် ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းဝင်းထံသို့ လာရောက်လှူဒါန်းခဲ့စဉ်။

အောင်အောင်(ပြန်/ဆက်)



# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြု လှုပ်ရှားမှုများဆောင်ရွက်

## ဆီဆိုင်

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်း(ခွဲ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးချိုတူးမောင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆီဆိုင်မြို့ မြို့မဈေးအဝင်ပေါက်တွင် ဈေးဝယ်လာကြသူများနှင့် လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြစေရေး အသိပညာပေးပြောကြားပြီး လက်ဆေးရည်ဖြင့် လက်ကိုဆေးကြောပေးခြင်းများဆောင်ရွက်ကြပြီး အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မုဒုံ

မုဒုံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မေ ၈ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့မှူး ဒေါက်တာကျော်စိုးမိုး ဦးဆောင်၍ စေတနာ့လုပ်အားရှင်တပ်ဖွဲ့ဝင် ၂၀ တို့က ဆောင်ရွက်ကြကြောင်း၊ ကြက်ခြေနီနေ့အထိမ်းအမှတ်အကြိုအဖြစ် သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေများသွားရောက်လှူဒါန်းပေးခြင်း၊ အဖျားရောဂါကုအခမဲ့ဆေးခန်းတွင်လည်း နေ့စဉ်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများတွင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## နောင်ချို

နောင်ချိုမြို့နယ်ကြက်ခြေနီအသင်းမှ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် နောင်ချိုမြို့ ယာယီပုံကျဈေးအတွင်းရောင်းချလျက်ရှိသော ဈေးသည်များနှင့် ဈေးဝယ်များအား ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို မေ ၈ ရက်က ဆောင်ရွက်သည်။

ကျောက်မဲခရိုင်တပ်ဖွဲ့မှူး ဦးမောင်မောင်သိန်း ဦးဆောင်၍မြို့နယ်တပ်ဖွဲ့မှူး ဦးဇော်ဇော်မင်းနှင့်တပ်ဖွဲ့ဝင်များသည်နောင်ချိုမြို့ ယာယီပုံကျဈေးသို့သွားရောက်ကာဈေးသည်ဈေးဝယ်များအားကိုဗစ်-၁၉ထိန်းချုပ်ကာကွယ်ရေးအတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ မကြာခဏလက်ကို စနစ်တကျဆေးရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီးနှာခေါင်းစည်း၃၀၀ အခမဲ့ပေးဝေခဲ့သည်။

**နောင်ချို (ပြန်/ဆက်)**

## ရေကြီးမှုအန္တရာယ်မှ ကင်းဝေးရန် တိမ်ကောချောင်းရိုးအား စုပေါင်းတူးဖော်

**ကျောက်တံခါး မေ ၈** – ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လက်ပံခင်ကျေးရွာ၌ မေ ၈ ရက်က ရေကြီးမှုအန္တရာယ်မှ ကင်းဝေးရန်အတွက် တိမ်ကောနေသောမူလချောင်းရိုးကို ကျေးရွာနေပြည်သူများ စုပေါင်းကာ ကိုယ့်အားကိုယ်ကိုး တူးဖော်ခဲ့ကြောင်း သိရသည်။

ခင်ကြီးရှမ်းစုကျေးရွာအုပ်စု လက်ပံခင်ကျေးရွာ၏ အရှေ့ဘက်တွင်ရှိသောချောင်းရိုးမှာ တိမ်ကောနေခြင်းကြောင့် ကျေးရွာအတွင်းရေများ ဝင်ရောက်ခြင်းနှင့် လယ်မြေအချို့ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့၍ ကျေးရွာနေပြည်သူများနှင့် လယ်ယာလုပ်ကိုင်သူတောင်သူများက သက်ဆိုင်ရာမြို့နယ်အဆင့်တာဝန်ရှိသူများထံ တင်ပြခဲ့ရာ တာဝန်ရှိသူများမှ ကွင်းဆင်းဆောင်ရွက်ခဲ့၍ ယခင်မူလချောင်းရိုးမြေ အကျယ်ပေ ၂၀၊ အနက်ရှစ်ပေ၊ အရှည်တစ်မိုင်ခန့် ပြန်လည်တူးဖော်နိုင်ရေး ကျေးရွာနေပြည်သူများမှစက်ယန္တရားကြီးများ၊ မြေသယ်ယာဉ်များဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ချပ်သင်းဘေးမဲ့တောတွင် သမင်သတ်ရန်ထောင်ထားသော လည်တိုးကွင်း ၅၀၀ ခန့် တွေ့ရှိ

**ကသာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ချပ်သင်းဘေးမဲ့တောရှိ ထောက်ကြံ့ကွင်းအတွင်း ကိုင်းနှင့် အသက်ကယ်တောများအကြားတွင် သမင်သတ်ရန် လည်တိုးကွင်း ၅၀၀ ခန့် ထောင်ထားသည်ကို တွေ့ရှိရ၍ ဘေးမဲ့တော ဝန်ထမ်းများ၊ အစိုးရအဖွဲ့အစည်းများက မေ ၅ ရက်တွင် သွားရောက်ဖျက်ဆီးခဲ့ကြသည်။

သမင်ဖမ်းဆီးနိုင်ရန် ကြေးနန်းကြိုးဖြင့် ပြုလုပ်ထားသော လည်တိုးကွင်း စုစုပေါင်း ၅၀၀ ခန့် ပါရှိပြီး ကြိုးတန်းထောင်ထားသည့်အရှည်မှာ ပေ ၁၂၀၀ ခန့်အထိ ရှည်လျားကြောင်းနှင့် သမင်မိထားသည့် လက္ခဏာရှိသော သွေးစများ ပေကျံနေပြီး သားကောင် ၄/ ၅ ကောင် ခန့်ဖျက်ထားသည့် လက်စလက်နများ တွေ့ရှိရကြောင်း ဘေးမဲ့တောဝန်ထမ်းတစ်ဦးက ပြောသည်။

ချပ်သင်းဘေးမဲ့တောသည် ဧက ၆၀၀၀၀ ကျော် ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံတွင်သာရှိသည့် ရှားပါးဒွေသမင်မျိုးများ၊ ရှားပါးငှက်မျိုးစိတ်၊ အခြားငှက်မျိုးစိတ် ၄၀ ကျော်နှင့် အင်းဆက်မျိုးစိတ်မြောက်မြားစွာလည်း ထိန်းသိမ်းထားရှိသော ဘေးမဲ့တောတစ်ခုဖြစ်သည်ဟု ခရီးသွားကော်မတီအတွင်းရေးမှူး ဦးသန်းဌေးက ပြောသည်။

**ငွေအိုး (ကသာ)**

# ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း



**ဟသ်ာတ မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ်ာတပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ယမန်နေ့က မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စေတနာ့လုပ်အားရှင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ (ဓါတ်ပုံ)

သွေးလှူဒါန်းမှုတွင် မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင် ၁၅ ဦးတို့က လူနာများ အရေးပေါ်သွေးလိုအပ်ပါက အခက်အခဲမရှိ ဖြည့်ဆည်းအသုံးပြုနိုင်ရန်အတွက် ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်တွင် သွေးများလှူဒါန်းကြခြင်းဖြစ်သည်။

ကျော်ကျော်(ပြန်/ဆက်)

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် We Love Yangon အဖွဲ့တာဝန်ရှိသူများ တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မေ ၆ ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာ (MCC) ခန်းမ၌ We Love Yangon အဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား We Love Yangon ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ကန့်သတ်စောင့်ကြည့်နေရာများ၊ အိမ်အတွင်းအသွားအလာကန့်သတ်ခြင်းများ၊ ဘုန်းတော်ကြီးကျောင်းတိုက်များ၊ ဆေးရုံကြီးများနှင့် ပြည်သူများအား မျှဝေလှူဒါန်းခြင်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

We Love Yangon စားနပ်ရိက္ခာ ပို့ဆောင်ကူညီရေး ပရဟိတအဖွဲ့မှ တစ်ဆင့်လိုအပ်သည့် နေရာများသို့ လှူဒါန်းပေးနိုင်ရန် Robert Bosch SEA . Pte. Ltd မှ လှူဒါန်းပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ We Love Yangon ကို အရှေ့ပိုင်း တောင်ဥက္ကလာပမြို့နယ်၊ အနောက်ပိုင်း အလုံမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၊ တောင်ပိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြောက်ပိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (MCC) ခန်းမဟူ၍ ခရိုင်လေးခုခွဲကာ ကိုဗစ် – ၁၉ ရောဂါကာကွယ်တားဆီးရေးကာလ တွင် စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ မူလဈေးနှုန်းထက် အသက်သာဆုံးဈေးနှုန်းဖြင့် အကျိုးအမြတ်မယူဘဲ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း EC အဖွဲ့ဝင် ကိုစန်း မောင်မောင်က ပြောသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကုတ်မြို့နယ်သို့ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

**တောင်ကုတ် မေ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲကို ယမန်နေ့က တောင်ကုတ်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ် ကိုဗစ် – ၁၉ အရေးပေါ်တုံ့ပြန်ရေး မြို့နယ်အဆင့်ကော်မတီသို့ ရောဂါကာကွယ်ရေးဝတ်စုံ၊ ဆေးရုံသုံးနှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ InFrared Thermometer၊ CAP နှင့် ကိုဗစ် – ၁၉ အထောက်အကူပြုပစ္စည်းများပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တောင်ကုတ်မြို့နယ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် လှူဒါန်းသော လက်သန့်ဆေးရည် ၂၀ လီတာပုံးကြီးနှစ်ပုံး၊ ကိုဗစ် – ၁၉ အထောက်အကူပြုပစ္စည်းခြောက်မျိုးပါ စက္ကူပုံးကြီးတစ်ပုံးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က ပေးအပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီးက လက်ခံယူသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် ခုတင် ၁၀၀ ဆေးရုံ၌ သံသယလူနာတွေ့ရှိပါက ထားရှိမည့်အဆောင်များကိုလည်းကောင်း၊ ဂူတာရပ်ကွက် အထက–၂ ပြည်သူ့လူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း၌ ထားရှိသည့် စောင့်ကြည့်ခံပြည်သူများ၊ ကန့်သတ်စောင့်ကြည့်ရုံးခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် တောင်ကုတ်ဒီဂရီကောလိပ်၌ ပြည်ပမှ ဝင်ရောက်လာသူများထားရှိရန် စီစဉ်ထားရှိမှုကို လည်းကောင်း၊ တောင်ကုတ်ဒီဂရီကောလိပ် စာသင်ဆောင်များ၊ အဆောက်အအုံများ၊ ကွန်ကရစ်လမ်းခင်းနေမှုများကို လည်းကောင်း၊ ကိုင်းရှည်ရပ်ကွက် တာဝတိံသာလမ်းကွန်ကရစ်လမ်းခင်းနေမှုနှင့် သိမ်တောင်ရပ်ကွက် အောင်သုခလမ်းကွန်ကရစ်ခင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ယာယီဈေးအဝင်၌ လက်ဆေးခြင်းအစီအစဉ်ဆောင်ရွက်ထားမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# ချင်းပြည်နယ်၌ ကိုဗစ် - ၁၉ ထိန်းချုပ်ရေးအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ဟားခါး မေ ၈**

ချင်းပြည်နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ခရိုင်၊ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် အသုံးပြုနိုင်ရန် တပ်မတော်က ပေးပို့လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများကို စစ်ဗျူဟာအဖွဲ့အခြေချ (ဟားခါး) မှ ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ထံ ယမန်နေ့က ပေးအပ်လှူဒါန်းခဲ့သည်။

ပေးပို့လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများကို စစ်ဗျူဟာအဖွဲ့ အခြေချ (ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦးက ပြည်နယ်အစိုးရအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံယူသည်။

ပြည်နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း တိုက်နယ်ဆေးရုံ ၁၂ နေရာ အပါအဝင် ဆေးရုံစုစုပေါင်း ၁၇ နေရာအတွက် တပ်မတော်မှ ပေးပို့လှူဒါန်းသည့် Pulse Oxymeter Finger Tip သုံးခု၊ Non–Contact Infrared Themometer ၃၀၊ ဆေးရုံသုံးလက်အိတ် ၂၅၀၀ တို့ ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ရွှေကူမြို့နယ်အတွင်းရှိ ကန့်သတ်နေရာများတွင် နှာခေါင်းစည်းများလှူဒါန်း

**ရွှေကူ မေ ၈**

ကချင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ပေးအပ်လှူဒါန်းသော နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို ယမန်နေ့က ရွှေကူမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်ထားရှိသော ကျေးရွာများ၌ သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ပေးအပ်လှူဒါန်းသော နှာခေါင်းစည်းအရေအတွက် ၁၀၀၀ နှင့် လက်သန့်ဆေးရည်များကို ရွှေကူမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်ထားရှိသော ဝင်ဝကျေးရွာ၊ နောင်လက်ကြီး ကျေးရွာ၊ မံဝိန်းကျေးရွာ၊ စီသာကျေးရွာနှင့် တုံးကောက် ကျေးရွာများတွင် သွားရောက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါဝင်ကြပြီး ရွှေကူမြို့နယ်အတွင်း၌ ကျန်ရှိသော ရပ်ကွက်/ကျေးရွာများရှိ အသွားအလာကန့်သတ်ထားရှိသော နေရာများတွင်လည်း နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကို ဆက်လက်ဖြန့်ဝေ၍ ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အိမ်မဲမြို့ ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**အိမ်မဲ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မေ ၈ ရက်က အိမ်မဲမြို့ထိပ်၌ ကိုဗစ်–၁၉ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်–၁၉ကြိုတင်ကာကွယ်နိုင်ရန် ကာကွယ်ခြင်းသည်ကုသခြင်းထက် ပိုမိုကောင်းမွန်သောကြောင့် ကာကွယ်ရေးလုပ်ငန်းများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကိုင်ကြရန် ပြောကြားပြီး ကိုဗစ်–၁၉ အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ လက်အိတ်၊ ဆင်းကတ်နှင့် ငွေဖြည့်ကတ်များကို လှူဒါန်းပေးခဲ့ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိမ်မဲမြို့ လူငယ်လေ့ကျင့်ရေးဘောလုံးကွင်း၌ ယာယီဖွင့်လှစ်ထားသော ပျံကျဈေးသို့လည်းကောင်း၊ အိမ်မဲမြို့ အ.ထ.က(၁)ကျောင်းတွင် ဖွင့်လှစ်ထားသော အသွားအလာကန့်သတ်ထားသည့်နေရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ရတနာသစ်တော၊ ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၇)
# ရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး



မောင်စာဂ

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၈၂ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းလာခဲ့ပြီ။ နှစ်သစ်နှင့်အတူ နှစ်ဟောင်းက ကိုဗစ်-၁၉ ရောဂါသည်လည်း ပါလာသည်။ ကိုဗစ်-၁၉ ရောဂါသည် သာမန်ရောဂါမျိုး မဟုတ်။ ဆိုးရွားသော ကမ္ဘာ့ကပ်ရောဂါတစ်ခုဖြစ်သည်။ ၂၀၁၉ ခုနှစ် နှောင်းပိုင်းက တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားပြီး တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့ခဲ့သည်။

၂၂-၄-၂၀၂၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ရရှိသည့် သတင်းအရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၅၇၀၀၀၀ ကျော် ရှိကြောင်း၊ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၇၇၀၀၀ ကျော် ရှိခဲ့ကြောင်း၊ သေဆုံးသူအများဆုံး နိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံသည် ၄၅၀၀၀ ကျော်ဖြင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါဆိုး ကူးစက်ခံနေရသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန်လည်း ရှိနေသည်။ ဤတွင် ရွေးကောက်ပွဲကြီး ကျင်းပဖြစ် မဖြစ်၊ ကျင်းပနိုင် မနိုင် ရွေးကောက်ပွဲအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိ မရှိ သိလိုကြသည်။ မေးမြန်းလာကြသည်။ တိတိကျကျအဖြေတစ်ခု ကြို၍ မပေးနိုင်သော်လည်း မိမိ၏အတွေး ဆင်ခြင်မှုတစ်ခု မျှဝေပါရစေ။

**တောင်ကိုရီးယားနိုင်ငံနှင့် ရွေးကောက်ပွဲ**

တောင်ကိုရီးယားနိုင်ငံမှာတော့ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၀၀ ကို ရွေးချယ်ခဲ့သည်။ မဲရုံပေါင်း ၁၄၀၀၀ ခန့်ရှိပြီး နံနက် ၆ နာရီအချိန်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ မဲဆန္ဒရှင် အားလုံးအနေဖြင့် နှာခေါင်းစည်းများတပ်ဆင်ရန်၊ လက်များဆေးကြောရန်၊ ပလတ်စတစ် လက်အိတ်များ ဝတ်ဆင်ရန်နှင့် မဲရုံသို့ရောက်ရှိလျှင် အပူချိန်စစ်ဆေးမှုများ ပြုလုပ်ရန် စသည့်လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးကာလ နှစ်ပတ်ခန့်သာ ရရှိခဲ့သည်။ ယင်းကာလအတွင်း နှာခေါင်းစည်းများ ဝတ်ဆင်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုတားဆီးရန် လက်ဆွဲနှုတ်ဆက်ခြင်းကိုပင် ရှောင်ကြဉ်ခဲ့ကြရကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရလျက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ တစ်ရက်လျှင် လူဦးရေ ၉၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့အထိ ကူးစက်ခံရသူ ၉၉၇၆ ဦးရှိသည်။ သို့ရာတွင် ဧပြီလ ၁၄ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၃၀ အောက်ရှိသည့် ဒုတိယနေ့ဖြစ်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု စံပြကာကွယ်ထိန်းချုပ် ဆောင်ရွက်သည့်နိုင်ငံအဖြစ် လူသိများသည်။ ထို့အပြင် တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ရွေးကောက်ပွဲတစ်ရပ် ကျင်းပသည့် ပထမဆုံးသော တိုင်းပြည်များတွင် ပါဝင်လာခဲ့ပြီးဖြစ်ကြောင်းကိုလည်း သတင်းများတွင် ဖတ်ရှုရသည်။

**ကမ္ဘာတစ်ဝန်းရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး**

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး ရင်ဆိုင်တွေ့ကြုံနေကြရသည်။ ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပရန် ရွှေ့ဆိုင်းလိုက်ရသည့် နိုင်ငံ ၄၇ နိုင်ငံရှိသည်။ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကြားမှ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလတွင် ရွေးကောက်ပွဲကျင်းပခဲ့သောနိုင်ငံ ၁၄ နိုင်ငံရှိသည်။ ယခုဖော်ပြထားသည့် တောင်ကိုရီးယားနိုင်ငံ အပါအဝင်ဖြစ်သည်။ ကိုဗစ်-၁၉ ဖြစ်နေသော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း ယခင်ကြေညာထားသည့် ရက်အတိုင်း ရွေးကောက်ပွဲကျင်းပသွားမည့်နိုင်ငံ ကိုးနိုင်ငံရှိသည်။

**မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉**

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂ ဦး ရှိပြီး သေဆုံးသူ ငါးဦးရှိသည်။ နိုင်ငံတော်အစိုးရအနေနှင့် ယခုကဲ့သို့ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်လာမည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် သတ်မှတ်ပြီး ပြည်သူလူထု၏ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဘက်ပေါင်းစုံမှကြိုတင်ပြီး စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ပျံ့နှံ့သည့် ကပ်ရောဂါဆိုးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တာဝန်ကိုယ်စီရှိကြသည့်အတွက် အားလုံးအတူတကွ စည်းလုံးညီညွတ်စွာဖြင့် တုံ့ပြန်ဖြေရှင်းလျက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် အပတ်တကုတ် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများကို video conferencing စနစ်ဖြင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးခြင်း၊ လိုအပ်သည်များလမ်းညွှန်ခြင်း၊ ဖြည့်ဆည်းပေးခြင်း၊ အားပေးစကားများ၊ ကျေးဇူးတင်စကားများ ပြောကြားခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ၎င်း၏ Facebook စာမျက်နှာပေါ်မှာလည်း ပြည်သူတို့အား ဆောင်ရန်၊ ရှောင်ရန်များ၊ စေတနာဖြင့် ဆောင်ရွက်နေမှုများအပေါ် မေတ္တာ၊ ကရုဏာစကားများ၊ ကျေးဇူးတင်စကားများ ပြောကြားလျက်ရှိသည်။

ယခုအချိန်အခါသည် မြန်မာတို့၏နှစ်သစ်ကူးပြောင်းသည့် မင်္ဂလာအချိန်ကာလလည်းဖြစ်သဖြင့် ကျေးဇူးရှင်ဆရာတော် သံဃာတော်များက နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ဆုတောင်းခြင်း၊ ကရုဏာသဝဏ်လွှာပေးပို့ခြင်း၊ ဩဝါဒစကား၊မေတ္တာစကားများ မိန့်ကြားခြင်းတို့ ပြုလုပ်ခဲ့သည်။ ရဟန်းရှင်လူပြည်သူများက စေတနာ သဒ္ဓါတရားနည်းများ မဆို ပါဝင်လှူဒါန်းလျက်ရှိကြသည်။

> “မည်သို့သောအခြေအနေမျိုးနှင့် ကြုံတွေ့နေရစေကာမူ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တစ်ဦးတစ်ယောက်ချင်း ပုဂ္ဂိုလ်များအားလုံးတို့သည် ကိုဗစ်-၁၉ ရောဂါကပ်ရောဂါဆိုးကြီးကို တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေးကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရင်း စိုးရိမ်ကြောင့်ကြမှုတွေကြားမှ မိမိတို့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို စွမ်းအားရှိသဖြင့် လုံ့လစိုက်၍ ဆောင်ရွက်ကြရမည်သာ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်ရန်ရှိသည်များကို မကျန်ရှိရအောင် ဆောင်ရွက်နေရမည်သာ”

**မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲ**

မြန်မာနိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရပြီး ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ရွေးကောက်ပွဲကျင်းပရန်လည်း ရှိနေသည်။ မြန်မာနိုင်ငံ၏ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက် နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။ ယခုတတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းမှာပင် ကျင်းပဖြစ်မည်ဆိုပါက ခြောက်လကျော်သာ ကျန်ရှိပါမည်။ ယင်းအချိန်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကင်းစင်ပပျောက်သွားနိုင်ပါစေဟု အကောင်းဆုံးကို မျှော်လင့်မိသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကြီး ကျရောက်နေလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ကြရပါမည်။ ရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၉ ခုနှစ် ဇူလိုင်လကတည်းက ပြုစုထားရှိပြီးဖြစ်သည်။ ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအတွက် အဓိကအရေးကြီးဆုံးအချက်မှာ မဲစာရင်းဖြစ်သည်။ အခြေခံမဲစာရင်းကို ပြည့်ပြည့်စုံစုံ ပြုစုထားရှိပြီးဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စိတ်အေးရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၉ ခုနှစ်ကို အခြေခံမဲစာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် အခြေခံမဲစာရင်းကို သက်ဆိုင်ရာနှစ်များ၏ မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လများတွင် အပြင်းအထန် ပြုစုခဲ့ကြရသည်။ အကယ်၍များ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းကို ၂၀၁၉ ခုနှစ်အတွင်းတွင် မပြုစုခဲ့ဘဲ ယခင်ကဲ့သို့ မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လများတွင် ပြုစုမည်ဆိုပါက ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ဆိုးရောဂါဖြစ်ပေါ်မှုနှင့်ကြုံကြိုက်ရကာ အခက်အခဲများစွာ ရှိနိုင်ပါမည်။

မည်သို့သောအခြေအနေမျိုးနှင့် ကြုံတွေ့နေရစေကာမူ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တစ်ဦးတစ်ယောက်ချင်း ပုဂ္ဂိုလ်များအားလုံးတို့သည် ကိုဗစ်-၁၉ရောဂါ ကပ်ရောဂါဆိုးကြီးကို တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရင်း စိုးရိမ်ကြောင့်ကြမှုတွေကြားမှ မိမိတို့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို စွမ်းအားရှိသဖြင့် လုံ့လစိုက်၍ ဆောင်ရွက်ကြရမည်သာ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက် ရန်ရှိသည်များကို မကျန်ရှိရအောင် ဆောင်ရွက်နေရမည်သာ။ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများကလည်း မိမိတို့ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြရမည်သာ။ ပြည်သူများသို့ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို စဉ်ဆက်မပြတ် ဆက်လက်မျှဝေ အသိပေးနေရဦးမည်သာ။

**စုပေါင်းအားဖြင့် အောင်နိုင်ပါမည်**

ယနေ့ ကမ္ဘာတစ်ဝန်း ရင်ဆိုင်တွေ့ကြုံနေရသည့် ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါဆိုးကြီးသည် မည်သို့သောအခြေအနေသို့ ရောက်ရှိနေပါစေ မြန်မာနိုင်ငံအနေဖြင့် တာဝန်ရှိအစိုးရဌာန၊ အဖွဲ့အစည်းများ၊ တပ်မတော်သားများအပါအဝင် ပြည်သူပြည်သားများအားလုံးတို့၏ စုပေါင်းအား၊ ရဟန်းရှင်လူ ပြည်သူပြည်သားအားလုံးတို့၏သစ္စာအား၊ မေတ္တာအား၊ ကရုဏာအား၊ ကုသိုလ်စေတနာအား၊ သဒ္ဓါအား၊ ပညာအား၊ ဖွဲလုံ့လအား၊ စည်းလုံးညီညွတ်မှုအား၊ ကိုယ်တိုင်ပါဝင်ပေါင်းစည်းမှုအား၊ စိတ်ချင်းပေါင်းစည်းမှုအား တည်းဟူသော အားဆယ်အား၏ စွမ်းပကားများဖြင့် မကြာမီအချိန်ကာလ အနည်းငယ်အတွင်းမှာပင် ဤကပ်ရောဂါဆိုးကြီးကို တားဆီးကာကွယ် ထိန်းချုပ်နိုင်ကြပါမည်။ မြန်မာပြည်သူ ပြည်သားများနှင့် ကမ္ဘာသူ ကမ္ဘာသားများ အားလုံးကပ်ရောဂါဆိုးကြီးမှ လွတ်မြောက်ပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါမည်။ မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးသည်လည်း ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းကာ ချောမောအောင်မြင်စွာ ကျင်းပသွားနိုင်ကြပါမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်နေမိကြောင်းပါဗျာ။

- ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး လွင့်စဉ်ပပျောက် ချုပ်ငြိမ်းသွားပါစေ၊
- မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ။ ။

## ကျပ်သိန်း ၁၆၀ ခန့်တန်ဖိုးရှိ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

**မလှိုင် မေ ၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ နှစ်စဉ် ကဆုန်လပြည့်ကျော် ၁ ရက်တွင် ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်း မရှိခဲ့သော်လည်း သံဃာတော်များ ဆွမ်းခက်ခဲမှုမရှိစေရန်နှင့် အလှူရှင်များ၏ စေတနာ အထမြောက်စေရန်အတွက် ကိုဗစ်-၁၉ စေတနာ့ဝန်ထမ်း(Saving Mahlaing ) အဖွဲ့က ဦးဆောင်၍ မြို့တွင်း၌ လှည့်လည်အလှူခံပြီး ရရှိလာသော ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်နှင့်အညီ လူစုလူဝေး မဖြစ်စေဘဲ ကျောင်းတိုက်များသို့ မေ ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်များ လိုက်လံလှူဒါန်းရာတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၄၁ တိုက်မှ သံဃာတော် ၃၉၁ ပါးနှင့် သီလရှင် ၆၃ ပါးတို့အား သံဃာတော်တစ်ပါးလျှင် ဆန်တစ်အိတ်၊ ဆီ ၅၀ ကျပ်သား၊ ပဲခြမ်း ၅၀ ကျပ်သားနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် ကြက်သွန် နှစ်ပိဿာ၊ ဆားတစ်ပိဿာ၊ သီလရှင်တစ်ပါးလျှင် ဆန်တစ်တင်း၊ ဆီ ၅၀ ကျပ်သားနှင့် ပဲခြမ်း ၅၀ ကျပ်သားနှုန်းဖြင့် လှူဒါန်းသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ သက်တော်ရှည် ဆရာတော်ကြီး ၁၅ ပါးကိုလည်း တစ်ပါးလျှင် ဆန်တစ်အိတ်စီနှင့် ကျပ်သုံးသောင်းစီ လှူဒါန်းကြောင်း၊ အဆိုပါလှူဒါန်းမှုများမှ ပိုလျှံသော လှူဖွယ်ပစ္စည်းများကိုလည်း သာသနာ့ပါလဆွမ်းလောင်းအသင်းနှင့် ပရဟိတကျောင်းများသို့ သွားရောက် လှူဒါန်းခဲ့ကြောင်း၊ လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ၁၆၀ ခန့်ဖြစ်ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**



ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ဆန်အိတ်များ သွားရောက်လှူဒါန်းနေစဉ်

## မြင်းမူမြို့နယ်အတွင်း နယ်မြေမီးသတ်စခန်းတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းကျော် ပြီးစီး

**မြင်းမူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ တိုက်နယ်အသီးသီး၌ နယ်မြေမီးသတ်စခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့်အတူ ယင်းစခန်းများရှိ မီးသတ်ယာဉ်များ ထားရှိရန်နှင့် မီးသတ်ဝန်ထမ်းများ၊ မိသားစုများ နေထိုင်နိုင်ရေးအတွက် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိရာ ထီးဆောင်းကျေးရွာ၌ တည်ဆောက်လျက်ရှိသော နယ်မြေမီးသတ်စခန်းမှာ ယခုအခါ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ **(အောက်ပုံ)**

ထီးဆောင်းကျေးရွာ နယ်မြေမီးသတ်စခန်းသည် အလျား ပေ ၄၀၊ အနံ ၃၅ ပေနှင့် အမြင့် ပေ ၅၀ ရှိ အာရ်စီသုံးထပ် အမျိုးအစားဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၆ ဒသမ ၄ သန်းဖြင့် Power Family ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်နေကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



## မိတ္ထီလာမြို့နယ်မှ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သင်တန်းပို့ချ

**မိတ္ထီလာ မေ ၈**

မိတ္ထီလာမြို့နယ်အဆင့် စေတနာ့ဝန်ထမ်း (Volunteer)များအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ ပို့ချသည့် သင်တန်းတစ်ရပ်ကို မေ ၈ ရက်က ကန်တော်မင်္ဂလာခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း မြို့နယ်ရဲတပ်ဖွဲ့က ပါဝင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြတ်မင်းက ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ပရဟိတလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအနေဖြင့် သိရှိထားရမည့်အချက်များဖြစ်သော အပူချိန်တိုင်းတာရာတွင် လိုက်နာရမည့်အချက်များ၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုသည့် စခန်းများတွင် လိုက်နာရမည့်အချက်များ၊ PPE ဝတ်စုံ ဝတ်ဆင်ရမည့်အချိန်များနှင့် ဝတ်စုံဝတ်ချိန်နှင့် ပြန်ချွတ်ချိန်တွင် သိရှိလိုက်နာရမည့်အချက်များ စသည်တို့ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာသန္တာလင်းက အသေးစိတ် ရှင်းလင်းပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းသို့ မိတ္ထီလာမြို့နယ်အတွင်းရှိ ပရဟိတအသင်းဝင်များနှင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ပေးနေသော စေတနာ့ဝန်ထမ်း ၇၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## နေရပ်ပြန် အလုပ်သမားများအား ပြန်လည်ပို့ဆောင်ပေးမည့် မော်တော်ယာဉ်များကို ပိုးသတ်ဆေးဖျန်း

**မိုင်းယောင်း မေ ၈**

တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး မြန်မာနိုင်ငံသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အလုပ်သမားများအား ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးမည့် မော်တော်ယာဉ်များကို မိုင်းယောင်းမြို့နယ် ကြက်ခြေနီအသင်းက မေ ၇ ရက်က ပိုးသတ်ဆေးများဖျန်းပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် နေရပ်ပြန်များအား အဆင်ပြေချောမွေ့စွာ ကြိုဆိုလက်ခံနိုင်ရေးအတွက် မိုင်းယောင်းမြို့နယ် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းကလည်း နေရပ်ပြန် မြန်မာနိုင်ငံသားများအား သောက်ရေနှင့် ထမင်းထုပ်များ ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသားများသည် မေ ၄ ရက်မှစ၍ မိုင်းယု-ကျင်းယဲန်း တံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြရာ မေ ၇ ရက်အထိ ၅၅၃ ဦး ရှိကြောင်းနှင့် ၎င်းတို့အား သက်ဆိုင်ရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များသို့ အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ နေရပ်ပြန် မြန်မာ အလုပ်သမားများသည် မိုင်းလား အထူးဒေသ(၄) နမ့်ပန်း၌ အသွားအလာကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီးသူများဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



## ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေ

**ကန့်ဘလူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာ ၂၂ ရွာကျော်မှဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန် အရှည် ၁၉ ဒသမ ၇၆၃ ကီလိုမီတာရှိသော ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းကို မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော် ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေ အကူအညီဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်ကာ တင်ဒါအောင်မြင်သည့် ရွှေတောင်ကုမ္ပဏီနှင့် Royal Prince ကုမ္ပဏီတို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေတောင်ကုမ္ပဏီအနေဖြင့် လမ်းအရှည် ၁၂ ဒသမ ၄၅ ကီလိုမီတာကို ခွင့်ပြုငွေ ကျပ် ၃၅၅၉ ဒသမ ၅၁၅ သန်းဖြင့်လည်းကောင်း၊ Royal Prince ကုမ္ပဏီက လမ်းအရှည် ၇ ဒသမ ၃၁၅ ကီလိုမီတာကို ခွင့်ပြုငွေကျပ် ၂၉၇၂ ဒသမ ၈၇၈ သန်းဖြင့်လည်းကောင်း ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီ ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်း အရှည် ၁၉ ဒသမ ၇၆၃ ကီလိုမီတာ တစ်လမ်းလုံးရဲ့ အောက်ခံမြေကို ပြုပြင်မှာ ဖြစ်ပါတယ်။ ဒီအပေါ်မှာ ဒီဇိုင်းလေးမျိုး ကွဲသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းကြီး ပြီးစီးသွားရင်တော့ ကျေးရွာ ၂၂ ရွာမှ ဒေသခံပြည်သူများအတွက် အလွန်အကျိုးရှိမယ့် လမ်းဖြစ်ပြီး ကန့်ဘလူမြို့မှ ထန်းကုန်း၊ ဇီးကုန်း၊ ကာဘိုးနဲ့ မုံရွာမြို့များကို အချိန်တိုအတွင်း ရာသီမရွေး သွားလာနိုင်မှာဖြစ်ပါတယ်"ဟု ကန့်ဘလူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဒေါ်နွေးတင့်လှိုင်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



စက်ယန္တရားကြီးများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေစဉ်

## သာစည်မြို့နယ်၌ အဝတ်နှာခေါင်းစည်းများ အိမ်အရောက် အခမဲ့ဖြန့်ဝေပေး

**သာစည် မေ ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့အနေဖြင့် ပြန်လည်လျှော်ဖွပ်အသုံးပြု၍ရသော အဝတ်နှာခေါင်းစည်းများ ချုပ်လုပ်၍ ကျေးရွာအချို့ရှိ အခြေခံ လက်လုပ်လက်စား လူတန်းစား ပြည်သူများထံသို့ မေ ၇ ရက်က အိမ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးလဲ့လဲ့ခိုင် ဦးဆောင်၍ ကန်သစ်ကျေးရွာ၊ ကျတ္တီးကျေးရွာနှင့် ညောင်ပင်ဝင်းကျေးရွာများသို့ သွားရောက်ကာ နှာခေါင်းစည်း အခုရေ ၅၉၀ ကို ကျေးရွာများရှိပြည်သူများထံ အိမ်အရောက် လိုက်လံဖြန့်ဝေ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သာစည်မြို့ အမှတ်(၁)ရပ်ကွက် ကြာကန်ကျောင်းတိုက် ဆရာတော်ထံသို့ ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ကြက်သွန်၊ ကုလားပဲခြမ်းများနှင့် နှာခေါင်းစည်း အခု ၁၀၀၊ စန္ဒရုံသီ သီလရှင်စာသင်ကျောင်းတိုက်သို့ ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ကြက်သွန်၊ ကုလားပဲခြမ်းများနှင့် နှာခေါင်းစည်း ၁၀ ခုတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## နေပြည်တော်မှဖြန့်ချိသည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ လပေးမှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

နေပြည်တော်မှဖြန့်ချိသည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါ ကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးအောင်နိုင်မိုး | ဥတ္တရသီရိ | ၀၉-၇၉၇၇၀၂၉၈၀ |
| ၂။ | ဒေါ်သီတာဝင်း | ဒက္ခိဏသီရိ | ၀၉-၆၉၁၉၁၂၈၈၇ |
| ၃။ | ဦးသိန်းဇော်ထွေး | ပုဗ္ဗသီရိ | ၀၉-၄၃၁၂၀၉၈၂ |
| ၄။ | ဦးစိုးဝင်း | ဇေယျာသီရိ | ၀၉-၄၂၀၇၇၉၂၈၅ |
| ၅။ | ဦးမြသွင် | ပျဉ်းမနား | ၀၉-၄၅၈၀၂၂၅၇၉ |
| ၆။ | ဦးထွန်းကို | ပျဉ်းမနား | ၀၉-၄၂၀၇၃၀၃၁၂ |
| ၇။ | ဦးအေးထွန်း | လယ်ဝေး | ၀၉-၄၂၀၆၈၄၂၀၇ |
| ၈။ | ဒေါ်လှလှဝင်း | သာဝတ္ထိ | ၀၉-၇၉၇၉၀၄၆၀၄ |
| ၉။ | ဦးကြည်ခိုင် | ရေနီ | ၀၉-၇၉၇၉၁၆၃၉၄ |
| ၁၀။ | ဒေါ်ရွှေတင် | မြို့လှ | ၀၉-၇၄၇၂၁၁၈၃၂ |
| ၁၁။ | ဒေါ်မြရီ | တောင်ငူ | ၀၉-၇၇၆၁၇၆၃၇၇ |
| ၁၂။ | ဦးတင်ညွန့် | ဆွာ | ၀၉-၄၂၈၁၄၇၄၈၈ |
| ၁၃။ | ဒေါ်ခင်ခင်မာ | အုတ်တွင်း | ၀၉-၂၅၃၁၂၇၂၅၆၃ |
| ၁၄။ | ဦးသိန်းဝင်း | ကျွဲပွဲ | ၀၉-၂၅၀၂၁၃၇၉၈ |
| ၁၅။ | ဦးမြင့်ဦး | ဖြူး | ၀၉-၉၇၀၅၆၃၆၇၈ |
| ၁၆။ | ဒေါ်သော်ဇင်အောင် | ကျောက်ကြီး | ၀၉-၄၂၈၁၁၆၆၀၅ |
| ၁၇။ | ဦးအေးမင်း | တပ်ကုန်း | ၀၉-၄၄၈၅၄၃၄၂၇ |
| ၁၈။ | ဦးသာလှိုင် | ရမည်းသင်း | ၀၉-၂၅၆၀၁၁၀၅၀ |
| ၁၉။ | ဦးမြင့်လွင် | ပျော်ဘွယ် | ၀၉-၃၃၁၄၀၅၉၁ |
| ၂၀။ | ဦးသက်ထွန်းအောင် | မိတ္ထီလာ | ၀၉-၄၅၃၇၃၂၈၇၀ |
| ၂၁။ | ဒေါ်မိမိလှိုင် | မလှိုင် | ၀၉-၄၀၃၄၀၆၂၈၁ |

## ညောင်လေးပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစမ်းသပ်စိုက်ပျိုးမှု အောင်မြင်လျက်ရှိ

**ညောင်လေးပင် မေ ၈**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း(၂၀)၊ အမှတ်(၇၄၇၊ ခ၊ ပထမထပ်)နေ (ဦးသာပွင့်-ဒေါ်ညို)တို့၏သား၊ ဦးကြည်ဝင်း(စက်မှုဝန်ကြီးဌာန)-(ဒေါ်သိန်းသိန်းမြ)(MFTB)၊ ဦးမောင်ရွှေ-ဒေါ်လှကျော့ယဉ်၊ ဦးမျိုးအောင်(စည်ပင်)-ဒေါ်သိန်းသိန်းနု (တွဲဖက်ပါမောက္ခ-ငြိမ်း၊ တောင်ကြီးတောင်က္ကသိုလ်)၊ ဒေါ်စုစု၊ (ဦးထွန်းအေး)၊ ဦးပွင့်သူအောင်-ဒေါ်စံပယ်မြင့်တို့၏အစ်ကိုသည်၈-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁:၃၀နာရီတွင် ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုအောင် အသက်(၄၉)နှစ်
## ညွှန်ကြားရေးမှူး(မြို့ပြ)
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)
## ဆောက်လုပ်ရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုအောင်သည် ၈-၅-၂၀၂၀ရက်(သောကြာနေ့)တွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်
ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း
အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်နှင့် အရာထမ်း၊ အမှုထမ်းများ ဝန်ကြီးရုံး
ဆောက်လုပ်ရေးဝန်ကြီးဌာန နေပြည်တော်

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း)
## ကြည်း-၈၇၉၅၊ ဗိုလ်သင်တန်း-၂၈
## လမ်းစဉ်ပါတီ(ဗဟိုကော်မတီဝင်)စည်းကမ်းထိန်းသိမ်းရေး
## အသက်(၈၇)နှစ်

ဗိုလ်မှူးစောအောင်မြတ်သူ-မနန္ဒာစိုးတို့၏ဖခင်၊ ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း)သည် ၇-၅-၂၀၂၀ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်နည်းပညာတက္ကသိုလ် အပတ်စဉ်(၈)မှသူငယ်ချင်းများ

## ဦးတင်မြ(ခ)ဦးရဲမြ
## ပုလဲနှင့်ငါးဦးစီးဌာန (အငြိမ်းစား)
## အသက်(၇၉)နှစ်

(ဦးရွှေ-ဒေါ်ထွေး)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ သုခ(၅၈)လမ်း၊ အမှတ်(၁၀၁၊ 4B)နေ ဦးကျော်ဇောလင်း၊ ဦးကျော်ကျော်ဦး၊ ဒေါ်ခင်စုလှိုင်မွန်(USA)တို့၏ဖခင်၊ မဝင်းလဲ့ဝင်း၊ မဇူလိုင်မိုး၊ မသီရိသော်သော်တို့၏ဘိုးဘိုးကြီးသည် ၆-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဟန်ညွန့်(AGTI-EC)
## တာဝန်ခံအင်ဂျင်နီယာ(ငြိမ်း)(အဝေးဆက်)
## မကွေးမြို့
## အသက်(၇၂)နှစ်

မကွေးမြို့ ၊ ကန်သာရပ်ကွက်(၅)လမ်း၊ A-147 နေ (ဦးထွန်းကျော်-ဒေါ်စောမြ) တို့၏သား၊ (ဦးတင်မောင်-ဒေါ်ချစ်ချစ်တင်)တို့၏သားသမက်၊ ဒေါ်ခင်ခင်မြင့် (စာကြည့်တိုက်မှူး-ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်သိန်း-ဒေါ်ခင်ထွေးကြည်၊ (ဦးအောင်ရှိန်-ဒေါ်သန်းရွှေ)၊ ဦးစန်းလှမောင်-ဒေါ်ညိုညို၊ ဗိုလ်မှူးခင်မောင်ရွှေ(ငြိမ်း)-ဒေါ်နွဲ့နွဲ့မြင့်၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ/အစ်ကို၊ ဒုမှူးကြီးမောင်မောင်-ဒေါက်တာဝင်းလဲ့ကြည်၊ မောင်အောင်ဇေယျမောင်မောင်၊ မောင်အောင်ပြည့်ဝန်းမောင်မောင်တို့၏ဖခင်၊ မဆုသံစဉ်ဦး၏ အဘိုးသည် ၈-၅-၂၀၂၀ရက် ညနေ ၆:၁၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ ရက် နံနက် ၉:၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်တွင် တရားနာပြီး ရေဝေးသုသာန်သို ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်ညွန့်(AGTI-EC)
## တာဝန်ခံအင်ဂျင်နီယာ(ငြိမ်း) (အဝေးဆက်)
## အသက်(၇၂)နှစ်

ဒုတိယဗိုလ်မှူးကြီး မောင်မောင် (နှလုံးခွဲစိတ်ကုသမှုပါရဂူ)နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာဝင်းလဲ့ကြည် (မေ့ဆေးပညာဌာန၊ ဆေး-၁) တို့၏ဖခင် ဦးဟန်ညွန့်သည် ၈-၅-၂၀၂၀ရက်တွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁)မှ သူငယ်ချင်းများ

## ဦးဇော်ဝင်း(ခ)ဦးဗိုလ်မှူး
## မြန်မာ့ပုလဲနှင့်ငါးကော်ပိုရေးရှင်း
## Uniteam Marine(Yangon)
## အသက်(၆၁)နှစ်

(ဦးမြကျင်)(မြန်မာ့ဝိဇ္ဇာဆံသ)-ဒေါ်ခင်တို့၏သား၊ ဒေါ်စိုးစိုးမာ၏ခင်ပွန်း၊ ဒေါ်မေကျော့မှူး(လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊ မောင်မင်းခန့်မှူး(ဥပဒေပညာ၊ စတုတ္ထနှစ်၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်သည် ၆-၅-၂၀၂၀ရက် ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ရက် တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ICOE အစီရင်ခံစာနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၈**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ICOE အစီရင်ခံစာနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်၌ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာနှင့် နောက်ဆက်တွဲ(၃၀)တို့ကို တပ်မတော်က အပြည့်အစုံ လက်ခံရရှိခဲ့ပြီး အစီရင်ခံစာပါ ဖြစ်စဉ်များအနက် ဂူတာပြင်ကျေးရွာဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံး (Court – Martial) စစ်ဆေးဆောင်ရွက်မှု အခြေအနေအား သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်းနှင့် မောင်နုကျေးရွာနှင့် ချွတ်ပြင်ကျေးရွာဖြစ်စဉ်တို့အား စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်နေ့တွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအခါတွင် ဂူတာပြင်ကျေးရွာဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံး (Court – Martial) သည် သက်သေစုံလင်စွာဖြင့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် စစ်ဆေးမှုပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးရာတွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့် ထုတ်ပြန်ထားရှိသည့် အမိန့်၊ ညွှန်ကြားချက်များကိုလည်း ဖောက်ဖျက်မှုမရှိစေရန်၊ လုံခြုံရေးအရလည်း ထိခိုက်မှုမရှိစေရန် အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တရားရုံး (Court – Martial) ၏ စစ်ဆေးစီရင်မှုများအား သက်ဆိုင်ရာ အတည်ပြုအာဏာပိုင်၏ ပြစ်ဒဏ်အတည်ပြုချက်ရရှိပါက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းနှင့် မောင်နုကျေးရွာ၊ ချွတ်ပြင်ကျေးရွာ ဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိသည်ဟု ဖော်ပြထားသည်။ **သတင်းစဉ်**

## မလေးရှား၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၈**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ၊ အိန္ဒိယ နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၆၀၈ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့တွင်လည်း မလေးရှားနိုင်ငံ၌ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲဖြစ်နေကြသည့် မြန်မာနိုင်ငံသား ၉၃ ဦးအား Myanmar Airways International–MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။ ထို့အပြင် ကိုရီးယားသမ္မတနိုင်ငံတွင် ရောက်ရှိနေသည့်

*စာမျက်နှာ ၅ ကော်လံ ၃* ●



အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

လူမှုစီးပွားဘဝများ ဖွံ့ဖြိုးဝေစည်လာသည့် ငွေတောင်ပြည်ခေါ် ကယားပြည်နယ် အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။


## ပြည်သူသို့ အသိပေးပန်ကြားလွှာ


၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူများ ဓာတ်အား သုံးစွဲနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်းတွင် မဂ္ဂါဝပ် ၃၅၃၂ ခန့်အား ထုတ်လုပ်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် အများပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ဖြန့်ဖြူးနိုင်ရန်နှင့် ဓာတ်အားစနစ် ပိုမိုတည်ငြိမ်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် အတွက် ၁၁၆၆ မဂ္ဂါဝပ်ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် အသစ်ထပ်မံ တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံများအနက်မှ သာကေတဓာတ်အားပေးစက်ရုံ (၄၀၀ မဂ္ဂါဝပ်)မှာ မကြာမီဆောင်ရွက်ပြီးစီးတော့မည်ဖြစ်၍ နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် စမ်းသပ်ချိတ်ဆက်မောင်းနှင်နိုင်ရေး စီစဉ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ သာကေတဓာတ်အားပေးစက်ရုံနှင့် နိုင်ငံတော်ဓာတ်အားစနစ်တို့ စမ်းသပ်ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း (၁၀–၅–၂၀၂၀) ရက် (တနင်္ဂနွေနေ့)တွင် ၀၉:၀၀ နာရီမှ ၁၃:၀၀ နာရီ အထိ ၃၃ ကေဗွီမြင်တော်သာခွဲရုံ၊ သုမနခွဲရုံ၊ နဝရက်ခွဲရုံ၊ ရှုခင်းသာခွဲရုံ၊ ဒေါပုံခွဲရုံ၊ Asia World (ဒဂုံမြောက်) ခွဲရုံနှင့် ဒဂုံတောင်ခွဲရုံတို့မှ ဓာတ်အားပေးထားသည့် သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်နှင့် တောင်ဒဂုံမြို့နယ်တို့ရှိ ရပ်ကွက်အချို့၌ လည်းကောင်း၊ စည်ပင်ပန်းဥယျာဉ် (Water Boom)၊ ဒဂုံမြောက်ရှိ ပုဂ္ဂလိကပိုင်စက်ရုံများ၊ တောင်ဒဂုံစက်မှုဇုန်ရှိ အချို့သောနေရာများနှင့် မြင်တော်သာရှိ ပုဂ္ဂလိကပိုင်စက်ရုံတို့၌ (၄) နာရီခန့် လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်နေမည် ဖြစ်ပါသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❋



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၉၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်   (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# လူမှုစီးပွားဘဝများ ဖွံ့ဖြိုးဝေစည်လာသည့် ငွေတောင်ပြည်ခေါ် ကယားပြည်နယ်

**ဆောင်းပါး – နန္ဒာဝင်း၊ ဓာတ်ပုံ – တာရာ**

**ကန္တရဝတီ ငွေတောင်ပြည်ဟု ကြားသိလိုက်သည်နှင့် သဘာဝ၏အလှတရားများနှင့် ဝန်းရံထားသည့် ကယားပြည်နယ်အား ညွှန်းဆိုသည်ကို လူတိုင်းသိရှိ ခံစားနိုင်သည်။ ကယားပြည်နယ်သည် ရှေးအစဉ်အဆက် ရာဇဝင်ဒဏ္ဍာရီလာ သုဓနုမင်းသားနှင့် ဒွေးမယ်နော်တို့ ပျော်စံရာ ငွေတောင်ပြည်ဟု ထင်ရှား၍ မြန်မာဘုရင်များလက်ထက်တွင် ကန္တရဝတီဟုလည်း ခေါ်ဆိုခဲ့ကြသည်။**

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး နိုင်ငံ၏ ပြည်နယ် ခုနစ်ခုအနက် အသေးငယ်ဆုံး ပြည်နယ်လည်းဖြစ်သည်။ ဧရိယာ ၄၅၂၉ ဒသမ ၅၆ စတုရန်းမိုင် သို့မဟုတ် တောင်မြောက် အလျား ၁၀၂ မိုင်ခန့်နှင့် အရှေ့အနောက် မိုင် ၇၀ ခန့်ကျယ်ဝန်း၍ လွိုင်ကော်နှင့် ဘောလခဲ ဟူ၍ ခရိုင် နှစ်ခုရှိပြီး မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့ သုံးမြို့တို့ဖြင့် ဖွဲ့စည်းထားသည်။

လွိုင်ကော်မြို့ပေါ်ရှိ သာယာလှပသော မြင်ကွင်းများနှင့် တောင်ကွဲစေတီ၊ မြကလပ်၊ ရွှေလက်ဝါး၊ တောင်ပေါ်ဘုရားများကို ကျောက်တောင်များပေါ်တွင် သပ္ပာယ်စွာ ဖူးမြော်မြင်တွေ့ရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၈၆၆၂၇ ဦးရှိပြီး ကယား၊ ကယန်း(ပဒေါင်)၊ ယင်းဘော်၊ ဂေခို၊ လထာ(ဇယိမ်း)၊ ကယော၊ ယင်းတလဲနှင့် ကော်လော်မိုနူ (မနုမနော)၊ ဂေဘားစသည့် ကယားမျိုးနွယ်စု ကိုးမျိုးနှင့် အတူ ဗမာ၊ ကရင်၊ ရှမ်း၊ ပအိုဝ်းနှင့် အင်းသားစသည့် တိုင်းရင်းသားလူမျိုးများ ရင်းနှီးချစ်ကြည်စွာ အတူတကွနေထိုင်လျက်ရှိသည်။

**အရှိန်အဟုန်မြှင့် ခရီးသွားလုပ်ငန်း**

ကယားပြည်နယ်အစိုးရအဖွဲ့သည် လေးနှစ်တာကာလအတွင်း ခရီးသွားကဏ္ဍကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပြည်နယ်အရှေ့ဘက်ရှိ နယ်နိမိတ်ချင်းထိစပ်နေသော ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းဖွင့်လှစ်ခဲ့ပြီး နယ်စပ်ဂိတ်စခန်း (Border Point) Bp 13/14 များအထိ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းမွန်လာခဲ့သည်။

ပြည်နယ်၏ အသက်သွေးကြောသဖွယ် ဖြစ်သော လွိုင်ကော်–မယ်စဲ့လမ်းသည် ထိုင်းနယ်စပ်တိုင်အောင် တိုးလျှိုပေါက် ကတ္တရာလမ်းမကြီးအဖြစ် ဆောင်ရွက်နိုင်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာခဲ့သည်။

ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်တို့ကို ညီအစ်မမြို့တော်အဖြစ် အသိအမှတ်ပြုပြီး MoU လက်မှတ်ထိုးကာ ခရီးသွားကဏ္ဍကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုများပြားစွာ ဝင်ရောက်လာခဲ့သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ် ညောင်ရွှေ–အင်းလေးဒေသနှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ညောင်ရွှေ–တုံဟုံး–စံကား–လွိုင်ကော်လမ်းပိုင်းကို ပြင်ဆင်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်အကြီးအကဲများထံ တင်ပြဆောင်ရွက်ပေးခဲ့သည်။ အဆိုပါလမ်းပိုင်း ကောင်းမွန်ပါက ရှမ်းပြည်နယ် ညောင်ရွှေ–အင်းလေးဒေသမှ ကယားပြည်နယ်သို့ လာရောက်မည့် ခရီးသွားဧည့်သည်များ ပိုမိုအဆင်ပြေလွယ်ကူသွားမည်ဖြစ်သည်။

**နယ်စပ်ကုန်သွယ်ရေး**

မြန်မာ–ထိုင်းနယ်စပ်ရှိ မယ်စဲ့မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖောက်လုပ်နိုင်ခဲ့သဖြင့် ကူးသန်းရောင်းဝယ်မှုများ တိုးတက်လာပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇၁ သန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်။

ထိုင်းနိုင်ငံဘက်သို့ လယ်ယာထွက်သီးနှံများဖြစ်သော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်ကောင်းနှင့် အာလူးတို့ကို အများဆုံးတင်ပို့ခဲ့ပြီး အများဆုံးသွင်းကုန်ပစ္စည်းများမှာ ဖျော်ရည်၊ ကော်ဖီမစ်၊ အချိုမှုန့်နှင့် ဘိလပ်မြေတို့ဖြစ်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒေသခံပြည်သူများ လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိစေရန်နှင့် ကုမ္ပဏီတည်ထောင်နိုင်ခြင်းမရှိသည့် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ITC) ကို နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

*အချပ်ပို(ခ)သို့*



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို

*အချုပ်ပို (က) မှ*

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ မြို့များသို့ အချိန်တိုအတွင်း ကုန်သွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း၌ တရားမဝင်ကုန်သွယ်မှုများ ထိန်းချုပ်နိုင်ရေး၊ နိုင်ငံတော်နှင့် ပြည်နယ် ဝင်ငွေရရှိရန် တရားဝင် ကုန်သွယ်မှုဆောင်ရွက်နေသည့် ကုန်စည်များအပေါ် အခွန်ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိရာ အခွန်အရပ်ရပ်ကောက်ခံရရှိမှုမှာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၈ ဒသမ ၀၆၅ သန်း ရရှိခဲ့သည်။ ကယားပြည်နယ်၏ အလားအလာကောင်းသည့် ထွက်ကုန်များကို ကမ္ဘာကသိရှိနိုင်ရန် ကုန်စည်ပြပွဲများ၊ ဈေးကွက်နှင့် အရောင်းမြှင့်တင်ခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ပေးမည့် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနကို ၂၀၁၆ ခုနှစ် ဧပြီလ ၂၆ ရက်တွင် လွိုင်ကော်မြို့ နောင်ယား (က)ရပ်ကွက် ကန္တရဝတီလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ခဲ့သည်။

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

ရိုးရာဓလေ့အစဉ်အလာများ၊ တောတောင်ရေမြေ သဘာဝအလှအပ များစွာပိုင်ဆိုင်ထားသော ကယားပြည်နယ်သည် မီးခိုးမထွက်သည့် စက်ရုံဟု တင်စားခေါ်ဝေါ်ကြသည့် ခရီးသွားလုပ်ငန်း ဖြစ်ထွန်းအောင်မြင်နိုင်သည့် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည်။

ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နေသည့် တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကန်ခုနစ်ဆင့်၊ ထီးပွင့်ကန်၊ ကြတ်ဂူ၊ ထီးစဲခါးရေတံခွန်နှင့် ကွိုင်ငံရေထွက်ပေါက်တို့ရှိသည့်အပြင် ဖရူဆိုမြို့နယ်တွင် ထီးပရူးနူ သဘာဝလိုဏ်ဂူနှင့် ဆင်ဖြူတောင် သဘာဝအလှများ၊ ဘောလခဲမြို့နယ်တွင် ရေနီပေါက်ဂူ၊ ဖားဆောင်းမြို့နယ်တွင် တနန်းလော့လိုဏ်ဂူနှင့် ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖတောင်တက်ခရီးစဉ်များကို ခရီးစဉ်အသစ်များအဖြစ် ထပ်မံဖော်ထုတ်ထားသည်။

ထို့ပြင် လွိုင်ကော်မြို့၏ အလှအပများကို ခံစားကြည့်ရှုနိုင်ရန် ဘီလူးချောင်းအတွင်း အပျော်စီးစက်လှေများပြေးဆွဲခြင်း၊ ထူးချောင်းနှင့် ပွန်ချောင်းဆုံရာတွင် ကနူးကယက်လှေစီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လွိုင်ကော်–မိုးဗြဲရေတံခါး–ဖယ်ခုံ–အင်းလေးရေလမ်းကြောင်းခရီးစဉ်အသစ်တစ်ခုကို ထပ်မံဆောင်ရွက်လျက်ရှိသည်။

အလားတူ ဆောင်းရာသီတွင် လွိုင်ကော်မြို့၏ သာယာလှပသောမြင်ကွင်းများကို ခံစားနိုင်ရန် မီးပုံးပျံစီးနင်းသည့် ခရီးသွားဆွဲဆောင်မှုလုပ်ငန်းတစ်ခုကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လွိုင်ကော်–မိုးဗြဲ–ဖယ်ခုံ RGC တွဲဖြင့် မီးရထားခရီးစဉ်သစ် ဖြစ်ပေါ်လာရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်၏ လူထုအခြေပြု ခရီးသွားလုပ်ငန်းတစ်ခုအနေဖြင့် ပြည်တွင်း ပြည်ပခရီးသွားများအတွက် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆိုစသည့် မြို့ပေါ်များသာမက ကျေးရွာများအထိပါ လှေ့လာလည်ပတ်နိုင်ရန်အတွက် ဒီးမော့ဆိုမြို့နယ်ရှိ ပန်ပက်ကျေးရွာ၊ တနီးလာလဲကျေးရွာများနှင့် လွိုင်လင်မြို့မှ BP- 13 နယ်စပ်ဝင်ပေါက်သို့သွားရာ လမ်းတစ်လျှောက်မြို့များကို ကန့်သတ်နယ်မြေအဖြစ်မှ ကင်းလွတ်ခွင့်ရရှိရေး ဆောင်ရွက်ခဲ့ ပြီး ၂၀၁၆ ခုနှစ်မှစ၍ လူထုအခြေပြု ခရီးသွားလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ်တွင် ဖရူဆိုမြို့နယ်ရှိ ထေခိုကျေးရွာနှင့် ဒီးမော့ဆိုမြို့နယ်ရှိ ဒေါ်တမကြီးကျေးရွာများကို လူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ကယားပြည်နယ်ရှိ လူထုအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော ကျေးရွာများကို ဗီဒီယိုမှတ်တမ်း



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကယားပြည်နယ် ခရီးသွားလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစဉ်။

ရိုက်ကူး၍ ITB– Berlin ခရီးသွားပြပွဲတွင် ပြသခဲ့ရာ ၂၀၁၆ Diamond Award ဆုနှင့် ၂၀၁၇ ခုနှစ်တွင် ASEAN Community Based Tourism Award ထပ်မံရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့မှ ASEAN Clean Tourist City Award ကို ရရှိခဲ့သည်။

ချယ်ရီပန်းပွင့်ချိန်တွင် ဂျပန်ခရီးသွားဧည့်သည်များ ကယားပြည်နယ်သို့ လာရောက်လည်ပတ်ရန် ရည်ရွယ်လျက် မြန်မာ–ဂျပန် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် စတုတ္ထအကြိမ်မြောက် မြန်မာ–ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းစိုက်ပျိုးပွဲတော်ကို လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ကျင်းပခဲ့သည်။

ထိုသို့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၇၅၂၈၆ ဦးနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၂၉၇၃ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ နိုင်ငံခြားသား ဝင်ရောက်လည်ပတ်ခဲ့မှုကို ၂၀၁၆ ခုနှစ်အတွင်း ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက ၁၀၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ပြည်တွင်းခရီးသွားအနေဖြင့် ၃၄၃ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့သည်။

ပြည်နယ်၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ဟိုတယ်/မိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များအတွက် ဟိုတယ်ဆိုင်ရာသင်တန်းများကို ငါးကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ရာ လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ခဲ့သည့်အပြင် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခဲ့သည်။ လက်ရှိအချိန်တွင် ဂျပန်အခြေခံစကားပြောသင်တန်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်မှ ဧပြီ ၁၀ ရက်အထိ သုံးလ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

## လမ်းပန်းဆက်သွယ်ရေး

ပြည်သူ့အစိုးရသည် ပြည်သူဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ရာ ပြည်သူ့အစိုးရ တာဝန်ယူချိန်မှစ၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ထိ ပြည်နယ်အတွင်းရှိ စုစုပေါင်း လမ်းမိုင် ၅၅၁ မိုင် ၄ ဒသမ ၄ ဖာလုံကို ၁၀၀ ရာခိုင်နှုန်းအပြည့် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ပြည်နယ်အတွင်းရှိ တံတားအားလုံး အခိုင်အမာ သံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးထားရာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ သိသိသာသာ တိုးတက်လာခဲ့သည်။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ အမာခံလမ်း၊ မြေလမ်းနှင့် Box Culvert များ၊ ကွန်ကရစ်၊ သံပေါင်၊ ဘေလီနှင့် ရေကျော်တံတား အစင်းပေါင်း ၁၄၄၉ စင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ကွန်ကရစ် (AC)၊ ကတ္တရာ၊ ကတ္တရာထပ်ပိုးလွှာ၊ ကျောက်လမ်းနှင့် မြေလမ်း စုစုပေါင်း မိုင် ၅၀ / ၁ ဒသမ ၂၅ ဖာလုံကို လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ လမ်း/တံတား လုပ်ငန်းများအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၂၂၂ ဒသမ ၄၅ သန်းနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၄၉၉၆ ဒသမ ၂၀ သန်းတို့ကို သုံးစွဲခဲ့ပြီး ကွန်ကရစ် တံတား ၁၈ စင်း၊ ကြိုးတံတားဘေလီ တစ်စင်း၊ Box Culvert ၄၇ စင်းနှင့် အခြားတံတား ၂၉ စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

## လျှပ်စစ်ကဏ္ဍ

ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအနေဖြင့် ဘီလူးချောင်း အမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ် (၃) စက်ရုံများဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၂၄၈ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိသည်။ ဘီလူးချောင်း အမှတ် (၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပမာဏ တစ်နှစ်လျှင် ယူနစ်သန်း ၂၀၀ ထွက်ရှိပြီး ဓာတ်အားလိုင်းများမှာ ၁၃၂ ကေဗွီလိုင်းနှင့် ၁၁ ကေဗွီလိုင်းတို့ဖြစ်သည်။ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော မထောခူ အထက်ရွာနှင့် အောက်ရွာ၊ မိုက်ကန်းနှင့် ကိုးမိုင်သို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အတူ ဘီလူးချောင်း အမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပမာဏ တစ်နှစ်လျှင် ယူနစ်သန်း ၁၁၉၀ ထွက်ရှိပြီး ဓာတ်အားလိုင်းများမှာ ၁၃၂ ကေဗွီ ရွှေမြို့လိုင်း၊ တောင်ပိုင်းလိုင်း၊ မြောက်ပိုင်းလိုင်း၊ ၃၃ ကေဗွီ မိုးဗြဲလိုင်းနှင့် ၁၁ ကေဗွီ နှစ်လိုင်းတို့ ဖြစ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဓာတ်အားထုတ်လုပ်ရန် လျာထားချက်မှာ ယူနစ်သန်း ၁၀၈၉ ဒသမ ၇၂ သန်းဖြစ်ပြီး ဇန်နဝါရီလကုန်ထိ ၃၄၆ ဒသမ ၇၇ ယူနစ်သန်း ထုတ်လုပ်ပြီးဖြစ်သည်။ ဘီလူးချောင်း အမှတ် (၂) စက်ရုံ၏ ၁၁ ကေဗွီ ဓာတ်အားလိုင်းများမှ အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သော လောပိတကျေးရွာနှင့် လောခလေးကျေးရွာ၊ ဘလခ – ၃ စက်ရုံ ဝန်ထမ်းအိမ်ရာများသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် မီးလင်းပြီး ကျေးရွာပေါင်း ၄၀၅ ရွာနှင့် အိမ်ထောင်စု ၅၈၄၉၉ စုအထိ တိုးတက်လာနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၃၂ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်မည်ဖြစ်သည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်ဒေသ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ၏ လေးနှစ်တာကာလအတွင်း စီမံကိန်းလုပ်ငန်းများကို ကျေးရွာပေါင်း ၄၆၂ ရွာတွင် လမ်းလုပ်ငန်း ၂၃၁ ခု၊ တံတား ၂၉ စင်း၊ ရေရရှိရေးလုပ်ငန်း ၂၁၄ ခု၊ အဆောက်အဦ ၃၉၀၊ ခြံစည်းရိုး ၁၀၀၊ အိမ်သာ ၃၉ လုံးနှင့် အခြားလုပ်ငန်း ခြောက်ခုတို့အတွက် ငွေကျပ် ၉၃၄၈ ဒသမ ၄၈ သန်း အကုန်အကျခံသုံးစွဲခဲ့သည်။

လေးနှစ်တာကာလအတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အမျိုးအစား ၅၃ မျိုးကို သင်တန်း ၃၀၃ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ၇၀၁၆ ဦးကို သင်ကြားပေးနိုင်ခဲ့သည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်းအနေဖြင့် မြို့နယ် ခုနစ်မြို့နယ်နှင့် ကျေးရွာ ၆၉ ရွာရှိ အိမ်ခြေ ၇၇၀၁ အိမ်တို့အတွက် ငွေကျပ်သန်းပေါင်း ၁၅၀၀ မတည်ငွေအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး (VDP) စီမံကိန်း ဆောင်ရွက်မှုမှာ မြို့နယ် သုံးမြို့နယ်နှင့် ကျေးရွာ ၁၂ ရွာ၌ လုပ်ငန်း ၁၂ ခုအတွက် ငွေကျပ် ၁၃၄ ဒသမ ၄၇ သန်း သုံးစွဲဆောင်ရွက်ခဲ့သည်။

## ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် ဖွဲ့စည်းကာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်အထိ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုရှိပြီး ယခုအချိန်တွင် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် နယ်သာလန်နိုင်ငံမျိုးရင်းဝက် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ ဟိုတယ်တည်ဆောက်၍ ဝန်ဆောင်မှုပေးသည့် လုပ်ငန်း ၁၄ ခု၊ ကလေးကစားကွင်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်း တစ်ခု၊ သဘာဝအခြေခံဟိုတယ်နှင့် အပန်းဖြေစခန်း ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း တစ်ခု၊ ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တုများကို သန့်စင်၍ စက်မှုကုန်ချောအဆင့် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း တစ်ခု စုစုပေါင်း လုပ်ငန်း ၁၈ ခုအထိ တိုးတက်လာခဲ့သည်။

ယခုအစိုးရလက်ထက်တွင် ကယားပြည်နယ်အတွင်းသို့ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၈၁၉၄၃ သန်းနှင့် မြန်မာကျပ်ငွေ သန်း ၂၄၅၀၀ အထိ ရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့်

*အချုပ်ပို (ဂ) သို့*

**ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နေသည့် တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကန်ခုနစ်ဆင့်၊ ထီးပွင့်ကန်၊ ကြတ်ဂူ၊ ထီးစဲခါးရေတံခွန်နှင့် ကွိုင်ငံရေထွက်ပေါက်တို့ ရှိသည့်အပြင် ဖရူဆိုမြို့နယ်တွင် ထီးပရူးနူသဘာဝလိုဏ်ဂူနှင့် ဆင်ဖြူတောင်သဘာဝအလှများ၊ ဘောလခဲမြို့နယ်တွင် ရေနီပေါက်ဂူ၊ ဖားဆောင်းမြို့နယ်တွင် တနန်းလော့လိုဏ်ဂူနှင့် ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖတောင်တက်ခရီးစဉ်များကို ခရီးစဉ်အသစ်များအဖြစ် ထပ်မံဖော်ထုတ်ထား**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

ပြည်တွင်းဝန်ထမ်း ၁၄၁၉ ဦးနှင့် ပြည်ပဝန်ထမ်း ၃၄ ဦးကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည်။ ယခင်က ကုမ္ပဏီပေါင်း ၉၅ ခုသာရှိခဲ့သော်လည်း လေးနှစ်တာကာလအတွင်း ကုမ္ပဏီပေါင်း ၂၅၄ ခုထိ တိုးတက်များပြားလာခဲ့သည်။

**စိုက်ပျိုးရေးကဏ္ဍ**

ကယားပြည်နယ်အနေဖြင့် အဓိကသီးနှံ ၁၀ မျိုးဖြစ်သော စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကြံနှင့် ဝါတို့ကို စိုက်ပျိုးကြသည်။ ၂၀၁၉ ခုနှစ်တွင် စုစုပေါင်းလျာထားစိုက်ကေမှာ ၁၉၉၇၃၈ ဧကအနက် ဧက ၁၉၅၆၇၀ စိုက်ပျိုးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၉၆ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သည်။

ကယားပြည်နယ်အတွင်း တောင်သူများမှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) ကို အခြေခံသည့် သီးနှံများ စိုက်ပျိုးပြီး ဘေးအန္တရာယ်ကင်းရှင်းသော စိုက်ပျိုးရေးထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်မည်ဖြစ်ရာ နှမ်းသီးနှံကို (GAP) စနစ်ဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်မှ စတင်စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြို့နယ် ခြောက်မြို့နယ်ရှိ အစုအဖွဲ့ ၁၀ ဖွဲ့နှင့် တောင်သူ ၂၁၁ ဦးက ၉၀၄ ဧက စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် တင်းပေါင်း ၁၁၅၈၄ တင်းအထိ တိုးတက်ထွက်ရှိခဲ့သည်။

ထို့ပြင် ကယားပြည်နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သီးနှံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရာသီအလိုက်၊ သီးနှံအလိုက် စံပြကွက်/စမ်းသပ်ကွက် ၈၄၁၅ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးတောင်သူလယ်သမားများကို မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ခြင်းအပါအဝင် အခြားစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၇၈၇ ဒသမ ၃၈၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် ပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ပြပွဲများကို မြို့နယ် ရှစ်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၅၆ ရွာမှ တောင်သူများနှင့် ဝန်ထမ်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအတွက် ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ကျေးရွာဆည်မြောင်းလုပ်ငန်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် နည်းပညာပိုင်းအရ ထောက်ပံ့ကူညီဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေများဖြင့် ဦးစားပေးသတ်မှတ်လျာထား ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများအနေဖြင့် ဘီလူးချောင်းရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေပြီး ဖောင်းတောရွာနှင့် ဘုရားဖြူရွာများ၊ ရေကြီးနစ်မြုပ်မှုမှ တစ်စိတ်တစ်ဒေသအကာအကွယ်ပေးမည့် ဖိုးပြားချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဆည်၊ ကန်နှင့် ရေလှောင်တမံများမှ စိုက်ပျိုးရေပေးဝေခြင်းအတွက် ရေပေးတူးမြောင်းများ တူးဖော်ခြင်း၊ သဲ၊ နုန်းတူးဖော်ခြင်းလုပ်ငန်း၊ ရေပေးအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ လယ်ယာကုန်ထုတ်လမ်းများရှိ ကွန်ကရစ်တံတားများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ စားဝတ်နေရေးဖူလုံစေရန်အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း မွေးမြူရေးဘဏ်စနစ်ဖြင့် ဆိတ်ကောင်ရေ ၄၀၊ တိုင်းရင်းကြက်ကောင်ရေ ၅၀၀ နှင့် ဝက်ကောင်ရေ ၆၀၄ ကောင်တို့ကို ဖြန့်ဖြူးပေးခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ကယားပြည်နယ်တွင် ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခုတင် ၅၀၀ ဆံ့ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ခုတင် ၅၀ ဆံ့ ဘောလခဲခရိုင်ဆေးရုံ၊ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ ငါးရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံ၊ တိုက်နယ်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၁ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၂၀ တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကုသရေးအပိုင်းတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ဆရာဝန် ၁၀၄ ဦး၊ သူနာပြု ၃၉၄ ဦးနှင့် အခြားဝန်ထမ်း ၄၅၅ ဦးဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဆီးနှင့် ကျောက်ကပ်ရောဂါလူနာများကို အခမဲ့ခွဲစိတ်ကုသမှုအစီအစဉ်ဖြင့် လူနာပေါင်း ၄၀၀၀ ကျော်ကို စမ်းသပ်ကုသပေးနိုင်ခဲ့ပြီး လူနာ ၂၀၀ ကျော်အား အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။ ဆီးချိုနှင့် နှီးနွှယ်ခြေထောက်အနာများအကြောင်း အသိပညာပေးခြင်းနှင့် အခမဲ့စမ်းသပ်ကြည့်ရှုကုသပေးမှုတွင် ပြင်ပလူနာ ၁၃၅ ဦးကို ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့်အူလမ်းကြောင်းဌာနမှ အထူးကုဆရာဝန်များ ပါဝင်သည့်အဖွဲ့က အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း၊ ခွဲစိတ်ကုသမှုနှင့် လိုအပ်သောကုသမှုများ ဆောင်ရွက်ခဲ့သည့်အပြင် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း အခမဲ့စမ်းသပ်ကုသမှုများကို ဆောင်ရွက်နိုင်ခဲ့သည်။

ဂျာမနီနိုင်ငံမှ ဦးဆောင်သော German Interplast အဖွဲ့နှင့် ဒေသခံဆရာဝန်များ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် ပလတ်စတစ်ဆာဂျရီဆိုင်ရာ အခမဲ့ခွဲစိတ်ကုသပေးမှုများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောက်ကပ်ဝေဒနာရှင်များအတွက် ကျောက်ကပ်တုသွေးသန့်စင်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် မတ်လတွင် ကျောက်ကပ်တုသွေးသန့်စင်စက် သုံးလုံးဖြင့် ကျောက်ကပ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ (၄) နှစ်တာကာလအတွင်း စက်ငါးလုံးဖြင့် လူနာများကို ၆၀၃၄ ကြိမ်အထိ ကျောက်ကပ်သန့်စင် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် Infection Prevention Control များကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပသည့် ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးဆိုင်ရာ အထိမ်းအမှတ် (World Patient Safety Day) တွင် ကျန်းမာရေးဝန်ကြီးဌာနက ချီးမြှင့်သော Patient Safety Champion ထူးချွန်ဆုကို ရရှိခဲ့သည်။

အခြေခံ ကျန်းမာရေးဌာနများဖြစ်သော မိသားစုကျန်းမာရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကလေးကျန်းမာရေးဖွံ့ဖြိုးရေးလုပ်ငန်း၊ အာဟာရစောင့်ရှောက်မှုလုပ်ငန်း၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စီမံချက်ပါအတိုင်း ကာကွယ် ကုသပေးခြင်းလုပ်ငန်းများနှင့် ပြည်သူအခြေပြု ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍအနေဖြင့် ကယားပြည်နယ်၌ အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၅၈ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ခြောက်ကျောင်း၊ ကိုယ်ပိုင်အလယ်တန်းကျောင်း နှစ်ကျောင်းနှင့် ကိုယ်ပိုင်မူလတန်းကျောင်း သုံးကျောင်းရှိပြီး ကျောင်းသား/ကျောင်းသူ ၇၃၃၆၃ ဦးတို့ ပညာသင်ကြားလျက်ရှိသည်။ ဆရာ/ဆရာမ အင်အားမှာ ယခင်နှစ်များထက် ပိုမိုတိုးတက်လာခဲ့ပြီး ထက် / လယ် / မူ ဆရာ / ဆရာမ အင်အား ၄၂၁၈ ဦးရှိသည်။ တိုင်းရင်းသားဘာသာစကားသင်ကြားမှုအနေဖြင့် ကျောင်း ၃၆၈ ကျောင်းတွင် ဆရာ/ ဆရာမ ၄၄၃ ဦးနှင့် ကျောင်းသား/ကျောင်းသူ ၁၆၁၃၄ ဦးတို့ကို သင်ကြားပေးလျက်ရှိသည်။

လေးနှစ်တာကာလအတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း ကျောင်းဆောင်သစ် ၂၂၂ လုံး ဆောက်လုပ်နိုင်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သန်း ၁၀၅၉၃ ဒသမ ၀၈၉ ကုန်ကျခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် လွိုင်ကော်ပညာရေးကောလိပ်အဖြစ် သီးသန့်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ၃၂၀ ကို လက်ခံသင်ကြားပေးလျက်ရှိသည်။

နည်းပညာတက္ကသိုလ် (လွိုင်ကော်) သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာတွင် အင်္ဂလန်နိုင်ငံအခြေစိုက် BVCH (SAS) မှ ပေးအပ်သည့် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ် ISO 9001:2008 လက်မှတ်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ISO 9001:2008 မှ ISO 9001:2015 သို့ အဆင့်မြှင့်တင်နိုင်ခဲ့သည်။

မန္တလေးနည်းပညာတက္ကသိုလ်နှင့် သုတေသနလုပ်ငန်းများ၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် MoU လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ငွေကျပ် ၁၀၄၀ ဒသမ ၁၆၇ သန်းနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်မှုမှာ ငွေကျပ် ၃၆၃ ဒသမ ၄၀၉ သန်းအထိ ကုန်ကျခံ ဆောင်ရွက်ပေးခဲ့သည်။

**လေးနှစ်တာ ကာလအတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကယားပြည်နယ် အတွင်း ကျောင်းဆောင်သစ် ၂၂၂ လုံး ဆောက်လုပ်နိုင်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သန်း ၁၀၅၉၃ ဒသမ ၀၈၉ ကုန်ကျခဲ့ သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ လ ၁ ရက်တွင် လွိုင်ကော် ပညာရေးကောလိပ် အဖြစ် သီးသန့် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ၃၂၀ ကို လက်ခံ သင်ကြားပေးလျက်ရှိ**



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ လွိုင်ကော်မြို့ နွားလဝိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အစိုးရနည်းပညာအထက်တန်းကျောင်း (လွိုင်ကော်) သည် INGO၊ NGO၊ ကုမ္ပဏီနှင့် ဌာနဆိုင်ရာစသော မိတ်ဖက်အဖွဲ့အစည်းများဖြင့် ကာလတိုသက်မွေးပညာသင်တန်း (၁၂) မျိုးဖြင့် သင်တန်းသား ၁၁၁၇ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဒေသတွင်း နည်းပညာနှင့် ကျွမ်းကျင်မှု ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးနှင့် ဒေသတွင်းစက်မှုလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့် အတတ်ပညာရှင်များ မွေးထုတ်နိုင်ရန် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်) ကို ဖွင့်လှစ်ပေးခဲ့သည်။

**စည်ပင်သာယာရေးကဏ္ဍ**

ကယားပြည်နယ်တွင် ပြည်နယ်စည်ပင်သာယာရေး တစ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး ရှစ်ဖွဲ့တို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်လွန်ကတ္တရာလမ်း၊ ကတ္တရာလမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းနှင့် ကတ္တရာချဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် မြို့သာယာလှပရေးနှင့် ဈေးအဆင့်မြှင့်တင်ခြင်းစသော အခြားလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

မြို့ရေပေးရေးအနေဖြင့် ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့နယ်ခွဲ တစ်မြို့နယ်တို့တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက်လည်း လွိုင်ကော်မြို့တွင် ကန္တာဟောဝန်ပန်းခြံ၊ ကန္တရဝတီမြိုင်ပန်းခြံ၊ "အ" သုံးလုံးပန်းခြံနှင့် အာဇာနည်ကျောက်တိုင်ပန်းခြံများရှိပြီး နောင်ယားကန်နှင့် ထေးငှားလျားကန်ပတ်လမ်း သာယာလှပရေး ဆောင်ရွက်ထားရှိပြီး နောင်ယားကန်ညဈေးတန်းကို ဖွင့်လှစ်ခဲ့သည်။

*အချပ်ပို(ဃ)သို့*




ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများစုပေါင်းရုံး အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။

*အချပ်ပို(ဂ)မှ*

### သတ္တုနှင့် သစ်တောကဏ္ဍ

သတ္တုကဏ္ဍအနေဖြင့် လေးနှစ်တာကာလအတွင်း အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ ခနောက်စိမ်းသတ္တုရိုင်း ၁၇၈၉ မက်ထရစ်တန်နှင့် ခဲနှင့်ရောရာသတ္တုရိုင်း မက်ထရစ်တန် ၅၇၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ဓာတ်သတ္တုထုတ်လုပ် လက်စားလေးဦး၏ ထုတ်လုပ်နိုင်မှုမှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ ခဲနှင့်ရောရောသတ္တု ၁၈၃ မက်ထရစ်တန် ဖြစ်သည်။

သတ္တုတူးဖော်ရေး ကုမ္ပဏီလုပ်ငန်းရှင်များကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲများကို လစဉ် ကျင်းပပေးခဲ့သည်။

ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာအနီး ခဲမဖြူဒေသတစ်ဝိုက်တွင် ဓာတ်သတ္တုအသေးစား/လက်လုပ်လက်စားထုတ်လုပ်ရန် လျာထားမြေ ဧရိယာ ၂၃၉ ဒသမ ၆၇ ဧကခန့်ကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး လုပ်ကွက်များဖော်ထုတ်ကာ ခွင့်ပြုမိန့်များ ချထားပေးနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

သစ်တောကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် ဓမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်း ဧက ၂၀၀ ဆောင်ရွက်ပေးခဲ့ပြီး သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဧက ၁၀၀၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း ဧက ၅၆၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ၂၉၆ ဧကနှင့် လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း ၃ ဧက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ အခွန်ကောက်ခံရရှိမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိ ငွေကျပ် ၁၇၂ ဒသမ ၃၆၇ သန်း ရရှိခဲ့သည်။

### အားကစားကဏ္ဍ

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လေးနှစ်တာ ကာလအတွင်း အားကစား ဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့တွင် အားကစားနှင့်ကာယပညာသိပ္ပံကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသား ၁၀၁ ဦးနှင့် ကျောင်းသူ ၁၀၅ ဦးကို အားကစားနည်း ကိုးမျိုး သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

အားကစားရုံနှင့် ကစားကွင်းများကို အဆင့်မြှင့်တင်ဆောက်လုပ်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့တို့တွင် လုပ်ငန်းပေါင်း ၂၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲကို အားကစားနည်း ၂၆ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အားကစားနည်းအလိုက် ရွှေတံဆိပ် ၁၆ ခု၊ ငွေ ၁၈ ခုနှင့် ကြေး ၃၁ ခု ရရှိခဲ့သည်။

ကယားပြည်နယ်အနေဖြင့် ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုများတွင် အတက်ကြွဆုံးပါဝင်ဆင်နွှဲခဲ့ကြသဖြင့် ၂၀၁၇ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တတိယဆု၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပထမဆုများကို ထိုက်တန်စွာရရှိခဲ့သည်။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ထိုင်း-မြန်မာ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများကို ထိုင်း-မြန်မာ နယ်စပ်မြို့ရှိ မယ်စဲ့မြို့နယ်တွင် ကျင်းပခဲ့သည်။

ကယားပြည်နယ်မှ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ခရစ်ကက်အားကစားနည်းများသည် ပြည်နယ်အတွက် မြန်မာ့လက်ရွေးစင်အများဆုံးမွေးထုတ်ပေးနိုင်ခဲ့သဖြင့် အားကစားအဆင့် ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရသည်။

### နယ်စပ်ဒေသဖွံ့ဖြိုးရေး

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားလုပ်ငန်း ဆောင်ရွက်ခြင်းအပြင် သောက်သုံးရေရရှိရေးနှင့် တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

### တိုင်းရင်းသားရေးရာ

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုး ခုနစ်မျိုးအတွက် ပုံပြပုံပြင်စာအုပ်များ သုံးနှစ်စာရရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တိုင်းရင်းသား (၇) မျိုးအတွက် ပုံပြပုံပြင်စာအုပ် ၆၂၀၂၈ အုပ် ပေးအပ်ပြီးဖြစ်သည်။ လူနည်းစုဖြစ်သော ယင်းတလဲလူမျိုး၏ လူနေမှုအခြေအနေကို Documentary ရိုက်ကူးရန်၊ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ (Audio Archive) မှတ်တမ်းတင်ရိုက်ကူးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် တိုင်းရင်းသားစာပေပညာရှင်များ ပြုစုထားသည့် တိုင်းရင်းသားဒေသသင်ရိုးညွှန်းတမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်စည်းလုံးရေး၊ ရိုင်းပင်းကူညီရေးနှင့် စာပေယဉ်ကျေးမှုကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၁၇၈ ဒသမ ၂ သန်းဖြင့် ကယားပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ စုပေါင်းရုံးအဆောက်အအုံကို တည်ဆောက်နိုင်ခဲ့သည်။

လူမှုရေးကဏ္ဍတွင် World Vision Myan-mar (ဒီးမော့ဆို၊ လွိုင်ကော်)အဖွဲ့နှင့် ပူးပေါင်း၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ Care Myanmar အဖွဲ့နှင့် ပူးပေါင်း၍ အကြမ်းဖက်ခံရသော အမျိုးသမီးများအတွက် လုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်ပေးမှုများ၊ NGO Gender Group နှင့် ကျား/မ အခြေပြု အကြမ်းဖက်လျှော့ချခြင်းနှင့် လူကုန်ကူးမှုကာကွယ်တားဆီးရေး စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် World Education အဖွဲ့နှင့် ပူးပေါင်း၍ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို သက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ MAG (Mines Advisory Group) အဖွဲ့နှင့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ ကျေးရွာအခြေပြုမြေပုံရေးဆွဲခြင်း၊ အကူကိရိယာ မပါသော သတင်းအချက်အလက်စုဆောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ Save the Children အဖွဲ့၊ ကိန္နရာကျေးလက်လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ လိုအပ်သောပြဿနာများ ဖြေရှင်းပေးခြင်း၊ လိုအပ်သော အခွင့်အရေးများ ဖြည့်ဆည်းပေးခြင်းတို့ကို လက်တွဲဆောင်ရွက်ခဲ့ကြသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော လူမှုအသိုက်အဝန်းများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အစောပိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ DRC အဖွဲ့မှ နေရပ်စွန့်ခွာနေထိုင်သူများနှင့် ပဋိပက္ခဒဏ်ခံစားရသူများကို လတ်တလော လူသားချင်းစာနာမှု အကူအညီပေးခြင်း၊ ထိခိုက်ခံစားရမှုကို ခံနိုင်ရည်ရှိစေရန်နှင့် ရေရှည်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရန် အကူအညီပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးကဏ္ဍတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနသည် UN, INGO နှင့် CSO အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ မိခင်မွေးကင်းစကလေးနှင့် ကလေးကျန်းမာရေးလုပ်ငန်း၊ တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ကျန်းမာရေးနှင့် အာဟာရ၊ ကျောင်းအာဟာရလုပ်ငန်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း၏ (၄၁) ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှု အလှူတော်အစီအစဉ်အရ ဆီးနှင့်ကျောက်ကပ်ရောဂါလူနာများကို အခမဲ့ခွဲစိတ်ပေးခြင်း၊ မြန်မာ – ထိုင်း သံတမန်ဆက်ဆံရေးထူထောင်မှုနှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ အခမဲ့ နားခွဲစိတ်ကုသပေးခြင်း၊ သီတဂူ သာသနာပြုအဖွဲ့၏ ပူးပေါင်းပါဝင်မှုဖြင့် ဘယ်လ်ဂျီယံနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် ဒေသခံဆရာဝန်များ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခံတွင်းရောဂါ၊ ပလတ်စတစ်ဆာဂျရီဆိုင်ရာနှင့် မျက်စိရောဂါဝေဒနာရှင်များကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခဲ့သည်။

### လုပ်ထုံးလုပ်နည်းဖြေလျှော့

ကယားပြည်နယ်ရှိ ခရိုင်နှင့် မြို့နယ်၊ မြို့များတွင် One Stop Service ရုံးများ ဖွင့်လှစ်၍ ယာဉ်နှင့် ယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်းထုတ်ပေးခြင်းနှင့် အိမ်သုံးမီတာလျှောက်ထားခြင်း လုပ်ငန်းများကို မကြန့်ကြာစေဘဲ ပြည်သူများအချိန်ကုန်သက်သာစေရန် လွယ်ကူလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

### ပြုပြင်ပြောင်းလဲမှု၏ ရလဒ်များ

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန် လယ်ယာမြေ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သလို တောင်သူလယ်သမားများ လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့သည်။

ဒေသခံပြည်သူများ အသိပညာအတတ်ပညာများ၊ ဗဟုသုတများ တိုးပွားလာစေကာ လက်တွေ့လူနေမှုဘဝတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်အတွက် ရည်ရွယ်၍ ဝါးအခြေခံ လက်မှုအနုထည်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ စက်ချုပ်သင်တန်းနှင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းများနှင့် အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့သည်။

### ငြိမ်းချမ်းချစ်ကြည်ရိုင်းပင်းကူညီ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကျရောက်သည့် ၆၈ နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး မြန်မာ -ဂျပန် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် စတုတ္ထအကြိမ်မြောက် မြန်မာ – ဂျပန်ချစ်ကြည်ရေး ချယ်ရီပန်းအပင် ၂၀၀ ကို လွိုင်ကော်မြို့ရှိ ဗုဒ္ဓဥယျာဉ်၌ စိုက်ပျိုးပေးခဲ့သည်။

ကယားပြည်နယ်အစိုးရအဖွဲ့သည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန်ဟူသော ရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး အုပ်ချုပ်မှုစနစ် ပုံစံပြောင်းလဲခြင်း၊ ဖြေလျှော့မှုများပြုလုပ်ခြင်းနှင့် ဒီမိုကရေစီအမြစ်တွယ်ခိုင်မာလာခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ဆောင်လျက်ရှိရာ အားသာချက်များကို ပိုမိုအားကောင်းလာစေရန်နှင့် အားနည်းချက်များကို နည်းနိုင်သမျှနည်းနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အတွင်းကဏ္ဍစုံ၌ ဟန်ချက်ညီညီ တိုးတက်မှုရရှိရန်၊ လက်ဝယ်ရရှိပြီးသော တိုးတက်မှုများကို ထိန်းသိမ်းရန်နှင့် ကျန်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ရန်အတွက် ပြည်သူ့သဘောထားများကို ရယူ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိ သည်။

ထိုသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသော်လည်း အချင်းချင်းနားလည်မှု၊ ကိုယ်ချင်းစာနာမှုများဖြင့် ကျော်လွှားနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဆိုပါက ဒီမိုကရေစီအရွေ့တစ်ခုတွင် ဖွံ့ဖြိုးဝေစည်လာမည့် ငွေတောင်ပြည်ကို မကြာမီရောက်ရှိတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။